
www.burmeseclassic.com

နှစ်စဉ်ကြယ်စာပေ

ချောက်ချောက်ချားချား ပရဆန်းကြယ်လုံးချင်းဝတ္ထုသစ်

# သကိမ်းမြယ်ကိုင်

## ကျားဝိညာဉ်ကျိန်စာ



www.burmeseclassic.com

www.burmeseclassic.com

# သက်မင်းဂျူလိုင်

## ကျားဝိညာဉ်ကျိန်စာ


**စီစဉ်သူ** ဦးအောင်ရိုး(မော်လမြိုင်)

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၂၈၁၀၈၀၈

အဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၁၈၈၀၉၀၈

ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ဩဘာလမ်း၊
ကျောက်မြောင်း၊ တာမွေမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်း

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၀၈၊ အောက်တိုဘာ

အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၅၀ ကျပ်

ဖြန့်ချိရေး–ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၇၅-ဘီ၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်
ဖုန်း– ၃၈၉၄၄၀


# သက်မင်းဂျူလိုင်

## ကျားဝိညာဉ်ကျိန်စာ

www.burmeseclassic.com

www.burmeseclassic.com

"ပါဝင်သော အခန်းစဉ်စာစုများ

▲ ——> ကျားဝိဉာဉ်ကျိန်စာနိဒါန်း

အခန်း - (၁) ကျားဝိဉာဉ်၏ . . . သမိုင်းအစ

အခန်း - (၂) ကမ္ဘည်းထိုးတော့မည့် ကျားဝိဉာဉ်နိဒါန်း

အခန်း - (၃) ကျားတစ်ကောင်၏ အနှိုင်းမဲ့မေတ္တာ

အခန်း - (၄) ဝင့်တို့၏သံသရာ . . . သို့မဟုတ် . . .

အခန်း - (၅) ကျားဝိဉာဉ်သန္ဓေ၏ဘဝခရီးအစ

အခန်း - (၆) ဝင့်ကြွမှာမှန်တိုင်းအောက်မှ ကျားဝိဉာဉ်

အခန်း - (၇) မနှင်သာ . . . ပြန်ပါလေဦး

အခန်း - (၈) သံယောဇဉ်စည်းဝိုင်းအပြင်မှ ဥပေက္ခာပုဂ္ဂိုလ်

အခန်း - (၉) ဇင့်နှင့်ကြွမှာ သို့မဟုတ် ကျားဝိဉာဉ်ကျိန်စာ

အခန်း - (၁၀) မေတ္တာ၏ အနှိုင်းမဲ့စွမ်းအား

အခန်း - (၁၁) အသက်ဝင်လာသော ကျားဝိဉာဉ်

အခန်း - (၁၂) အနီရောင်သမိုင်း၏ နိဒါန်းများ

အခန်း - (၁၃) သက်ဝင်လှုပ်ရှားလာသော နိမိတ်တဘောင်များ

အခန်း - (၁၄) အနီရောင်သွေးတို့ စုဝေးဆုံစည်းရာ

အခန်း - (၁၅) ကျားဝိဉာဉ်နှင့် တွေ့ဆုံခြင်း

အခန်း - (၁၆) အနီရောင်စစ်ဆင်ရေး . . . သို့မဟုတ် . . .

အခန်း - (၁၇) ကျားဝိဉာဉ် ကလဲ့စား

အခန်း - (၁၈) ကျားဝိဉာဉ်ကျိန်စာ နိဂုံး . . .

## ကျားဝိဉာဉ်ကျိန်စာနိဒါန်း

လ,ပျောက်နေသည့် . . . သန်းခေါင်ယံည။

မှိတ်တုတ်,မှိတ်တုတ် ကြယ်တချို့သာ တိမ်မည်းညိုတို့အကြားတွင် ထွက်ချည့်,ဝင်ချည်ပြုလျက် . . .။

ကြယ်ရောင်ပျောက်နေသည့် လမိုက်ညဖြစ်သဖြင့် တောင်ညိုတောင်ထက်ရှိ မှန်ကူညီနှောင် ကင်ပေတိုင် ဂျပန်ဌာနချုပ် ယာယီပြုလုပ်ထားသော ဘိုတဲတစ်ဝိုက်တွင် မှောင်နှင့်မည်းသည်းသာ ရှိနေပါချေ၏။

ရံဖန်ရံခါ ဦးတည်ရာမဲ့ ဝေ့ယမ်းတိုက်ခတ်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



လေရှူးကြောင့် အပင်ချင်းယှက်ကာ အခက်ချင်း သွယ်ယှက်နေကြသည့် သစ်ပင်ကြီးငယ်များ ယိမ်းထိုးလှုပ်ယမ်းနေကြသည်မှာ မကောင်းဆိုးဝါး အရိပ်မည်းကောင်ကြီးများ သက်ဝင်လှုပ်ရှားနေကြသည်သို့ . . . ။

သစ်ပင်,သစ်ခက်များ၏ လေတိုးသံ၊ ပွတ်ကျိတ် ညည်းညူသံ၊ ပိုးမွှားစ်ကောင်ငယ်လေးများ၏ တကျည်ကျည် အော်မြည်သံ၊ ရံဖန်ရံခါ တဂီးဂီးအော်မြည်နေသည့် ညငှက်တို့၏ အော်မြည်သံများနှင့် တရှဲရှဲအော်မြည်နေသော မြွေတွန်သံကြီးများကသာ သန်းခေါင်ယံလမိုက်ညကို ကြီးစိုးမင်းမူနေကြပါ၏။

မှန်ကူညီနောင် ဂျပန်ကင်ပေတိုင်ဌာနချုပ်တည်ရှိရာ တောင်ကုန်းတစ်ပိုက်တွင် ထူထပ်သော မြက်ရိုင်းခရာတောကြီးများက နေရာအနှံ့ ဖုံးလွှမ်းနေသဖြင့် မြေအောင်းကြွက်ကြီးများ၏ အစာလုသံ၊ မာန်ဖီသံကြီးများကလည်း တိတ်ဆိတ်စွာ အိပ်မော ကျလျက်ရှိသော သန်းခေါင်ယံညဉ့်ကို ပိုမိုချောက်ချားစေလေသည်လား။

ကင်ပေတိုင်စခန်း ဘိုတဲကြီးအောက်မှာတော့ မီးဖိုတစ်ဖိုနှင့် ဂျပန်စစ်သားနှစ်ဦး ကင်းစောင့်ရင်း ငိုက်မြည်းနေ





ကြသည်။ ညဉ့်ဦးပိုင်းကတည်းက ဖိုထားသည့် ထင်းမီးဖိုသည်ပင် မှိန်ဖျော့ဖျော့နှင့် အလင်းအား လျော့နည်းလျက်ရှိပါပြီ။

ထိုအချိန်တွင် သစ်ပင်ထိပ်ဖျားဆီမှ ရိပ်ခနဲ, ရိပ်ခနဲနှင့် လျင်မြန်စွာ ခုန်ပျံရွေ့လျားနေသည့် မည်းမည်းအရိပ်သဏ္ဍာန်တစ်ခုက ဂျပန်ကင်ပေတိုင်စခန်းရှိရာ ဘိုတဲကြီးဆီသို့ ချဉ်းကပ်လာနေပါသည်။

တစ်ပင်မှတစ်ပင်သို့ ခုံညင်းနွယ်တန်းကြီးများမှတစ်ဆင့် မျောက်တစ်ကောင်နှယ် ကျွမ်းကျင်ပေါ့ပါးစွာ ခုန်ပျံကူးသန်းလာသည့် အရိပ်မည်းသဏ္ဍာန်ရှင်မှာ မကြာမီ ဘိုတဲကြီးအနီးမှ ကညင်ပင်ကြီးတစ်ပင်၏ ခွဆုံထက်သို့ တိတ်ဆိတ်စွာ ရောက်ရှိလာခဲ့ပါလေ၏။

အရိပ်မည်းသဏ္ဍာန်ရှင်၏ မီးကျည်ခဲတမျှ စူးရှ ဝင်းလက်နေသည့် မျက်လုံးအစုံက ညဉ့်အမှောင်ဝယ် ထူးထူးခြားခြားပင် စူးရဲလင်းလက်နေသည်မှာ ကျားရိုင်းတစ်ကောင်၏ မျက်လုံးများနှယ်ပါတည်း . . . ။

ထိုအခိုက် . . .

'ချွတ် . . . ဖရော . . .'



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ကြားလိုက်ရသော ချိုတိုးသံသဲ့သဲ့ကြောင့် ဂျပန်စစ်သားတစ်ယောက် အိပ်မောကျနေရာမှ ဖျတ်ခနဲ လန့်နိုး လာသည်ထင့်။

သေနတ်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ရင်း သူ့ ဝန်းကျင်ရှိ အမှောင်ထုကြီးအတွင်းသို့ ပြူးတူးပြဲတဲနှင့် ကြည့် နေပါ၏။

သို့သော် မီးဖို၏မှိန်ပျပျအလင်းရောင်နောက်ကွယ်ရှိ အမှောင်ထုကြီးထဲတွင် မည်သည့်လှုပ်ရှားမှုကိုမျှ သူ ရှာမတွေ့ရ။

ထူးခြားသော ပုပ်အဲ့အဲ့ ညှီစို့စို့အနံ့အသက်ကိုမူ ညှို လေရှူးအဝှေ့တွင် ရှူရှိုက်မိလိုက်သည်။

“ဟား ... နံလိုက်တာ ပုပ်အဲ့အဲ့နဲ့ ... ဘာနံ့ကြီးလဲ မသိဘူး”

လက်တစ်ဖက်က နှာခေါင်းကို ပိတ်လိုက်ရင်း ထိုင်ရာမှ ထ,ကာ ဟိုဟိုသည်သည် စူးစမ်းသလို ကြည့်နေပါ၏။ သို့သော် မှိန်ပျပျ မီးဖိုမီး အလင်းဖျော့အောက်တွင် ဘာကိုမျှ သဲကွဲစွာ မမြင်ရပါ။

ထိုစဉ် ...





တကျည်ကျည်နှင့် အော်မြည်နေကြသော ပိုးပုရစ် အော် သံများနှင့် ညဉ့်ငှက်ကောင်တို့ အော်မြည်သံများမှာ ရုတ်ခြည်းပင် မီးကို ရေနှင့် ငြိမ်းသတ်လိုက်သကဲ့သို့ တိခနဲ ရပ်သွားကြသည်။

ဝန်းကျင်တစ်ခုလုံး ထူးထူးခြားခြား တိတ်ဆိတ်ငြိမ် သက်သွားသဖြင့် ကင်းစောင့်ဂျပန်စစ်သားမှာ ကြောက်လန့် တကြားဖြင့် ကျန်စစ်သားတစ်ဦးကို သေနတ်ဒင်ဖြင့် ထိုး၍ နှိုးလိုက်သည်။

“ဟင် ... ခူးရကား ... ဘာလဲ ... ဘာဖြစ်လို့လဲ”

“ထ ... ထစမ်း ... စခန်းနားကို ဘာကပ်လာသလဲ မသိဘူး၊ ငါ့စိတ်ထဲ မသင်္ကာလို့ မင်းကို နှိုးလိုက်တာ”

ထို့နောက်မှာတော့ ကင်းစောင့်ဂျပန်စစ်သားနှစ်ယောက် လုံး သေနတ်များကို အသင့်မောင်းတင်ကာ ကပျာကသီနှင့် ဝန်းကျင်အမှောင်ကမ္ဘာကြီးထဲသို့ ကြည့်နေကြပါ၏။

ဟုတ်သည် ...။

တစ်စုံတစ်ရာသည် သူတို့နှစ်ဦးအား ချောင်းမြောင်းကာ ကြည့်ရှုနေသလိုမျိုး ခံစားလိုက်ကြရသည်မို့ ကျောရိုးတစ်လျှောက် အေးစိမ့်သွားကြသည်သို့ ...။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင် ဂျပန်စစ်သားတစ်ယောက်က မိန့်ဖျော့ဖျော့မီးဖိုကို တစ်ချက်မှုကြည့်ကာ အနီးရှိ ထင်းကိုင်ခြောက်အချို့ကို မီးဖိုထဲသို့ ပစ်ထည့်လိုက်သည်။

ထိုအချိန်တွင် ကညင်ပင် ခွဆုံထက်မှ အရိပ်မည်းသဏ္ဍာန်ရှင်သည် မြေပြင်ထက်သို့ ရောက်ရှိနေပါပြီ။ ကျား တစ်ကောင်ကဲ့သို့ ပိရိသေသပ်စွာ ဘိုတဲအနီးသို့ တရွေ့ရွေ့တိုးဝင်လာခဲ့သည်။

ထိုအခိုက် ...

ထင်းမီးရှိန်အားကောင်းလာသဖြင့် မြင်သာ,ထင်သာသည့် မီးရောင်အောက်တွင် အနီရောင် စောင်ကြားတစ်ထည်ကို ရစ်ပတ်ခြုံလွှမ်းထားသော ဂျပန်စစ်သားကို တွေ့မြင်လိုက်ရသဖြင့် သဏ္ဍာန်ရှင်၏ စူးရဲလင်းလက်သော မျက်လုံးအစုံက ပို၍ ဝင်းလက်တောက်ပြောင်လာကြသည်သို့။

အနီရောင်ကို တွေ့မြင်လိုက်ရသည်နှင့် သဏ္ဍာန်ရှင်၏မျက်နှာသွင်ပြင်မှာ ကြမ်းတမ်းခက်ထန်လာပြီး ကျားတစ်ကောင်နှယ် မာန်ဖီညည်းတွားသံကြီးက ညဥ့်အမှောင်ဝယ် ချောက်ချားဖွယ် ပွဲတင်စီးမျောသွားပါလေ၏။





'ဟမ်း ... ဟမ်း'

ရုတ်တရက် နီးကပ်စွာ ကြားလိုက်ရသော အမှောင်ထဲမှ မာန်ဖီညည်းတွားသံကြီးကြောင့် အစောင့်ဂျပန်စစ်သား နှစ်ယောက်တို့မှာ လန့်ဖျပ်တုန်လှုပ်သွားကြပြီး ကြက်သီးမွေးညင်းများပင် ထောင်းခနဲ ထ,လာကြသည်။

"ဟော ... ဟော ... ဘာ ... ဘာသံကြီးလဲဟ"

"သတိထားဟေ့ ... မည်းမည်းမြင်တာနဲ့ပစ်ကွာ"

အနီရောင်ခြုံစောင်နှင့် ဂျပန်စစ်သား၏ သေနတ်ပြောင်းက ဘိုတဲထောင့် တိုင်လုံးအကွယ်တွင် ရပ်နေသည့် မျက်လုံးစိမ်းနှင့် သဏ္ဍာန်ရှင်ဘက်သို့ အလှည့် ...။

မြန်လိုက်သည့်ဖြစ်ခြင်း၊

မျက်စိထဲတွင် အနီရောင်က ဝဲခနဲ လွင့်ပျံလှုပ်ရှားလိုက်သည်နှင့် သဏ္ဍာန်ရှင်က နာကြည်းစွာ ဟစ်အော်လိုက်ရင်း လွှားခနဲ ခုန်အုပ်လိုက်ပါ၏။

'ဝေါင်း .. ဂရား'

"အား"

တိတ်ဆိတ်စွာ အိပ်မောကျနေသည့် သန်းခေါင်ယံ



www.burmeseclassic.com

www.burmeseclassic.com



လမိုက်ညသည် ချောက်ချားစွာ ဟစ်အော်လိုက်သော ဂျပန် စစ်သားခေါင်းအော်ဟစ်သံ၊ ကျားတစ်ကောင်၏ မာန်ဖီဟိန်းဟောက်သံများကြောင့် ကြမ်းတမ်းစွာ နိုးထလာပါတော့သည်။

"ဟာ ... ဘာ ... ဘာကောင်ကြီးလဲ"

'ဒိန်း .. ဒိန်း'

'ဝေါင်း .. ဂရား'

"အား ... အမယ်လေး ... ကျား ... ကျားကြီး"

တစ်ချိန်တည်းမှာပင် ကျွန်စစ်သားတစ်ဦးရှေ့သို့ ကျားကြီးတစ်ကောင် ဝုန်းခနဲ ခုန်ပျံဝင်ရောက်လာသဖြင့် ကြောက်လန့်တကြား ဟစ်အော်ကာ သေနတ်ဖြင့် ထိုးပစ်လိုက်သည်။

သို့သော် ... ထိုဂျပန်စစ်သားခမျာ သေနတ်တခြား လူတခြား လွင့်စဉ်လဲကျသွားပါချေ၏။

ခဏအတွင်းမှာပင် ဂျပန်ကင်ပေတိုင်ဌာနချုပ်ဖြစ်သော ဘိုတဲကြီးတစ်ဝိုက်တွင် ကျားဟိန်းသံ၊ လူအော်သံများနှင့် သေနတ်သံများက ဆူညံစွာ ထွက်ပေါ်လာခဲ့ပါတော့သည်။

'ဝေါင်း .. ဂရား .. ဝေါင်း'

"ဟေး ... စခန်းထဲကို ကျားဝင်လာတယ်ဟေ့"





"ဟာ ... ဟို ... ဟိုမှာ ... ဟိုမှာ၊ ပစ် ... ပစ်ကြစမ်း"

'ဒိန်း .. ဒိန်း .. ဒိန်း'

ဘိုတဲတစ်ဝိုက်တွင် ဂျပန်စစ်သားများ ရှတ်ရှတ်သဲသဲ ဖြစ်သွားကြသည်။

ညဥ့်အချိန်မတော် ဌာနချုပ်စခန်းအတွင်းသို့ ကျားတစ်ကောင် ဝင်ရောက်လာကြောင်း သိသွားကြသဖြင့် ချက်ချင်းပင် မီးမောင်းများ၊ လက်နှိပ်ဓာတ်မီးများ ဖွင့်ကာ ရှာဖွေကြသည်။

"ဟေး ... မီးမောင်းတွေ အကုန်ဖွင့်ကြစမ်း။ စခန်းထဲသို ကျားဝင်လာတယ်၊ မည်းမည်းမြင်ရင် ပစ်ကြစမ်းဟေ့ ... လွတ်စေနဲ့"

ဂျပန်စစ်ဗိုလ်တစ်ဦး ဟစ်အော်အမိန့်ပေးနေစဉ်မှာပင် ညဥ့် ကောင်းကင်တစ်ခုလုံး မည်းမှောင်လာပြီး လျှပ်ရောင်တဝင်း ဝင်းနှင့် ချိန်ခါမဲ့ မိုးသက်လေပြင်းက တဝေါဝေါနှင့် တိုက်ခတ်လာ ကြသည်။

'ဝေါ .. ဝေါ .. ဝေါ .. ဝေါ .. ဝေါ'

တဝေါဝေါနှင့် တိုက်ခတ်လာသော မိုးသက်လေပြင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သစ်ပင်ဝါးပင်ကြီးများ အကိုင်းချင်းပွတ်ကျိတ်သံများ ရိုက်ခတ်သံများကလည်း တဝေါဝေါ တဝုန်းဝုန်းနှင့် ကျားဟိန်းသံကြီးများနှင့်အပြိုင် ထွက်ပေါ်လာပါလေ၏။

ထိုစဉ် ...

လျှပ်ရောင်အလက်၊ မီးရောင်အဝေ့တွင် မြင်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ဂျပန်စစ်သားများ ထိတ်လန့်အံ့ဩသွားကြသည်။

"ဟင် ..."

"ဟာ ...ဘာဂဲရိုး ...ရူးရကား"

မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသော မြင်ကွင်းက သွေးပျက် ချောက်ချားဖွယ်ရာပါတည်း။

အနီရောင် စောင်ကြားတစ်ထည်ကို အငြိုးကြီးစွာဖြင့် တစ်စစီ ဆုတ်ဖြဲကိုက်ဖြဲနေသည့် ကျားလိုလို၊ လူလိုလို ထူးဆန်းသော သတ္တဝါတစ်ကောင်က လဲကျနေသော ဂျပန်စစ်သား၏ ကိုယ်ပေါ်တွင် ကားယားခွလျက် ရပ်နေသည်ကို အံ့ဩစွာ တွေ့မြင်လိုက်ကြရသည်။

သေနတ်များနှင့် ပစ်ခတ်ရန် ထိုးချိန်လိုက်တော့ ဖြ





လည်၍ မှောင်အတိကျသွားသဖြင့် ပစ်ခတ်ခွင့်မရလိုက်တော့။

"ဟေး ...မီးထိုး၊ မီးထိုးပြီး အမြန်ရှာကြစမ်းဟေ့"

"မီးမောင်းတွေ ဒီဘက်ခြမ်းကို လှမ်းပြီးထိုးကြစမ်း"

ဂျပန်စစ်ဗိုလ်၏ အမိန့်ပေးသံအဆုံး၀ယ် ဝင်းခနဲ၊ လက်ခနဲ လင်းလာသည့် မီးမောင်းများ၏ အလင်းရောင်အောက်တွင် လူလိုလို၊ ကျားလိုလို သတ္တဝါလေး မရှိပါလေတော့။

ထိုနေရာတွင် ကြီးမားလှသော ကျားကြီးတစ်ကောင်က အစားထိုးရောက်ရှိနေပြီး ဂျပန်စစ်သားကို ကိုက်ချီထားကာ မီးရောင်ကိုပင် မာန်စောင်၍ ကြည့်နေသည်ကို ထူးခြားစွာ တွေ့မြင်လိုက်ကြရပါတော့သည်။

"ဟာ ...ကျား ...ကျားကြီးဟေ့၊ ပစ် ...ပစ်ကြ"

'ဒိန်း ..ဒိန်း ..ဒိန်း ..ဒိန်း'

'ဝေါင်း ..ဂရား'

ဂျပန်စစ်သားများ ဝိုင်းဝန်းပစ်ခတ်နေကြသည့်ကြားမှ ဂျပန်စစ်သားတစ်ယောက်ကို အမိအရကိုက်ချီကာ ကျားကြီးက အမှောင်ထဲသို့ လွှားခနဲ ခုန်ဝင်ကာ ပျောက်ကွယ်သွားပါလေ၏။

'ဝေါင်း ..ဟမ်း ..ဟမ်း'



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဘိုတဲဝရန်တာထက်ဆီမှ ကျားဟိန်းသံကြီးလိုလို မာန်ဖီသံကြီးတစ်ခု ကြားလိုက်ရသဖြင့် လက်နှိပ်ဓာတ်မီးများ မီးမောင်းများနှင့် ဝိုင်း၍ ထိုးကြည့်ကြသည်။

တွေ့လိုက်ရပါပြီ ...။

မြင်ကွင်းက မယုံကြည်နိုင်ဖွယ်ရာပင်။

ဘိုတဲဝရန်တာထိပ်တွင် မားမားကြီးရပ်လျက် လူလိုလို ကျားလိုလို သတ္တဝါတစ်ကောင်က စူးရှလင်းလက်သော မျက်လုံး အစုံနှင့် ဂျပန်စစ်သားများရှိရာသို့ မာန်ဖီကာကြည့်နေပုံက တကယ့် မကောင်းဆိုးဝါး နာနာဘာဝ မိစ္ဆာတစ်ကောင်နှယ်ပါ တည်း။

"ဟာ ... ဟို ... ဟိုမှာ ... လူ ... လူလား ... ကျားလား"

'ဒိန်း ..ဒိန်း ..ဒိန်း ..ဒိန်း ..ဒိန်း'

ချက်ချင်းပင် ဝရန်တာထက်မှ ထူးဆန်းသော သတ္တဝါ ကောင်ဆီသို့ သေနတ်ရှေးသေနတ်တန်းနှင့် တရစပ် ပစ်ခတ်နေကြသည် မှာ တောင်ညိုတောင်တန်းတစ်ခုလုံး ကမ္ဘာပျက်နေလေသည်သို့ ...။

---

ခု နှစ် စဉ် ကြယ် တာ ဝေ



'ဒိန်း ..ဒိန်း ..ဒက် ..ဒက် ..ဒက် ..ဒက်'

'ဝေါင်း ..ဂရား ..ဂါး'

သို့သော် ...

ဘိုတဲဝရန်တာထက်မှ လွှားခနဲခုန်ဆင်း၍ ထွက်သွား သည်က ကြီးမားထွားကျိုင်းလှသော ကိုးတောင်ကျားကြီး တစ် ကောင် ဖြစ်နေသည်မို့ ဂျပန်စစ်သားများမှာ တုန်လှုပ်ချောက်ချား လျက် ရှိကြပါတော့သည်။

"ဟာ ... ဘယ် ... ဘယ်လိုဖြစ်တာလဲ၊ ကျားကြီးဖြစ် လိုက် ... ဟို ... ဟို ... ကျားလိုလို သတ္တဝါဖြစ်လိုက်နဲ့ ... ဘာတွေလဲ"

"မကောင်းဆိုးဝါးကောင်တွေ ခြောက်နေပြီထင်တယ်"

"ခူးရကား ... ဘာဂဲရိုး ... မကောင်းဆိုးဝါး မလိုချင် ဘူး။ ပစ် ... ပစ်ကြ ... အကုန်လုံး ပစ်သတ်ကြစမ်း"

'ဝေါင်း ..ဂရား ..ဂါး'

ဂျပန်စစ်ဗိုလ်မှာ အရက်မူးမူး၊ ဒေါသမူးမူးနှင့် အော်ဟစ် အမိန့်ပေးနေသည့်တိုင် ကျားဟိန်းသံကြီးများက ဘိုတဲဝန်းကျင် တွင် ဆူညံစွာ မာန်ဖီပွဲတင်လျက်ပင် ရှိပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

''ကျား ... ကျားဝိညာဉ်တွေ ... မကောင်းဆိုးဝါး ကျားဝိညာဉ်တွေ ... အားလုံး ရှာပြီး ပစ် ... ပစ်ကြ ... ပစ်ကြစမ်း''

'ဒိန်း .. ဒိန်း .. ဒိန်း'

မကြာမီ တဝေါဝေါ၊ တဝုန်းဝုန်းနှင့် ဆူညံစွာ တိုက်ခတ်လျက်ရှိသော မိုးသက်လေပြင်းသည် တစ်စတစ်စ လျော့ပါးငြိမ်သက်စ ပြုလာခဲ့ပါပြီ။

ထို့အတူ ဂျပန်ကင်ပေတိုင်ဌာနချုပ်စခန်း ယာယီဖွင့်လှစ်ထားသည့် မုန်ကူညီနောင် ဘိုတဲစခန်းအနီးတစ်ဝိုက်မှ ကျားဟိန်းသံကြီးများမှာလည်း တစ်စတစ်စ တိုးတိမ်ပျောက်ကွယ်သွားပါတော့သည်။

ယခုတော့ စခန်းအတွင်းထိတိုင် အတင့်ရဲစွာ ထိုးဖောက်ဝင်ရောက်လာခဲ့သည့် ကိုးတောင်ကျားကြီးရော၊ လူလိုလို, ကျားလိုလိုနှင့် ကျားဝိညာဉ် မကောင်းဆိုးဝါးသတ္တဝါကောင်လေးပါ နက်ရှိုင်းလှသော တောင်ညို့တောင်၏ လမိုက်ည အမှောင်ထုကြီးအောက်ဝယ် စုတ်စမြုပ်စ ပျောက်ကွယ်သွားခဲ့ပါချေပြီတည်း။

မယုံကြည်နိုင်ဖွယ်ရာ၊ ထူးဆန်းအံ့သြဖွယ်ရာ အဖြစ်





အပျက်များကို လမိုက်ညတစ်ညတွင် မျက်ဝါးထင်ထင် ရင်ဆိုင်ကြုံတွေ့လိုက်ကြရသဖြင့် ဂျပန်စစ်သားများမှာ အကြီးအကျယ် သွေးပျက်ချောက်ချားလျက် ရှိကြပါသည်။

သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ကြသည့်တိုင် မီးရောင်အောက်မှာပင် ပျောက်သွားလိုက်၊ ပေါ်လာလိုက်၊ ကျားကြီးတစ်ကောင်ဖြစ်လိုက်၊ ထူးဆန်းသော လူလိုလို ကျားလိုလို ဖြစ်သွားလိုက် နှင့် မကောင်းဆိုးဝါး ကျားဝိညာဉ်တစ်ကောင်နှယ် အံ့ရှိရပဉ္စလက်ဆန်ဆန် လှုပ်ရှားနေသည့် နာနာဘာဝ ကျားဝိညာဉ်တစ်ကောင်က လမိုက်ည သန်းခေါင်ယံတွင် ဂျပန်စစ်သားများအား အကြီးအကျယ် အနှောင့်အယှက်ပြုကာ ဒုက္ခပေးလျက်ရှိပါချေပြီတည်း ...။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

## ကျားဝိညာဉ်၏ သမိုင်းအစ

နေဝင်တော့မည်။

နေဝင်ပြီဆိုလျှင် မှောင်လာသည်က တောဓါသဘာဝ။ နေလုံးကွယ်ပျောက်သည်နှင့် အမှောင်ထုက တဖြည်းဖြည်း နေရာယူလာ၏။ လုံးဝ မမှောင်မီစပ်ကြား သည်တစ်ည ခိုနား အိပ်စက်ရန် နေရာတစ်နေရာ အောင်မြင်မြင့်မြင့် အမြန်ဆုံး ရှာဖွေမှ ဖြစ်မည်။

မြင်နိုင်သမျှဝန်းကျင်တွင် မှဆိုးမျက်စိနှင့် ဝေ့ဝဲကြည့် လိုက်သည်။ ခပ်လှမ်းလှမ်းရှိ ကမူကုန်းထိပ်တွင် မြင့်မားး၍



www.burmeseclassic.com

www.burmeseclassic.com



အကိုင်းအခက် သိပ်သည်းသော ကညင်ကြီးတစ်ပင်ကို လှမ်းမြင်လိုက်ရသည်။ ပင်စည်က ဖြောင့်တန်းပြီး အကိုင်းအခက်များက သိပ်သည်းထူထပ်လှ၏။

လူနှစ်ရပ်ကျော်ကျော်နေရာလောက်ထိ ဖြောင့်တန်းရှင်းလင်းလျက် အကိုင်းအခက်မရှိ၊ အထက်တွင်လည်း လူတစ်ကိုယ်စာ ကောင်းကောင်းနိုင်သည့် အကိုင်းအခက်များက အသင့်။

အောင်ခြိမ့်က သူ၏လက်စွဲတော် တူမီးသေနတ်ကို အသင့်ကိုင်ရင်းက ကညင်ပင်ကြီး၏ အောက်ခြေတစ်ဝိုက်နှင့် အပင်ပေါ်သို့ တစ်ချက်မျှ ဝေ့ဝဲကြည့်လိုက်သည်။

"အား . . . နေရာကတော့ နေရာကောင်းပဲ၊ ဒီတစ်ည အဖို့တော့ စိတ်ချရတဲ့နေရာတစ်နေရာတော့ ရပြီထင်တယ်"

တစ်နေကုန် တောတိုးလာခဲ့ရသဖြင့် အောင်ခြိမ့် နုံးနေသော်လည်း သတိကို မလစ်စေဘဲ အသင့်အနေအထား ရှိနေ၏။ တူမီးသေနတ်ကို ကျောတွင်လွယ်ပိုးလိုက်သည်။ စစ်ခါးပတ်တွင် ချိတ်ထားသည့် အသွားခြောက်လက်မရှိ နက်ဖက်သွားမြှောင်၊ သောက်ရေဘူး၊ သယ်ပိုးထားသော စစ်လွယ်အိတ်စသည်တို့ကို အသင့်ဖြစ်,မဖြစ် စစ်ဆေးလိုက်ပါ၏။





တစ်ဆက်တည်းပင် မိမိခံစစ်နေရာယူထားသည့် ပကတိအခြေအနေ၊ ပထဝီအနေအထား၊ ကျည်ကွယ်,မျက်ကွယ်စသည်တို့ကိုလည်း စိတ်ထဲမှ လျင်မြန်စွာ တွက်ချက်လိုက်ပြီးမှ ကညင်ပင်ပေါ်သို့ အောင်ခြိမ့် တွယ်တက်လိုက်သည်။

ကညင်ပင်ကြီးမှာ ပေတစ်ရာခန့် မြင့်မားလှသည်။ ကညင်ပင်ကြီးခါးမှ ရစ်ပတ်နေသည့် လူကြီးလက်မောင်းလုံးခန့်ရှိ နွယ်ကြီးကို ဆွဲ၍တက်ရသဖြင့် အဆင်ပြေလှသည်။

အောင်ခြိမ့် အပေါ်သို့ရောက်တော့ လူကြီးတစ်ယောက်ခြေဆန့်လက်ဆန့် ကောင်းကောင်းရသော ခွဆုံတစ်ခုတွင် နေရာယူလိုက်သည်။

သတိဆိုသည်က ပိုသည်မရှိ၊ တောထဲတောင်ထဲတွင် ဘာကိုမှ စိတ်မချရ။ ကိုယ့်မျက်စိကိုပင် ကိုယ်ယုံရသည်မဟုတ်။ ကညင်ပင်ကြီးခွဆုံတွင် မှီချလိုက်ရင်း တစ်နေကုန် ပင်ပန်းခဲ့သမျှကို ဖြေလျှော့ အနားယူလိုက်ပါ၏။

"ပြေးထားစမ်း ကျားမကြီး မြီးတိုရေ . . . ဟောဒီ ရိုးမတောကြီးထဲမှာ နင် ဘယ်လောက်အထိ ပြေးနိုင်မှာလဲဆိုတာ ကြည့်ရသေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်ထဲမှ ကြိမ်းဝါးရွတ်ဆိုလိုက်မိသည်။

ဟုတ်သည်။ ကျားမကြီး မြီးတိုနှင့် ပတ်သက်၍ အော
ငြိမ့်တို့ညီအစ်ကို ဤရိုးမတောကြီးထဲသို့ ဝင်၍ မွှေနှောက်ရှာ
နေကြသည်မှာ ရက်တစ်ပတ်ခန့် ကျော်ခဲ့ပါပြီ။

ပြီးခဲ့သောလပိုင်းမှ စတင်၍ ရိုးမတောင်ခြေမှ ရွာ
တစ်လျှောက် ရဲတင်းစွာဝင်ရောက်၍ သောင်းကျန်းနေသ
ကျားမကြီး မြီးတိုနောက်သို့ ညီအစ်ကိုနှစ်ယောက် လူချင်းခွဲ
ဖွဲ့နပဲကြီးစွာနှင့် တစိုက်မတ်မတ် လိုက်နေကြခြင်းဖြစ်သည်

ပို၍ စိတ်နာကြည်းဖွယ်ရာကောင်းသည်က ပြီးခဲ့သ
ရက်တစ်ပတ်လောက်ကမှ သူ၏ညီ . အောင်စည်၏ ခိုင်းနွား
တစ်ကောင်ကို ကျားမကြီးမြီးတို ဝင်ရောက်ဆွဲသွားခြင်းကြော
လည်း မဆိုးညီနောင်နှစ်ဦးစလုံး ဒေါသူပုန်ထနေကြခြင်း
ဖြစ်ပါ၏။

ကျားမကြီးမြီးတိုသည် တောဘုရင်ကေရာဇ်တို့ စော
ထိန်းရမည့် စည်းမျဉ်းဥပဒေသများကို ကျော်လွှန်ခဲ့ပေပြီ။
လွှန် စည်းကျော်ကာ ရွာစဉ်တစ်လျှောက် ကျူးကျော်ဝင်ရောက်
ကျွဲနွားတိရစ္ဆာန်များကို ကိုက်ချီစားသောက်လျက် တောမှ





စည်းကိုလည်း ဖောက်ခဲ့ပြီ မဟုတ်ပါလား။

အောင်ငြိမ့်က အသင့်ပါလာသည့် ရိက္ခာခြောက်အိတ်ထဲမှ ခေါက်ပုတ်နှစ်ချပ်နှင့် အမဲခြောက်တစ်မြှောင်းကို စား၍ ရေဘူးထဲမှ ရေကို အာဆွတ်ရုံမျှ သောက်လိုက်သည်။

မိုးစုန်းစုန်း ချုပ်သွားခဲ့ပေပြီ။

လတစ်ခြမ်းပဲ့နှင့် ကြယ်မစုံညှ၏ အလင်းရောင်ပျပျအောက်တွင် ရိုးမတောကြီးသည် မောပန်းနွမ်းလျစွာဖြင့် အိပ်မောကျနေသည့်သို့ . . .။ ရံဖန်ရံခါ ဦးခေါင်းထက်မှ ငှက်ဆိုးတို့၏ တကီးကီးအော်သံ၊ တစ်တောင်ကျော်လောက်ဆီမှ ကျားတစ်သံ၊ ညဖက် အစာရှာထွက်ကြသည့် သားကောင်များ၏ တိုးဝှေ့ ပွတ်တိုက်သံများကို အောင်ငြိမ့် ကြားနေရသည်။

တော၏ ပရိယာယ်၊ တော၏ မာယာများက ကျယ်ပြောလှပါဘိ။ တောခြောက်ခြင်း၊ တောမှောက်ခြင်းများကိုလည်း သတိထားနေရသည်။ တောခြောက်သည်ဆိုသည်မှာ တောထဲတောင်ထဲ ရောက်ရှိနေသူတစ်ဦးတစ်ယောက် သို့မဟုတ် အစုအဖွဲ့ထံ လေပြင်းများ တရှုးရှူးတိုက်ခတ်လာသည်သို့၊ ဒီလှိုင်းမှန်တိုင်းများ တစ်ရှိန်ထိုး တက်လာသကဲ့သို့ တစ်တောလုံး။

www.burmeseclassic.com

www.burmeseclassic.com



တစ်တောင်လုံး အုန်းအုန်းကျွက်ကျွက် အော်မြည်သံကြီးများ ထွက်ပေါ်လာခြင်း၊ မိမိတို့ထံ လူအုပ်ကြီးများဖြင့် တဟေးဟေး တဟူးဟူး အော်မြည်ကာ ဝိုင်းရံလာကြခြင်းပင် . . .။

သို့သော် ထိုအသံကြီးများသည့် မိမိတို့အနားသို့ မရောက်မီ တီခနဲ ရပ်သွားကာ ပျောက်ကွယ်တိတ်ဆိတ်သွားကြခြင်းမျိုး ဖြစ်သည်။ လေပြင်းမုန်တိုင်းတိုက်သကဲ့သို့ တဝေါဝေါနှင့် အော်မြည်လာကြသော်လည်း စင်စစ် သစ်ရွက်ကလေး တစ်ရွက်ပင် မလှုပ်။

တောမှောက်သည်ဆိုခြင်းမှာလည်း မုဆိုးအဖွဲ့သားအချင်းချင်း အပြန်အလှန် သားကောင်ထင်မှတ်၍ ပစ်ခတ်ကြခြင်း၊ ပစ်ခတ်ပြီးခါမှ သားကောင်မဟုတ်မှန်းသိ၍ လက်လွန်မိခြင်းမျိုးများ ဖြစ်သည်။ အောင်ခြိမ့်ကတော့ အဖော်မပါ၊ အဖော်အားမကိုး။ ညီအစ်ကိုနှစ်ယောက် စိတ်ကူကိုယ်တူ ရှိကြသည့်တိုင် အရေးကြုံမှသာ နှစ်ကိုယ်ပေါင်းစည်း၍ တောလည်ကြလေ့ရှိသည်။ ယခုလည်း ကျားမကြီးမြီးတိုနောက်သို့ ညီအစ်ကိုနှစ်ယောက် လူချင်းခွဲ၍ လိုက်လံရှာဖွေနေကြခြင်းပင် မဟုတ်ပါလား။





တောင်တစ်လုံးကျော် အကွာအဝေးမှ ကျားတစ်သံသည် တဖြည်းဖြည်း နီးကပ်၍လာသည်။ မှုန်ဝါးဝါးအလင်းရောင်အောက်တွင် အာရုံစူးစိုက်၍ ကြည့်လိုက်သည်။ မြင်ကွင်းကရှင်းနေသည်။ ဘာကိုမျှ မတွေ့ရ။ သို့သော် ကြီးမားသော လူစုလူဝေးနှင့် လှုပ်ရှားသံများလိုလို တရွတ်ဆွဲ ပွတ်တိုက်သံလိုလို အသံများကို တစ်ချက် တစ်ချက် ကြားနေရသလိုရှိသည်။

မျက်စိကိုဖွင့် နားကိုစွင့်လိုက်မိသည်။ တောကြီး တောင်ကြီးထဲ အ,ကာလည့်ဦးအချိန်မတော် ဘာကိုမှ မယုံရ၊ ကိုယ့်ကိုယ်ကိုယ်ပင် မယုံရဟူသော အစဉ်အဆက် မုဆိုးကြီးများ ချမှတ်ထားသည့် ဥပဒေသများကြောင့် စိတ်အစဉ်က လှုပ်ရှားနေပါ၏။

“ဟော . . . ဟို . . . ဟိုမှာ . . . ဘာ . . ဘာကောင်တွေလဲ”

သေချာပြီ။ ကြားလိုက်ရသော အသံရှင်ကို တောကျွမ်းသော မုဆိုးမျက်စိက ရိပ်ခနဲ မြင်တွေ့လိုက်ရပါပြီ။ မည်းမည်းသဏ္ဌာန်ရှင်များ . . . အရွယ်အစားက အမျိုးမျိုး။ သို့သော် အမြင်အာရုံက မရှင်းသေး။



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တ မျက်စိကို စုံမှိတ်ချလိုက်ပြီး နားအာရုံနှင့် ခံစားကြည့်လိုက်သည်။ လှုပ်လှုပ်ရှရှအသံများကြောင့် မျက်စိကိုဖွင့်၍ ကြယ်ရောင်ဝိုးတဝါးအားကိုးနှင့် ကြည့်လိုက်သည်။

"အား ... လူ ... လူအုပ်ကြီး ... မနည်းမနောပါ လားဟေ့ ... ဘုရား ... ဘုရား"

အောင်ခြိမ့်တစ်ယောက် မှုန်ဝါးဝါးကြယ်ရောင်လရောင် အောက်တွင် ရုတ်တရက် မြင်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ထိတ်ခနဲပင် တုန်လှုပ်သွားမိပါတော့သည်။

ဓားရောင် လှံရောင်များက အမှောင်ထဲမှာပင် ပြိုးခနဲ ပျက်ခနဲ။

မြင်တွေ့နေရသည့် မြင်ကွင်းကို မယုံကြည်နိုင်လောက် အောင်ပင် ပါးစပ်အဟောင်းသားနှင့် ငေးမောကြည့်နေမိသည်။ သို့သော် မြင်တွေ့နေရသည်က အမှန်။

မကြာမီ ကညင်ပင်ကြီးကို ဝိုင်းရံထားသော များပြားလှ သည့် လူအုပ်ကြီးထဲမှ ထွန်းညှိလိုက်သည့် မီးတုတ်များက တစ်စ၊ သည်တစ်စမှသည် တစ်တောလုံး လင်းထိန်သွားကြ တော့သည်။





"ဟာ ... ဘာ ... ဘာတွေလဲဟ ... ကျေနွတော့ ငါ့ကို တော ... တောချောက်ပြီထင်တယ်"

လင်းထိန်သွားသည့် မြင်ကွင်းအောက်မှာတော့ အောင်ခြိမ့်အဖို့ တစ်သက်မမေ့နိုင်သည့် များပြားလှစွာသော ရှေးခေတ် စစ်သည်ရဲမက်များ၊ မောက်တို့မောက်ရှည်ဝတ်၊ ဓားလှံလေး မြားများ ကိုင်စွဲထားသည့် ရဲမက်များ၊ မြင်းစီး ဆင်စီး ရဲမက် ဘော်များကို တွေ့မြင်လိုက်ရပါလေ၏။

လူ၊ မြင်း၊ ဆင်များ ထောင်သောင်းရှိသော်လည်း စိုးစဉ်း ယ်မျှ အသံမထွက် ... တိတ်ဆိတ်ခြင်းက အပြည့်။

အားလုံးသော ရဲမက်စစ်သည်များ၏ အကြည့်က ကညင်ပင်ထက်ရှိ အောင်ခြိမ့်ထံသို့ စူးစူးဝါးဝါးနှင့် မော့ကြည့် လျက်။ အောင်ခြိမ့်ကလည်း အဆင်သင့်ပင်။

တော၏အခြေအနေ ထူးခြားပြီဟု သိလိုက်သည်နှင့် လက်စွဲတော် တူမီးသေနတ်ကို အသင့်ကိုင်စွဲပြီးသား ...။

ကညင်ပင် ခွဆုံထက်တွင် ဒူးထောက်လျက် တူမီး သေနတ်ဒင်ကို ပခုံးတွင်မှေး၍ ထောက်လိုက်သည်။ ညာလက် ညှိုးက မောင်းဖြုတ်မည့်ခလုတ်ကို အသာထိန်း၊ ဘယ်မျက်စိကို



www.burmeseclassic.com

www.burmeseclassic.com



မိုတ်၊ ညာမျက်စိနှင့် ရှေ့ချိန်သီးကို တဖြောင့်တည်းကျအောင် ချိန်ရင်း ပစ်ခတ်ရမည့်ပစ်မှတ်ကို တစ်ခုချင်းလိုက်၍ ချိန်ရွယ်နေမိသည်။

လေးလံစီးပိုးလှသည့် သေနတ်ဒင်နှင့် ပခုံး၏ အထိအတွေ့ကြောင့် အောင်ခြိမ့် ပို၍အားတက်လာမိသည်။ အတွေ့အကြုံများလှပြီဖြစ်သည့် တောမုဆိုးတစ်ဦးကို ရိုးမ၏ တောပရိယာယ်က မာယာနှင့် ဖြားယောင်းသွေးဆောင်ကာ ခြောက်လှန့်နေလေပြီလား။

ထိုအချိန်တွင် တံပိုးခရာသံများ၊ မောင်းသံတဒူဒူများကြောင့် အောင်ခြိမ့်မှာ ရှေ့မြင်ကွင်းကို ပို၍ စူးစူးစိုက်စိုက်ကြည့်လိုက်ပါ၏။ စစ်သည်ရဲမက်များ၊ မြင်းသည်တော်၊ ဆင်သည်တော်များ အသံစိုးစဉ်းမျှမထွက်ဘဲ ဘေးတစ်ဖက်တစ်ချက်သို့ လမ်းရှင်းပေးလိုက်ကြသဖြင့် အလယ်အူကြောင်းလမ်းသည် ထင်ထင်ရှားရှားကြီး ပေါ်လာခဲ့ပါသည်။

"ကိုင်း ... လာချင်တဲ့အကောင် လာခဲ့ကြစမ်း"

အောင်ခြိမ့် စိတ်ထဲမှ ဟစ်အော်ကြုံးဝါးရင်း ညာလက်ညှိုးကို သေနတ်ခလုတ်ပေါ်သို့ ခပ်ဖိဖိလေး အားစိုက်ထား





ကိုက်သည်။ မျှော်လင့်နေသည့် အဓိကပစ်မှတ်သည် တလိမ့်လိမ့်နှင့် လာနေပါချေပြီကော။

လမ်းရှင်းပေးလိုက်သည့် အလယ်အူကြောင်းလမ်းကျောအတိုင်း ဆင်ဖြူတော်ကြီးတစ်ကောင်ကို စီးနင်းလျက် တည်ငြိမ်နေသားသော ရုပ်ရည်နှင့် မင်းမြောက်တန်ဆာငါးပါးကို ဝတ်ဆင်ထားသည့် ရှင်ဘုရင်တစ်ပါး ...။

ဆင်ကျောပေါ်ရှိ ပုခက်ထက်မှ သံလျက်ကို ကိုင်စွဲလျက် ဆင်ဖြူတော်ကြီးက အောင်ခြိမ့် ခိုအောင်းရာ ကညင်ပင်ကြီးဆီသို့ တစ်လှမ်းချင်း လှမ်းဝင်လာလျက်ရှိပါပြီ။

ကညင်ပင်အောက် တည့်တည့်သို့ရောက်သည်နှင့် ဆင်တော်ထက်မှ ရှင်ဘုရင်ကြီးက သံလျက်တော်ကို ကိုင်မြှောက်လျက် အောင်ခြိမ့်ထံ ဟစ်အော်မေးမြန်းလိုက်ပါ၏။

"ဟဲ့ ... မောင်မင်း ... ပိုင်စိုးပိုင်နင်းနဲ့ ငါကိုယ်တော်ရဲ့ မဟာမြိုင်ဥယျာဉ်တောကြီးထဲကို ဘယ်အတွက်ကြောင့် ကျူးကျော်ဝင်ရောက်လာရပါသနည်း ...။

ငါ ဘုရင်မင်းမြတ် မေးမြန်းတာကို မှန်မှန်ကန်ကန် ဖြေပါလော့"



www.burmeseclassic.com

www.burmeseclassic.com



အောင်ခြိမ့်၏ မျက်လုံးအစုံက ယခုအချိန်တွင် ဆင်ဖြူ တော်ထက်မှ ဘုရင်ကြီးဆီသို့သာ သတိမလပ်နှင့် ကြည့်ရှုနေပါ၏။ သူ၏ စိတ်အစဉ်သည် တုန်လှုပ်ခြင်း၊ ပျံ့လွင့်ခြင်းမရှိ တည်ငြိမ်အေးဆေးစွာဖြင့်ပင် သူ၏ပစ်မှတ်ကို မရွေ့မဖယ် ချိန်ရွယ်ထားဆဲပါတည်း။

“သယ် . . . သည်ရာဇဝတ်သား လူစိမ်းကောင်ဟာ ငါမေးတာကို မဖြေဘဲ မလေးမစားနဲ့ ပမာမခန့် ဝံ့စားရဲတယ် ဟဲ့ . . . လေးသည်တော်တွေအားလုံး . . . အသင့်ပြင်စမ်း”

ဘုရင်ကြီး၏ ဒေါသမျက်မာန်ရှသံနှင့်အတူ လေးသည် တော်များက အောင်ခြိမ့်ဆီသို့ ဝိုင်း၍ ချိန်ရွယ်လိုက်ကြပါတော့ သည်။

ပြောင်းလဲသွားသော အခြေအနေကြောင့် အောင်ခြိမ့် ဆုံးဖြတ်ချက်တစ်ခုကို လျင်မြန်စွာ ချလိုက်ပါ၏။ ထိုဆုံးဖြတ် ချက်နှင့်အတူ အဓိကပစ်မှတ်ဖြစ်သည့် ဘုရင်ကြီးအား ပိုင်ပိုင် နိုင်နိုင် ချိန်ရွယ်လိုက်သည်။

ပစ်မှတ်သည် ဆင်ဖြူတော်ထက်မှ ဘုရင်ကြီး၏ မျက် လုံးနှစ်လုံးကြားတည့်တည့်။

ခု နှစ် စဉ် ကြယ် တ ပေ



ဘုရင်ကြီးသည် တစ်စုံတစ်ရာ အမိန့်ပေးရန် ပါးစပ်ကို ဟလိုက်သည်နှင့် အောင်ခြိမ့်က အသက်ကို မျှင်း၍ မောင်းထိန်း ခလုတ်ကို ဖြုတ်ချလိုက်ပါတော့သည်။

‘ဒိန်း’ . . . “အား . . .”

ကျယ်လောင်စွာ ထွက်ပေါ်လာသော သေနတ်သံ၊ အား ခနဲ ရှူးရှူးဝါးဝါး ဟစ်အော်လိုက်သည့် ဘုရင်ကြီး၏ အော်သံကြီး များက တစ်တောလုံး၊ တစ်တောင်လုံး ပွဲတင်ထပ်သွားပါလေ၏။

ဘုရင်ကြီးကိုယ်တိုင်လည်း နားကျင်စွာ ဟစ်အော်ရင်း ဆင်ပေါ်မှ အရုပ်ကြိုးပြတ် လွင့်စဉ်ကျသွားပါတော့သည်။

တစ်ချိန်တည်းမှာပင် ရိုးမတောကြီးသည် ပကတိ တိတ် ဆိတ်သွားပါချေ၏။ မီးရောင်အားလုံး ရုတ်ခြည်းကွယ်ပျောက် သွားပြီး များစွာသော လူသူဆင်မြင်းဗိုလ်ပါများသည်လည်း တစ် ကောင်တစ်မြီးမျှ မရှိကြပါလေတော့။

ဝန်းကျင်တစ်ခုလုံး အမှောင်ထုကြီးကသာ ကြီးစိုး၍ ကျန်ခဲ့ပါတော့သည်။ အချိန်တို့က တရွေ့ရွေ့နှင့် ကုန်ဆုံးလာ သည်။ မကြာမီ အရှေ့ဆီမှ အရုဏ်ဦးနှင့်အတူ နံနက်ခင်း၏ နေခြည်နွေးနွေးသည် ရိုးမတောကြီး၏ သစ်ခက်သစ်ရွက်များကို

ခု နှစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



ထွင်းဖောက်ကာ ဖြန့်ကျက်ကျဆင်းလာပါ၏။ အောင်မြိမ့် နီးထ
လာခဲ့သည်။ ခရီးဆက်ရဦးမည်မို့ ကညင်ပင်ကြီးထက်မှ ဆင်း
လာခဲ့သည်။

ကညင်ပင်အောက်ရှိ ဝန်းကျင်ဘေးဝဲယာတစ်ဝိုက်ကို
အကဲခတ်ကြည့်လိုက်သည်။ ဖြစ်သင့်သည်မှာ ညက အဖြစ်
အပျက်ကြောင့် များစွာသော လူသူဆင်မြင်းမိုလ်ပါတို့ကြောင့်
သစ်ပင်ချုံနွယ် မြက်ရိုင်းပင်တို့မှာ ကျိုးပြတ်လွင့်စဉ်၍ ထောင်းလ
မောင်းကြေနေရပေမည်။

ယခုမူ ဘာတစ်ခုမှ အပြောင်းအလဲမရှိ။ ယုတ်စွအဆုံး
မြက်ပင်အကျိုးအကြေလေး တစ်မျှင်မျှပင် မတွေ့ပါ။ တစ်ခုတော့
သေချာသည်။ ညဦးက သူကိုယ်တိုင် မျက်ဝါးထင်ထင် ကြုံတွေ့ခဲ့
ရသော အဖြစ်သည် လုံးဝအိပ်မက်မဟုတ်။

အောင်မြိမ့် တစ်စုံတစ်ရာကို သတိရ၍ အနီးနားတစ်
ဝိုက်တွင် အတန်ကြာမျှ ရှာကြည့်လိုက်သည်။

"ဟော ... ဟို ... ဟိုမှာ ပုတ်သင်ညိုကြီးတစ်
ကောင်"

တွေ့လိုက်ရပါပြီ။ ကညင်ပင်ကြီးနှင့် ဝါးတစ်ရိုက်ခန့်ရှိ





...ထွင်ထက်ဝယ် သေနတ်ဒဏ်ရာဖြင့် ခေါင်းပြတ်လျက်ရှိသည့်
...သံရဲရဲနှင့် ပုတ်သင်ညိုအကြီးစားကြီးတစ်ကောင်။

အောင်မြိမ့်က ခေါင်းမရှိတော့သည့် ပုတ်သင်ညို အသေ
...ကောင်ကြီးကို သေနတ်ပြောင်းနှင့် ထိုးကော်ပစ်လိုက်ရင်း ရှေ့ခရီး
... ဆက်သွားပါတော့သည်။

ကျားမကြီးမြီးတိုကို မတွေ့မချင်း ရိုးမတောကြီးထဲတွင်
...ကုန်းဝင်၊ တစ်တောင်ဘက်၊ တစ်တောင်ကျော်၊ တစ်ကွေ့
...၍ ချုံနွယ်ပိတ်ပေါင်းတို့ကို လျှိုးကာ ခရီးဆက်ရပေဦးမည်
...တ်ပါလား။

တောခြောက်ခြင်း ပရိယာယ်အသွယ်သွယ်နှင့် တော၏
...ယာပဥ္စလက်တို့ကား လွန်စွာမှ ထူးဆန်းအံ့သြဖွယ်ရာများနှင့်
...တကား ...။

❀ ☼ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

### ကမ္ဘည်းထိုးတော့မည့် ... ကျားဝိညာဉ်နိမိတ်ဖါန်း

ညီအစ်ကိုနှစ်ဦး ဆုံမှတ်အဖြစ် ချိန်းဆိုထားကြသည့် ပင်သေချောင်းဖျားထိပ်မှ ရေတံခွန်စခန်းသို့ ရောက်လာခဲ့သည့်တိုင် သူတို့၏ ပစ်မှတ်ဖြစ်သော ကျားမကြီးမြီးတိုက ပျောက်ကျော်သား ကောင်းလောက်အောင်ပင် ခြေရာဖျောက်လျက်ရှိပါသည်။

အဖော်ကွဲနေဟန်တူသည့် အောင်လောင်ငှက်ကြီး တစ်ကောင်က အစာဝနေ၍လား မသိ ... ကျွန်းပင်ခြောက်ကြီး တစ်ပင်၏ သစ်ကိုင်းထက်တွင် ငြိမ်ချက်သားကောင်းနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



တော၏အရောင်၊ တောင်၏အရိပ်တို့နှင့် ရောကာ ကို ရောင်ဖျော့ကွယ်လျက် တောတိုးနေကြသည့် မုဆိုးညီနော နှစ်ဦးဖြစ်သော အောင်မြိမ့်နှင့် အောင်စည်တို့က လျှိုကြီးတ အတိုင်း တိတ်ဆိတ်စွာ တောတိုးနေကြသည်။

"သေချာရဲ့လား အောင်စည်"

အောင်မြိမ့်၏ အမေးစကားကို ညီဖြစ်သူ အောင်စည် ချက်ချင်း မဖြေသေး။ ရှေ့အကွယ် ဝါးရုံတောဆီသို့ အကြည့် ကို ပို့လွှတ်လိုက်သည်။ ပြီးမှ ...

"သေချာတယ် အစ်ကို ... ဟောဒီလျှိုစပ်နား မြီးတိုရဲ့ခြေရာတွေကို တွေ့ရပြီး ပျောက်သွားခဲ့တာ နှစ်ရ လောက် ရှိသွားပြီ"

တစ်နေ့က အောင်စည်နှင့် ဆုံကြတော့ ကျားမကြီး နှင့်ပတ်သက်သော သတင်းထူးကို ရရှိခဲ့သဖြင့် ဤလျှို အတွင်းသို့ တိုးဝင်မွှေနှောက်၍ ရှာဖွေနေကြခြင်းဖြစ်သည်

တောသည် သည်နေ့မှ ထူးထူးခြားခြား ချောက်ချား ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေပါ၏။ ထူးခြား ငြိမ်သက်နေသည့် ရှုံးမတောကြီးကို အောင်မြိမ့် မနှစ်မြို့စွာ





ညီဖြစ်သူ အောင်စည်အား တိုးတိတ်စွာ သတိပေးလိုက် သည်။

"အောင်စည် ... သတိထားစမ်း၊ တောက သိပ်ပြီး ငြိမ်လွန်းအားကြီးနေတယ်၊ ငါ သိပ်ပြီးသဘောမတွေ့ဘူးကွဲ့"

"ဒီအတိုင်းဆိုရင် ဟောဒီလျှိုကြီးထဲမှာ မြီးတိုကြီးရှိနိုင် သယ်ကွ၊ ဒီတော့ မင်းက ဟောဟိုကမ်းပါးပြတ်ကနေ ပတ်တက် ပြီး ဟိုဘက်လျှိုထိပ်ကနေ ဝင်လာခဲ့၊ ငါက ဒီလျှိုချိုင့်လမ်းကျော အတိုင်း တက်လာခဲ့မယ် ... သတိလည်း ထားဦး"

"စိတ်ချ အစ်ကို ... ငါ့ရဲ့ နိုင်းနွားကြီးကို စားသွားတဲ့ မြီးတိုမရေ ... ဒီနေ့ဟာ ဒင်းရဲ့ နောက်ဆုံးနေ့ပဲဟေ့"

အောင်စည်၏ နာကြည်းတိုးတိတ်စွာ ကြိမ်းဝါးလိုက် သံကြီးက ဆင်သေမြောင်လျှိုကြီးအတွင်းဝယ် စီးမျောသွားပါ လေ၏။

လျှိုကြီးပေါ်မှ ကမ်းပါးပြတ်ပေါ်သို့ရောက်တော့ အောင် စည် ... သူ၏ တူမီးသေနတ်ကို အသင့်ကိုင်လျက် သတိနှင့် လျှောက်လာခဲ့သည်။

ထိုစဉ် လေအသင့်ဝယ် စီးမျောဝေ့ဝဲလာသည့် ဆုပ်အက်



www.burmeseclassic.com

www.burmeseclassic.com



အက်အန့်လိုလို ညှီစို့စို့အနံ့အသက်ကို ခံစားလိုက်ရသဖြင့် ...ခဲ့ ဖြစ်သွားပါ၏။

"ဟင် ... ဒါ ... ဒါ ညှီစို့စို့နဲ့ ... ဘာနံ့တွေပါလိမ့်"

လက်ထဲမှ တူမီးသေနတ်ကို အသင့်အနေအထားဖြင့် ကိုင်တွယ်၍ တစ်ဖက်လှို့ထိပ်သို့ မဆိုးမျက်စိကို ရှင်ရှင်ထား... အောင်စည် တက်လာခဲ့သည်။

ထိုအခိုက် လေမတိုက်ပါဘဲနှင့် မြက်ရိုင်းပင်ရှည်ကြီး တချို့ ယိမ်းနွဲ့လှုပ်ခတ်သွားကြသည်။ အောင်စည်၏ မှ... မျက်စိ၊ မဆိုးလက်တို့က ထိုနေရာသို့ ဖျတ်ခနဲ ထိုးချိန်လိုက် သည်တွင် ...

"ဟင် ..."

မြက်ရိုင်းပင်ငယ်များကြားမှ အဝါနှင့် အနက်စင်း ကျား... တစ်ကောင် ရိပ်ခနဲပြေးအထွက် ...

'ဒိုန်း'

'ဝေါင်း .. ဂရား'

ကျယ်လောင်စွာ ပေါက်ကွဲထွက်လာသော တူမီးသေ... နတ်သံကြီးနှင့်အတူ အဝါနှင့်အနက်စင်းကြား ကျားပေါက်စလေး...





...တစ်ကောင် လေထဲတွင် လွင့်စဉ်မြောက်တက်သွားပါသည်။

ဂျပ်ခုတ်အနီရောင်ဝတ်စုံနှင့် အောင်စည်မှာ သေနတ်ထိ...သွားသော ကျားပေါက်စလေးထံ ဝမ်းသာအားရနှင့် ပြေး...ထွက်-

'ဝေါင်း .. ဂရား'

တစ်ဖက်လှို့ထိပ်ဆီမှ ဒရယ်အသေကောင်တစ်ကောင် ...ကို ကိုက်ချီလာသည့် ကျားမကြီးမှာ ဒရယ်ကောင်ကို ချကာ ...အောင်စည်၏ အနီရောင်ခန္ဓာကိုယ်ကြီးပေါ်သို့ ဒေါသတကြီးနှင့် ...ခုန်အုပ်လိုက်ပါတော့သည်။

"အား ..."

ရုတ်တရက်မို့ အောင်စည် ရှောင်တိမ်းချိန်မရတော့ဘဲ ...သေနတ်တခြား၊ လူတခြား ဖြစ်သွားချိန်မှာတော့ သူ၏သေမင်း...ကို အနီးကပ်တွေ့လိုက်ရပါတော့သည်။

"ဟာ .. အား ... မြီး ... မြီးတိုမ .. အ .. အား"

ထိုနောက်မှာတော့ ချွန်မြဝါကျင်သော အစွယ်ကြီးများ...နှင့် လက်သည်းရှည်ကြီးများအောက်တွင် အနီရောင် ဂျပ်ခုတ်...ဝတ်စုံနှင့် အောင်စည်တစ်ယောက် ငြိမ်သက်သွားပါရှာတော့



www.burmeseclassic.com

www.burmeseclassic.com



သည်တကား။

'ဝေါင်း ..ဂရား ..ဝေါင်း ..'

အမြီးတစ်ဝက်ခန့် ပြတ်နေသည့် ကျားမကြီးမြီးတိုက သူ၏ရင်သွေး ကျားပေါက်စလေးကို ရက်ရက်စက်စက် သတ် ဖြတ်ပစ်လိုက်သည့် အနီရောင်ဝတ်စုံအား အပိုင်းပိုင်းအပြတ်ပြတ် ဖြစ်အောင် ဒေါသအငြိုးအတေးကြီးစွာဖြင့် ကိုက်ဖြတ်ဆွဲဆုတ် ပစ်နေပါတော့သည်။ ပတ်ဝန်းကျင်တစ်ခုလုံး အနီရောင်အပိုင်း အစများနှင့် အနီရောင်သွေးပင်လယ်တို့က စွန်းထင်းပြန့်ကျဲ လျက် ...။

'ဝေါင်း ..ဂရား ..ဝေါင်း'

ထို့နောက် နာကြည်းစွာ ဟစ်အော်လိုက်သည့် ကျား ကြီး မြီးတို၏ ဝမ်းခေါင်းသံနှင့် အော်ဟစ်လိုက်သံကြီးက ရိုး တောကြီး တစ်ခုလုံး မြည်ဟီးပဲ့တင်ညံသွားပါချေပြီတည်း။

❀ ❀ ❀



အခန်း (၃)

## ကျားတစ်ကောင်၏ အနိုင်းမဲ့မေတ္တာ

ဒိန်း... ခနဲ ထွက်ပေါ်လာသည့် သေနတ်သံတစ်ချက် နှင့်အတူ အော်ဟစ်သံသဲ့သဲ့ကို တစ်ဖက်လျှိုထိပ်ဆီမှ ကြား လိုက်ရသဖြင့် အောင်ခြိမ့်ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။

"ဘုရား ... ဘုရား ... ကျားကြီးနဲ့ အောင်စည်တော့ ရင်ဆိုင်တိုးကြပြီ ထင်တယ်"

သေနတ်သံနှင့် အော်ဟစ်သံသဲ့သဲ့က အောင်စည် တက် သွားသည့် တစ်ဖက်လျှိုထိပ်ကမ်းပါးပြတ်ပေါ်မှ ထွက်ပေါ်လာ သည်မို့ ညီငယ်အတွက် စိုးရိမ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တောင်ကမ်းပြတ် လှိုဏ်ထိပ်ဘက်ဆီသို့ ခပ်သွက်သွက်ပင် အောင်မြင့် တိုးဝင်လာခဲ့သည်။

'ဝေါင်း ‥ ဂရား'

ထိုစဉ်မှာပင် တစ်စုံတစ်ရာကို နာနာကြည်းကြည်း ဖြစ်ကာ ဟစ်အော်လိုက်သည့် ကျားဟိန်းသံကြီးကြောင့် အောင်မြင့်မှာပင် ထိတ်လန့်တကြား ဖြစ်သွားသည်။

"ဟင် …ကျားဟိန်းသံကြီးက တစ်မျိုးကြီးပါလား ကြောက်တော့ အောင်စည် ဒုက္ခတွေ့နေပြီထင်တယ်"

ခပ်သွက်သွက်လှမ်းနေသည့် ခြေလှမ်းများကို အောင်မြင့် ရုတ်တရက် ရပ်ပစ်လိုက်သည်။ အန္တရာယ်ဟူသော အသိက အောင်မြင့်၏ မှဆိုးသတိကို တပ်လှန့်၍ အသိပေးနေပါပြီကော။

ခြေအချက်ကို အသာဖွလျက် လှိုဏ်တစ်ဖက်ထိပ်ဆီသို့ တရွေ့ရွေ့ တိုးဝင်လာ၏။ အသည်းခိုက်မျှ အေးစိမ့်နေသည့် ရိုးမတောကြီး၏ ဆင်သေမြောင်လှိုဏ်ကြီးထဲဝယ် အောင်မြင့် တစ်ယောက် ချွေးစေးများပင် ပြန်လျက်ရှိပါသည်။

တစ်ချိန်တည်းမှာပင် ဆင်သေကုန်းရွာတွင် ကျန်ရစ်ခဲ့သည့် မွေးဖွားလုဆဲဆဲ ဇနီးသည်ထံသို့ အောင်မြင့်၏စိတ်တို့က





ပျံ့လွင့်သွားပြန်ပါ၏။

မတည်ငြိမ်သော နင်းကြမ်းဘဝနှင့် ရှန်းကန်လှုပ်ရှားနေရသော ဘဝအစိတ်အပိုင်းများ၊ ဖျော့တော့သောမျက်နှာနှင့် အားငယ်ညှိုးနွမ်းစွာ ကျန်ရစ်ခဲ့ရှာသော နွေစေ့လစေ့ ဇနီးသည်၊ လိုအပ်ချက်များစွာနှင့် ဖာထေးရင်း ကူးခတ်နေရသော ဝမ်းသမုဒ္ဒရာ အူအင်္ဂါ …။ အောင်မြင့် သက်ပြင်းငွေ့ငွေ့ကို မသက်သာနှင့် ချလိုက်ပါ၏။

ထိုစဉ် ပျံ့လွင့်နေသော စိတ်အာရုံကို လှုပ်နှိုးလိုက်သော ကိုးတိတ်သည့် အသံတစ်ခုက အောင်မြင့်၏အကြားအာရုံကို လှုပ်ခတ်လာ၏။

ချွတ်ခနဲမြည်သံသဲ့သဲ့နှင့်အတူ လှိုဏ်ထိပ်ရှိ မြက်ရိုင်းပင်တချို့ လေမတိုက်ရဘဲ ယမ်းခါသွားကြသည်။ ချက်ချင်းပင် အောင်မြင့်မှာ ထောက်ကြံ့ပင်ကြီးတစ်ပင်နောက်သို့ ကိုယ်ယောင်ချောက်ကွယ်လိုက်သည်။

"ဟော …"

တွေ့လိုက်ရပါပြီ။ လှုပ်ယမ်းသွားသည့် မြက်ရိုင်းပင်များကြားမှ ဝင်းဝင်းလက်လက် မျက်လုံးကြီး နှစ်လုံး၊ အဝါစင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

အနက်စင်းများ အကန့်လိုက်နှင့် မြက်ရိုင်းပင်ကြားမှ တိုးထွက်လာသည့် တောကောင်ကြီးတစ်ကောင်။

ဒရယ်ပေါက်လေးတစ်ကောင်ကို ကိုက်ချီလျက် အောင်ခြိမ့် နိအောင်းရာ ထောက်ကြံ့ပင်ကြီးဘက်သို့ တည့်တည့်ကြီး တိုးဝင်လာနေပါချေပြီကော ...။

အောင်ခြိမ့်က ထောက်ကြံ့ပင်ကြီးကို ကွယ်လျက် သေနတ်ကို ကျိတ်၍ မောင်းထိုးလိုက်သည်။

'ကလစ်'

ရုတ်တရက် ထွက်ပေါ်လာသည့် 'ကလစ်' ဟူသော မောင်းတင်သံသဲ့သဲ့ကြောင့်ထင့် ကျားမကြီး တုံ့ခနဲ ရပ်တန့်သွားပါ၏။ ပါးကျစ်နေသည့် မြီးတိုကြီးက သူ့အပေါ် ကျရောက်လာတော့မည့် အန္တရာယ်ကို ရိပ်စားမိသွားသည်ထင့် ...။

သူ၏ ပါးစပ်ထဲမှ အစာကိုချကာ ကျယ်လောင်စွာဖြင့် မာန်သွင်းလိုက်သည်။ ထိုစဉ်မှာပင် ကျားမကြီးက ထောက်ကြံ့ပင်အကွယ်မှ အောင်ခြိမ့်၏ အနီရောင်ဝတ်စုံတစ်ပိုင်းတစ်စကို တွေ့မြင်သွားပါပေပြီ။

'ဟမ်း ..ဂရား ..'





အောင်ခြိမ့်ကလည်း တူမီးသေနတ်နှင့် ကျားမကြီးမြီးတိုကို ပစ်ခတ်ရန်အသင့်။

တစ်ချိန်တည်းမှာပင် ကျားမကြီးက မာန်သွင်းသံတစ်ချက်နှင့်အတူ အောင်ခြိမ့်ထံ တစ်ရှိန်ထိုး ခုန်အုပ်လိုက်သည်။

'ဒိန်း'

'ဝေါင်း ..ဂရား'

အောင်ခြိမ့်၏ ပစ်ချက်ကလည်း လေထဲမှ ကျားမကြီး၏ …စ်မှတ်ကို တိုက်ရိုက်ထိမှန်သွားခဲ့သည်မို့ ကျားမကြီးက …ကြည်းစွာ တစ်ချက်မျှ အော်မြည်ရင်း မြေပြင်ထက်သို့ ဗုန်းခနဲ …ကျသွားပါတော့သည်။

စူးစူးရှရှ နာနာကြည်းကြည်း ဟစ်အော်လိုက်သည့် …ားမကြီး၏ ဟစ်အော်သံကြီးက ရိုးမတောကြီးတစ်ခုလုံးကို …က်သွက်ခါမျှ လှုပ်ယမ်းသွားပါလေ၏။

'ဂရား ...'

ကျားမကြီး၏ လဲကျရာတစ်ဝိုက်ရှိ မြက်ရိုင်းပင်တို့ …ည်ပင် သွေးခြင်းခြင်းနီလျက် ...။

'ဝေါင်း ..ဂရား'



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျားမကြီးက တစ်ချက်မာန်ဖီ၍ ကုန်း၍ထလာသည်။ ကျားမကြီး၏ ခါးလျားရှည်ကြီးက ချည့်နဲ့တုန်ယင်စွာဖြင့် တဆတ်ဆတ် ခါယမ်းလျက် ...။

ခြေလက်လေးဖက်စလုံး မြေပြင်တွင် ရပ်တည်နိုင်ရန် ခက်ခဲပင်ပန်းစွာ ကြိုးစားနေရှာပါ၏။

"ဟင် ... ဘယ်လိုဖြစ်တာလဲ"

အောင်ခြိမ့် မျက်လုံးပြူးသွားသည်။

ဆင်ပြောင်ကြီးလို အကောင်ကြီးများပင်လျှင် သူ့ တူမီးချက်ဖြင့် ချက်ကောင်းကို ထိမှန်ခဲ့လျှင် တစ်ချက်တည်းနှင့် ပွဲသိမ်းသွားခဲ့သည်ချည်းသာ။ ယခု ပစ်ကွင်းကောင်း၊ ပစ်မှတ်ကောင်း၊ သေကွင်းကို အနီးကပ်တိုက်ရိုက်ထိမှန်ခဲ့ပါလျက် လဲကျသေဆုံးမသွားခဲ့ပါဘဲ ကျားမကြီး မြီးတိုမှာ တဖြည်းဖြည်းချင်းပင် လျှောက်လှမ်းလျက် ရှိပါချေပြီကော။

'ဝေါင်း ..ဂရား'

ကျားမကြီး၏ မာန်သွင်းအော်ဟစ်သံနှင့်အတူ တောသည် ဆူညံစွာ ကမ္ဘာပျက်သကဲ့သို့ လှုပ်ခါနေပါချေပြီ။ တောအော်၍ တောပျော်ခဲ့လေပြီလား။ သို့မဟုတ် တောချောက်၍





တောမှောက်ခဲ့လေပြီလား။

'ဝေါ ..ဝေါ ..ဝေါ ..ဝေါ'

သားကောင်ငယ်တို့ ကြောက်လန့်တကြားနှင့် ဟိုသည် ပြေးလွှားကုန်ကြပါပြီ။

အောင်ခြိမ့်မှာ တူမီးသေနတ်ကြီးကိုင်လျက်မှပင် စိုးရိမ်စိတ်များ၊ ကြောက်စိတ်များက သွေးကြောအနှံ့ လျှင်မြန်စွာ သည့်ပတ်စီးမျောလျက်။ ပြီးခဲ့သော နှစ်ရက်ခန့်က ရေဝေကုန်းတန်းဘက်ရှိ ကညင်ပင်ကြီးထက်တွင် တစ်ညဉ့်တာ နားခိုအိပ်စက်ခဲ့စဉ်က ရဲမက်စစ်သည်များစွာနှင့် တောခြောက်ခံခဲ့ရခြင်းကို ပြန်၍ အမှတ်ရလာမိသည်။

"ဘုရား ... ဘုရား ... မြီးတိုမကြီးတော့ တောအမောင့်တွေ ဝင်ပြီး တစ်ပွဲစားကြီးတွေ ဝင်စီးပြီထင်တယ်"

အောင်ခြိမ့်မှာ ကြောက်ရွံ့စိတ်တွေ ဝင်လာသဖြင့် ကျားမကြီးကို သေနတ်ဖြင့် ပစ်ခတ်ရန်ပင် သတိမရနိုင်ပါလေတော့။

ထိုစဉ် ကျားမကြီးက အောင်ခြိမ့်ကို ကျောခိုင်းလျက် ခု ကိုက်ချီချထားခဲ့သည့် ဒရယ်ပေါက် အသေကောင်လေးကို ထပ်မံကိုက်ချီကာ ...



www.burmeseclassic.com

www.burmeseclassic.com



အောင်ခြိမ့်၏ အနီရောင် ဂျပ်ခုတ်အင်္ကျီဝတ်စုံကို တ[illegible] ချက်မျှ စူးစူးရဲရဲကြည့်ကာ တဆတ်ဆတ်တုန်ယင်နေသော ခန္ဓာ[illegible] ကိုယ်ကြီးကို ဒယိမ်းဒယိုင်နှင့် သယ်ယူရင်း လှိုဏ်ကြီးအတွင်းသို့[illegible] ဝင်ရောက်ပျောက်ကွယ်သွားပါတော့သည်။

''သေချာပါပြီ ...ငါတော့ တောမှောက်ခံရပြီထင်[illegible] တယ်၊ အောင်စည်လည်း ဘယ်လိုအဖြစ်ဆိုးမျိုးနဲ့ ကြုံခဲ့ပြီလဲ[illegible] မသိဘူး''

သူ၏ မုဆိုးသက်တမ်းတစ်လျှောက် တစ်ခါမျှ မတွေ့ဖူး[illegible] မကြုံဖူးခဲ့သော မယုံကြည်နိုင်စရာ ဖြစ်ရပ်ဆန်းကြောင့် အောင်[illegible] ခြိမ့်တစ်ယောက် ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်နေပါတော့[illegible] သည်။

အတန်ကြာမှ သတိဝင်လာပြီး ကျားမကြီးမြီးတို့နောက်[illegible] သို့ ဝေခွဲမရသော စိတ်ဒွိဟများစွာနှင့် တိတ်တဆိတ် လိုက်သွား[illegible] ခဲ့ပါသည်။ ကျားမကြီးမြီးတိုကတော့ ဖြည်းလေးတုန်ယင်စွာဖြ[illegible] လှိုဏ်ကြီးအတွင်းဝယ် ဖွဲ့နုပဲကြီးစွာဖြင့် တစ်လှမ်းချင်း လျှောက်[illegible] လှမ်းနေဆဲ။ ရရှိထားသော ဒဏ်ရာမှ သွေးတို့က ကျားမကြီး[illegible] ဖြတ်သန်းရာ ခရီးတစ်လျှောက် စွန်းထင်းပြန့်ကျဲလျက်။





ထိုအခိုက် ကျားမကြီးရှိရာသို့ လသားအရွယ်ခန့် ကျား[illegible]ပေါက်လေးတစ်ကောင် မြက်ရိုင်းပင်များကြားမှ တိုးဝှေ့ပြေး[illegible]လာသည်ကို အောင်ခြိမ့် အံ့ဩထိတ်လန့်စွာ တွေ့မြင်လိုက်[illegible]သည်။

ကျားမကြီးမြီးတိုမှာ သူ၏သားငယ်ကျားပေါက်လေးရှေ့[illegible] အရောက်တွင် သူကိုက်ချီလာသည့် ဒရယ်အသေကောင်ကို[illegible]ကာ ဝုန်းခနဲ ပစ်လဲကျသွားပါတော့သည်။

'ဝေါင်း ..ဂရား ..ဝုန်း'

ကျားမကြီး၏ အမြင်အာရုံများက ဝေသီမှုန်ဝါးလျက်။ [illegible]ဝါး အမြင်မှာတော့ အနီရောင်တွေ၊ အနီရောင် အပိုင်းအစ[illegible]နှင့် အနီရောင်သွေးပင်လယ်ကြီး။

ကျားပေါက်ငယ်လေးကတော့ ဘာမျှမသိရှာ။ မိခင်[illegible]ကြီး၏ ရင်ခွင်ထဲသို့ တိုးဝှေ့ဝင်ရောက်နေသည်။ ယခုမှ[illegible]သုံးသွားခဲ့ရှာသည့် ကျားမကြီး၏ မျက်ဝန်းအိမ်မှာတော့[illegible]မျည်စများလေလားမသိ။ အရည်ကြည်များက စီးကျရစ်ဝဲ[illegible]။

မမြင်နိုင်တော့သော မျက်ဝန်းစုံက ဝေးလွင့်စည်းခြားခဲ့ပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော တမလွန်အမှောင်ကမ္ဘာကြီးထဲတွင် သူ၏ သားငယ် ကျားပေါက်နှစ်ကောင်ကို ရှာဖွေလေပြီထင့်။

ယခုမှ အဖြစ်မှန်ကို အောင်မြိမ့် သိရှိလိုက်ရပါပြီ… သားဖောကပ်ကာ သေအံ့မူးမူးအချိန်ထိတိုင် သားငယ်ကျား… ပေါက်လေးများအတွက် အစာကျွေးမွေးရန် ကြိုးစားခဲ့သည့် ကျားမကြီးမြီးတို၏ မယုံကြည်နိုင်ဖွယ် အံ့မခန်း မိခင်မေတ္တာ… စိတ်က အောင်မြိမ့်၏ အာဃာတ၊ ရန်ငြိုး၊ အတ္တဟူသမျှတို့… ရိုက်ချိုးဖျက်ဆီးလိုက်ပါလေတော့သည်။

အောင်မြိမ့်၏ ရင်အစုံသည် နာကျင်မှုကြောင့် လှုပ်… နေပါပြီ။ တစ်ဆက်တည်းမှာပင် မီးဖွားလုဆဲဆဲ နေ့စေ့လ… ဇနီးသည်၏ ဖျော့တော့ညှိုးငယ်နေသည့် မျက်နှာကို မြင်ယော… လာခဲ့ပါ၏။

အဟိတ်တိရစ္ဆာန်ပင် ဖြစ်လင့်ကစား သားသမီးအ… ထားရှိခဲ့သော အနှိုင်းမဲ့ အနန္တမေတ္တာ၊ သေငယ်ဖောနှင့် မျော… ရှာခဲ့သည့် နောက်ဆုံးထွက်သက်ထိတိုင် ကြီးမားသော မိ… မေတ္တာကို ပြသသွားသည့် ကျားမကြီးမြီးတို၏ တုနှိုင်းမ… သော မြင့်မိုရ်ထက်မြင့်သော မိဘမေတ္တာ။

ခု နစ် စဉ် ကြယ် တာ ပေ



အောင်မြိမ့်၏ကြမ်းတမ်းခက်မာလှပါသည်ဆိုသော မုဆိုး …လုံးသားကို ကျားမကြီး၏ အနှိုင်းမဲ့ မိဘမေတ္တာတရားက အရှိန် …ဟုန်ကြီးမားစွာဖြင့် ရိုက်ခတ်လိုက်သောအခါမှာတော့ …

"ဟင်း …ငါ …ငါမှားသွားပြီ၊ သိပ်ကိုမှားသွားပြီ၊ …အခု ဘာလုပ်ရမလဲ …ငါ ဘာဆက်လုပ်ရမလဲ"

အောင်မြိမ့်မှာ လက်ထဲမှ လူသတ်လက်နက်ကြီးကို …ဆုပ်ရွှဲရာစွာဖြင့် ကြည့်ရင်း ပါးစပ်မှလည်း တတွတ်တွတ် …ရွတ်ဆိုနေပါ၏။ ထို့နောက် သတ္တဝါဟူသမျှကို သေကြေ …ပျက်စီးစေတတ်သော လူသတ်လက်နက် တူမီးသေနတ်ကြီးကို …အနီးရှိ ကျောက်တုံးထက်တွင် ရိုက်ချိုးဖျက်ဆီးပစ်လိုက်ပါတော့ …သည်။

'ခွမ်း …ဖျောင်း'

ကျောက်တုံးနှင့် တူမီးသေနတ်တို့၏ ရိုက်ခတ်မြည် …သံကြီးက မုဆိုးကြီးအောင်မြိမ့်၏ နှလုံးသည်းပွတ်အစုံကို …အပြင်သို့တိုင် လွင့်စဉ်ပေါက်ကွဲသွားပါတော့သည်။

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

### ဝင့်တို့၏ သံသရာ ... သို့မဟုတ်

သစ်ပင်ကိုင်းခက် ရွက်လက်ရိုးတံညို့အကြို့အကြားမှ သိုဖိတ်ပြုဆင်းနေကြသော နေရောင်ခြည်တန်းများသည် ဆင်သေကုန်းသင်္ချိုင်းမြေထဲတွင် ပြန့်ကျဲယှက်ဖြာကျနေပါ၏။

သို့သော်လည်း ဆင်သေကုန်းသင်္ချိုင်းမြေမှာ နွေနွေလယ်ပင် ဖြစ်လင့်ကစား အေးစိမ့်စိမ့် ချမ်းမြမြပင် ရှိနေဆဲပါ။

ခပ်စောစောပိုင်းက အတန်ငယ်စည်ကားနေခဲ့သည့် ဆင်သေကုန်းသုသာန်သင်္ချိုင်းမြေသည် အသုဘချပြီးသွားသည်နှင့် ပြန်လည်၍ ခြောက်သွေ့တိတ်ဆိတ်သွားပါ၏။

---

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ညောင်မှတ်ဆိတ်များ တဖွားဖွားနှင့် တွဲရွဲကျနေသည့် ညောင်ပင်ကြီးအောက်ရှိ အသစ်စက်စက် သင်္ချိုင်းမြေပုံတစ်ခု ရှေ့မှာတော့ မုဆိုးကြီး အောင်ခြိမ့်မှာ မွေးကင်းစကလေးငယ် တစ်ဦးကို ပွေ့ချီလျက် တိတ်ဆိတ်စွာ ရပ်နေသည်။

သူ၏ ခြေထောက်အနီးတွင် လသားအရွယ်ရှိ ကျား ပေါက်လေးတစ်ကောင်က အိမ်မွေးကြောင်ကြီးတစ်ကောင်နှယ် တိုးဝှေ့ပွတ်သပ်လျက် ...။

တစ်ချက် တစ်ချက် မွှေ့ယမ်းတိုက်ခတ်လာသည့် နွေ လေရူးက ရင့်ညောင်းနေသည့် ရော်ရွက်ဝါတို့ကို တဖြုတ်ဖြုတ် နှင့် ကြွေသက်စေသည်။ ဆိုရပါမူ တိတ်ဆိတ်ငြိမ်သက်မှု အပေါင်းနှင့် ကြေကွဲမှုများ စီးမျောပျော်ဝင်နေသည့် ဆင်သေ ကုန်းသင်္ချိုင်းမြေသည် လွမ်းမောဖွယ် ပန်းချီကားတစ်ချပ်နှယ် ပါတည်း။

မွေးကင်းစ လူမမယ်ကလေးငယ်ကို ပွေ့ပိုက်ထားသည့် မုဆိုးကြီးအောင်ခြိမ့်၏ ပါးပြင်ထက်မှာတော့ ခန်းခြောက်ယုလု မျက်ရည်စအချို့က စွန်းထင်းပေကျံနေကြဆဲ။

အောင်ခြိမ့်မှာ နွေလေရူးနှင့်အတူ သက်ပြင်းဖွေ့ဖွေ့ကို





ဆိုက်ပါ၏။

"ငါ့ကို ခွင့်လွှတ်ပါ နန်းလုံးရယ်၊ ဒီနေ့ ဒီအချိန်ကစပြီး မကြိုက်တဲ့ တောပစ်တဲ့မုဆိုးအလုပ်ကို ငါ စွန့်လွှတ်လိုက် ပြီ ...။

ဟောဒီက မိခင်မဲ့သွားကြတဲ့ လူမမယ်သမီးလေးနဲ့ ကျားပေါက်လေးကိုပဲ ကြီးပြင်းအောင် ဂရုတစိုက်နဲ့ စောင့်ရှောက် သွားပါ့မယ်လို့ ကတိပေးပါတယ် နန်းလုံးရယ်"

လူရိုင်းလူကြမ်းကြီး မုဆိုးကြီးအောင်ခြိမ့်၏ မျက်လုံး အိမ်တွင် ရှားရှားပါးပါး အလွမ်းဖွဲ့တတ်သည့် မျက်ရည်စတို့က ဖွဲ့ရစ်သိုင်းနေပါပြီကော။

လောကကြီး၏ မပြောင်းလဲသော လောကသစ္စာပေ လား။ သို့တည်းမဟုတ် နိယာမသဘောတရားလေလား။ သို့မ ဟုတ် ဝဋ်မှာအမြဲ ငရဲမှာအပဆိုသည့် သံဝေဂလင်္ကာ သဘော တရားလေလား မသိ ...။ အနိုင်အထက် ရယူခဲ့မိသော နှလုံး သည်းပွတ်တစ်ခုအတွက် သူ၏ အချစ်မြတ်နိုးဆုံးသော နှလုံး သားအစုံကို ပြန်လည်၍ ပေးဆပ်လိုက်ရပါချေပြီကော။

ရိုးမတောကြီးအတွင်းမှ အဟိတ်တိရစ္ဆာန်တစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော သားသည်မိခင် ကျားမကြီးမြီးတိုကို ခန်းအော် ရက်
စက်စက် ပစ်ခတ်သတ်ဖြတ်လိုက်သည့်အချိန်နှင့် တစ်ချိန်တည်
တစ်ပြိုင်တည်းမှာပင် ဆင်သေကုန်းရွာကြီးမှ အောင်ခြိမ့်၏
ဇနီး နန်းလုံတစ်ယောက်မှာလည်း ရင်သွေးငယ်လေးကို မွေး
ပြီးသည်နှင့် လူ့လောကကြီးမှ နှုတ်ဆက်ထွက်ခွာသွားရသည်
အမှန်တကယ်ပင် သခါရသဘောကြောင့်လေလား၊ သို့တည်
မဟုတ် . . .

ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့သကဲ့သို့ ဝဋ်လည်ခြင်း၊
လိုက်ခြင်း၊ သံသရာလည်ခြင်း ဟူသော တရားသဘောလေ
ဆိုသည်ကိုတော့ မသိတတ်နိုင်ပါချေပြီတည်း။

မည်သို့ပင်ဆိုစေ ညီချစ် အောင်စည်ခမျာမှာလည်
ကျားမကြီး၏ ရင်သွေးငယ် ကျားပေါက်ငယ်လေးကို မဆင်မ
ပစ်ခတ်သတ်ဖြတ်မှုကြောင့် သူ၏အသက်ကို လျော်ကြေးအ
ပြန်လည်၍ ပေးဆပ်ခဲ့ရပြီမဟုတ်ပါလား။

ဤရက်ပိုင်း အချိန်ပိုင်းအတွင်းမှာပင် မယုံကြည်နိုင်စ
ကံကြမ္မာအလှည့်အပြောင်းကြောင့် အောင်ခြိမ့်တစ်ယောက်
သွပ်သွားလုခမန်းပင် ခံစားခဲ့ရပါ၏။

---

ခ နှစ် စဉ် ကြယ် တာ ပေ



ယခုအချိန်မှာတော့ ဖြစ်ပျက်ခဲ့သမျှ အရာအားလုံးကို
အောင်ခြိမ့် တည်ငြိမ်စွာ ရင်ဆိုင်ဖြတ်သန်းရင်း တရားသဘောနှင့်
ယှဉ်သုံးသွင်းနိုင်လာခဲ့ပါပြီတည်း။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

### ကျားဝိဉာဉ်သန္ဓေ၏ ဘဝခရီးအစ

'အောက် ..အီး ..အီး ..အွတ်'

တောကြက်ဖတို့၏ တစ်တော တစ်ကြက်ဖတွန်သံသာကို အရပ်ရှစ်မျက်နှာအနှံ့မှ ကြားလာရသည်။

သို့သော် ထမန်းလုံရွာလေးသည် တောအုပ်မြိုင်ကောင်းသော နေရာဖြစ်၍ နေအရုဏ်ရောင်ခြည်ဦးကိုကား လုံးဝမမြင်ရသေး။

တောရွာ သစ်စခန်းများ၊ ရွာငယ်များသည် ကြက်တွန်သံကိုသာ ပဟိုရ်နာရီပမာ အမှတ်အသားပြုနေကြရသော ဒေသ



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်တို့မှာမူ ကြက်တွန်သံများနှင့်အတူ အိပ်ရာမှ နိုးထလာခဲ့ကြသည်။

တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခဲ့ရသဖြင့် အောင်ခြိမ့်မျက်စိများ ကျိန်းစပ်၍ ခေါင်းများပင် မူးဝေနေပါ၏ သည့်ကြားထဲ ဖူးဖူးဝါးဝါးဟစ်အော်ရင်း ရှန်းကန်ငိုယိုနေသည့် သမီးငယ်လေး၏ ငိုကြွေးသံက အရုဏ်ဦးကြက်တွန်သံများနှင့် အပြိုင် ထွက်ပေါ်လာခဲ့ပါသည်။

'ဝေါင်း ..ဂူး ..ဂူး ..ဂါး ..အား ..ဟီး ..ဟီး'

သို့သော် သမီးငယ်၏ငိုကြွေးသံက လူမမယ်ကလေး အရွယ်နှင့် မလိုက်ဖက်လှစွာပင် သြရှ၍ အက်ကွဲကွဲအသံကြီး နှင့်။ ရံဖန်ရံခါဆိုလျှင် ကျားဟိန်းသံ၊ ကျားတစ်သံကြီးများလား ဟုပင် ထင်မှတ်များရလောက်အောင် တဝေါင်းဝေါင်းနှင့် ဒေါသ တကြီး အော်ဟစ်နေတတ်ပါသေးသည်။

''ဟဲ့ ...ဘယ်လိုဖြစ်တာလဲ အောင်ခြိမ့် ...နင့်သမီး ငိုသံကြီးကလည်း ကျားဟိန်းသံကျနေတာပဲ၊ ငါတောင် တစ်ခါ တစ်ခါ လန့်၊ လန့်သွားတယ်''

''ဟုတ်တယ်ဟဲ့၊ သူ့သမီးလေးများ ဒေါသတကြီးနဲ့ ...ပြီး ငိုလိုက်ရင် အိမ်ကနွားတွေတောင် တရှန်းရှန်းနဲ့ လန့် ...ကြတာဟဲ့''

အောင်ခြိမ့်၏ အိမ်နီးနားချင်း မိန်းမကြီးငယ်များက သမီးငယ်လေး၏ ငိုကြွေးသံ၊ အော်ဟစ်သံများနှင့် ပတ်သက်၍ ...ဆိုဝေဖန်ကြသံများက ဆင်သေကုန်းတစ်ရွာလုံး ပျံ့နှံ့လျက် ရှိသည်။

''အင်း ...ဒီလိုဆိုရင် အောင်ခြိမ့်ရဲ့သမီးလေးဟာ ကျားဝင်စားတာများ ဖြစ်မလား မသိဘူးနော်''

''အိုဟယ် ...ကျားပေါက်လေးနဲ့တောင် အတူတူ ...ကစားနေတာ၊ ကျားဟိန်းသံကြီးလို အော်ဟစ်ငိုကြွေးတာ ...များဆန်းတာမှတ်လို့''

''အင်း ...အသက်အရွယ်ကြီးမားလာရင်တော့ ဘယ် ...ဖြစ်လာဦးမယ် မသိဘူးနော်''

ဆင်သေကုန်းရွာကြီးအတွင်း ရေခပ်ချိန်၊ ဈေးဝယ်ချိန် ...နှင့် လူသုံးလေးဦး စုဝေးမိသည့်အခါတိုင်း အောင်ခြိမ့်၏ သမီးငယ်သတင်းကို ပြောဆိုလေ့ရှိကြပါ၏။

ပို၍ ထူးခြားမှုတစ်ခုက သုံးလေးနှစ်သမီးအရွယ်သို့





www.burmeseclassic.com

www.burmeseclassic.com



အရောက်တွင် ထပ်ဆင့်၍ ဖြစ်ပေါ်လာခဲ့ပြန်ပါသည်။

ဤကဲ့သို့သော အဖြစ်မျိုးများ ငယ်စဉ်ကတည်းကပ
ဖြစ်ခဲ့ဖူးသော်လည်း ယခင်က အမှုမထားခဲ့ပါ။

အနီရောင်ခြုံစောင်များ၊ အနီရောင်ပိတ်စများနှင့် အ
ရောင် အဝတ်အစားများကို ခြုံလွှမ်းပေးမိခြင်း၊ ဝတ်ဆင်ေ
ခဲ့ခြင်းများ ပြုလုပ်ပေးလျှင် ကြမ်းတမ်းစွာ ဟစ်အော်ရင်း ဆ
သောင်းကျန်းလေ့ ရှိခဲ့ဖူးပါသည်။

ကလေးအရွယ်နှင့် မမှုအောင် သန်မာပြီး အော်ဟ
ဆူပွက်ကာ အနီရောင်ခြုံလွှာများ၊ စောင်များနှင့် အနီရေ
အင်္ကျီစများကို ဒေါသတကြီးနှင့် ဆွဲယူဆုတ်ဖြဲပစ်လေ့ရှိပါ
သို့သော် ထိုစဉ်အချိန်ကာလမှ ထိုအနီရောင်ပြဿနာကို အော
မြင့် အမှတ်မထားခဲ့ပါ။ ယခုအချိန်အခါတွင်မူ ...

"အ ..အား ..လုပ် ...လုပ်ပါဦး အောင်မြ
...မင့်သမီး ငါ့ရဲ့အင်္ကျီကိုဆွဲပြီး ငါ့ကိုကန်ကျောက်နေတယ်
..ဟဲ့ ..ဟဲ့ ..အို .."

"ဟဲ့ ..ဟဲ့ ..သမီး ..သမီး ...နင့်ဦးကြီး
ဒီလိုမလုပ်ရ ဘူးလေ၊ ကဲ ..လာ ..လာ ...အင်း ...မင်





အနီရောင်ကြီး ဝတ်လာတာကိုးကွ၊ ငါ့သမီးက အဲဒီလို ရူးရူးရဲရဲ
အနီရောင်ကြီးတွေ ဆိုရင် ဆွဲဖယ်၊ ဆုတ်ဖြဲပစ်တာကွ ...။

သူ့ရဲ့မျက်စိထဲမှာ အနီရောင်ဆိုရင် ကြည့်မရဘူးနဲ့ တူ
တယ်၊ ငယ်ငယ်ကတည်းက စောင်နီနီကြီးတွေ, တဘက်နီနီရဲရဲ
တွေ ခြုံပေးရင် အော်ဟစ်ကန်ကျောက်ပစ်တာ ဘောက်နော်ရဲ့"

အောင်မြင့်က သူ့သမီးလေးနှင့်ပတ်သက်သော ထူးဆန်း
သည့်အဖြစ်အပျက်အချို့ကို သူငယ်ချင်းဘောက်နော်ကို ရှင်းပြ
ပြောဆိုနေပါ၏။

သို့တိုင်အောင် ရင်ခွင်ထဲမှ သမီးငယ်က အံတကြိတ်
ကြိတ်နှင့် ဘောက်နောက်၏ အနီရောင်ဝတ်စုံကို မီးတောက်လုခမန်း
က်လုံးများဖြင့် ရူးရူးရဲရဲ ကြည့်နေပါသည်ကော။

အနီရောင်ပြဿနာက ထိုမျှနှင့် ပြီးမသွားသေးပါ။
ာက် တစ်ကြိမ်မက ဤအနီရောင်ကိစ္စများနှင့် ရင်ဆိုင်ကြုံ
ွေ့ခဲ့ရပါသေးသည်။ ဖြစ်ပွားခဲ့သော အနီရောင်ပြဿနာများထဲမှ
ကြီးမားဆုံးသော ဖြစ်ပွားမှုတစ်ခုကြောင့် အောင်မြင့်တစ်
ာက် စိတ်ညစ်ညူးခဲ့ရသည်အထိ ဖြစ်ခဲ့ရပါသည်။

အောင်မြင့်တို့သားအဖမှာ ကျားမကြီးမြီးတို ကျန်ရစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည့် ကျားပေါက်ငယ်လေး၏ သံယောဇဉ်ကြောင့် ဆင်သေ ကုန်းရွာကြီးအတွင်းဝယ် မနေကြတော့ဘဲ ရွာနှင့် အတန်ငယ် လှမ်းသည့် ရိုးမတောင်ခြေအနီးတွင် ပြောင်းရွှေ့နေထိုင်ခဲ့ကြ သည်။

အောင်မြင့်က မုဆိုးအလုပ်ကို စွန့်လွှတ်ပြီးသည်မှစ၍ သူ ကျင်လည်ကျွမ်းဝင်ရာ ရိုးမတောကြီးအတွင်းမှာပင် ဆေးမြစ် ဆေးဥများရှာဖွေ၍ တိုင်းရင်းဆေးများ ဖော်စပ်ကာ ဗိန္ဓောဆေး ဆရာအဖြစ် ခံယူခဲ့ပါသည်။

ထိုနေ့က အောင်မြင့် အိမ်တွင်မရှိ။ ဆေးပင်ဆေးမြစ် များ ရှာဖွေရန်အလို့ငှာ တောသို့ဝင်နေချိန်ဖြစ်သည်။

ဖြစ်ချင်တော့ တောင်ခြေတွင် မှိုရှာ၊ မှျစ်ချိုးကြသည့် ဆင်သေကုန်းရွာကြီးမှ ဆယ်နှစ်၊ ဆယ့်ငါးနှစ် မိန်းမပျိုလေး သုံးယောက်တို့၏ ရွာအပြန်ခရီးတွင် အောင်မြင့်တို့ခြံအနီး ဖြတ်၍အပြန် သမီးငယ်နှင့် ဆုံတွေ့ကြခြင်း ဖြစ်သည်။

နေဝင်ချိန်၊ တိမ်တောက်ချိန်ဖြစ်သဖြင့် ကောင်းကင်ပြင် တစ်ခုလုံး ပုစွန်ဆီရောင်၊ အနီရောင်များ ယှက်သန်းနေချိန်လည်း ဖြစ်ပါ၏။





ခြံရှေ့မှ စကားပြောသံဆိုသံများကို ကြားရသဖြင့် သူမ ခင်ကြီး ပြန်လာပြီအထင်နှင့် ခြံရှေ့သို့ ပြေးထွက်လာခဲ့သည်။

ထိုစဉ်မှာပင် သူ၏မျက်ဝန်းထဲသို့ အနီရောင်အပိုင်းအစ ကြက တိုးဝင်လာလေ၏။ ရုတ်တရက်မို့ သူ၏နှလုံးသွေးတို့က အနီရောင်အပိုင်းအစများကြောင့် ဆူပွက်လှုပ်ရှားလာကြပြီ လား။

‘ဟင်း . . ဟမ်း . . ဟမ်း’

သူမ၏ မာန်တင်အံကျိတ်သံကြီးက အရွယ်နှင့်မမျှ အောင် တဟမ်းဟမ်းနှင့် ထွက်ပေါ်လျက် . . .။

ခြံဝမှ ဂျပ်ခုပ်ဝတ်စုံအနီရောင် ဆင်တူဝတ်ဆင်ထားကြ သည့် မိန်းမပျိုလေးများက ပလိုင်းလေးများကို လွယ်လျက် ကို အံ့ဩတကြီးနှင့် ငေးကြောင်ကြည့်နေကြသည်။

“ဟဲ့ . . . အဲ . . . အဲဒါပေါ့ . . . အမိုး ပြောပြောနေတဲ့ သေလို့ ဝင်စားတဲ့ကောင်မလေး ဆိုတာပေါ့”

“ဟယ် . . . ဘုရားသခင် . . . ကယ်ပါ၊ ကြည့်စမ်းပါဦး ဒါတို့ကို ကြည့်နေတာများ စားတော့ဝါးတော့မလိုပါလား၊ . . . လာ . . . နန်းလွယ် . . . သွား . . . သွားကြစို့”



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ စူးစူးဝါးဝါးကြည့်နေသည့် မီးထွက်လုမတတ် မျက်လုံးအစုံကြောင့် မှိုရှာ၊ မှိုစ်ချိုးပြီး ပြန်လာကြသည့် နန်းလွယ်တို့လူစုမှာ ခြေရှေ့မှ သုတ်ခနဲ လှည့်ထွက်ဖို့ ကြိုးစားလိုက်ကြ သည်။

သို့သော် ... နန်းလွယ်တို့လူစု နောက်ကျသွားကြပါပြီ ကျားဟိန်းသံကြီးလို ဝေါင်းခနဲ အော်ဟစ်သံကြီးနှင့်အတူ အ ရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် နန်းလွယ်၏ ခန္ဓာကိုယ်ပေါ်သို့ သူမ ကြမ်းတမ်းစွာ ခုန်အုပ်ကျလာပါတော့သည်။

'ဟမ်း ..ဂူး ..ဟမ်း'

"အား ...အူး ...လုပ် ...လုပ် ...လုပ်ကြ ...အား"

ကြမ်းတမ်းစွာ ဟစ်အော်ရင်း နန်းလွယ်၏ အနီရော ဂျပ်ခုပ်အကျီလေးကို ဖြဲဆုတ်ဆွဲဖယ်ကာ တောကောင် ကောင်နှယ် ဟစ်အော်နေသည်။ သူမ၏ အမြင်အာရုံထဲမှာ အနီရောင်အပိုင်းအစတွေ လွင့်မျောနေသည်။ အနီရောင် ပင်လယ်ကြီးက ချာချာလည် စီးမျောလျက်။

အနီရောင်တွေ ... အနီရောင်တွေ။





'ဟမ်း ..ဂူး ..ဟမ်း ..ဂရား'

"ဟေး ... သမီး ... သမီးလေး၊ မလုပ်နဲ့ ... မလုပ်

နန်းလွယ် ကံကောင်းသွားသည်။

သူမ၏ဖခင် ဦးအောင်ခြိမ့် ဆေးလွယ်အိတ်ကြီး ကဖား နှင့် အပြေးကလေးရောက်လာသဖြင့်သာ ပွဲက သည်မျှနှင့် သွားသည်။ သို့သော် နန်းလွယ်၏ အနီရောင် ဂျပ်ခုပ်ဝတ်စုံ လေးကတော့ တစ်ပိုင်းတစ်စစီဖြစ်၍သွားပါချေပြီတည်း။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

### ဝင့်ကြယ်မှာမုန်တိုင်းအောက်မှ ကျားဟိန်းသံ

အကုသိုလ်ကံကြမ္မာသည် တစ်ဦးတစ်ယောက်တည်း အလေ့မရှိ။ သူလာလျှင် ဆိုင်းနှင့်ဗုံနှင့် အဖော်အပေါင်းနှင့် အလေ့ရှိသည် . . . ဟူ၍သော စကားသည် အောင်မြိမ့်အတွက် ည်ရှူးထားခဲ့လေသည်ထင့် . . . ။

တစ်နေ့ အောင်မြိမ့် ရွာနှင့် နေ့ဝက်ခရီးခန့်သွားရသည့် ဆုံနာသစ်ထုတ်လုပ်ရေးစခန်းမှ ဆေးကု၍ ပြန်လာခဲ့သည်။ န္ဒာဆရာ အောင်မြိမ့်မှာ သစ်စခန်းမှ လူနာရှင် ကန်တော့ ကိုက်သည့် ဂျပ်ခုပ်အနီရောင်တဘက်လေးတစ်ထည်ကို အမှတ်



www.burmeseclassic.com

www.burmeseclassic.com



မထင် ရွှေးသုတ်ရင်း ပခုံးပေါ်သို့ တင်လာခဲ့သည်။

''အင်း ... အချိန်နည်းနည်းစောသေးတယ် ... ပေါက်ကျော်နေတဲ့ ကျောက်ဂူဘက်ကို လှည့်ပြီး ဝင်ကြည့်ဦးမှ''

သူ၏ခြံနှင့် မလှမ်းမကမ်းတွင်ရှိသော ကျောက်ဂူတစ်လုံးတွင် သန်စွမ်းကြီးပြင်းလာပြီဖြစ်သော ကျားကြီးပေါက်ကျော်က နေစေသည်။ များသောအားဖြင့် ကျားကြီးပေါက်ကျော်သည် သူ၏သမီးငယ်လေးနှင့်သာ အနေများသည်။

ယခုကဲ့သို့သော အချိန်မျိုးဆိုလျှင် သူ၏သမီးငယ်လေးသည် ကျားကြီးပေါက်ကျော်နှင့်အတူ ဆော့ကစားနေလေ့ရှိသည် မဟုတ်ပါလား။

သို့သော် ခါတိုင်းဆိုလျှင် ကျောက်ဂူလေးရှေ့တွင် သမီးငယ်နှင့် ပေါက်ကျော်တို့ကို ဆော့ကစားလျက် မြင်တွေ့နေကျ ယခုမူ ကျောက်ဂူဝရှေ့တွင် မည်သူ့ကိုမျှ မတွေ့ရဘဲ ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေသဖြင့် အောင်မြိမ့်မှာ ကျောက်ဂူအတွင်းသို့ အံ့သြစိတ်များနှင့် လှမ်းဝင်လိုက်သည်။

''ဘယ်လိုဖြစ်တာလဲ ... ဒီနှစ်ကောင် ဒီနေ့မှ ငြိမ်ချက်သား ကောင်းနေကြပါလား''





ထိုစဉ်မှာပင် ကျောက်ဂူအတွင်းမှ ရုတ်တရက် မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် အောင်မြိမ့်တစ်ယောက် ဒိန်းခနဲ ခိုက်များ ခုန်လှုပ်သွားကာ ခေါင်းမွေးများပင် ထောင်ထသွားပါပြီ ကော။

''ဟင်''

ဟုတ်ပါသည်။ ကျောက်ဂူထဲတွင် နွားပေါက်လေး တစ်ကောင်ကို ကိုက်ဖြတ်စားသောက်နေသည့် ပေါက်ကျော်နှင့်အတူ သမီးဖြစ်သူကိုပါ တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်ပါသည်။

''ဟင် ... သ ... သမီး ... သမီးလေး ... ဘယ်လိုဖြစ်နေတာလဲ၊ ဘာတွေလုပ်နေကြတာလဲ ... ဟင်''

သမီးငယ်က ဖခင်ဖြစ်သူ အောင်မြိမ့်ကို တွေ့မြင်လိုက်ရသည်နှင့် စူးစူးရဲရဲ မျက်လုံးအစုံနှင့် စိုက်ကြည့်ရင်း ကျားတစ်ကောင်နှယ် တဟင်းဟင်းနှင့် မာန်ဖီလိုက်သည်။

'ဟမ်း .. ဟမ်း .. ဂါး .. ဂူး'

သမီးငယ်၏ ထူးခြားနေသော အသွင်သဏ္ဌာန်ကြောင့် အောင်မြိမ့်ပင် မျက်လုံးမျက်ဆန်များပြူးကာ နောက်သို့ ယောင်ယမ်း၍ ဆုတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားပေါက်လေး ပေါက်ကျော်ကမူ သူ့အစာကိုသာ ငုံ၍ အေးအေးဆေးဆေး စားနေပါ၏။ သို့သော် သူ၏သမီးငယ်ကမူ မီးထွက်လုခမန်း မျက်လုံးများနှင့် ဖခင်ကြီး အောင်ခြိမ့်ပခုံးထက်မှ ဂျပ်ခုပ်တဘက် နီနီရဲရဲကိုကြည့်ရင်း စားလက်နွားငယ်၏ ပေါင်တစ်ချောင်းကိုကိုင်ကာ ဖခင်ကြီးရှိရာသို့ တလှမ်းချင်း တိုးဝင်လာနေပါ၏။

''သမီး ...သမီးလေး ...ဘယ်လိုဖြစ်နေရတာလဲကွယ်''

မေးသာ မေးနေရသည်။ သမီးငယ်၏ မှုပျက်နေသောအသွင်က လူစိတ်ပျောက်ကာ အရိုင်းစိတ်များ ဝင်ပူးကပ်နေသည့်ထင့် ...။ သွေးပျက်ထိတ်လန့်ဖွယ် သမီးငယ်လေး၏ရုပ်လက္ခဏာကြောင့် အောင်ခြိမ့်မှာ နောက်သို့သာ တွင်တွင်ဖြဆုတ်နေမိသည်။

''ဘုရား ...ဘုရား ...သမီး ...သမီးလေးမှာအရိုင်းစိတ်တွေ ဝင်သွားပြီလား''

ထိုစဉ် သမီးငယ်က ကျားတစ်ကောင်နှယ် မာန်ဖီလျက်အောင်ခြိမ့်ကိုယ်ပေါ်သို့ ရုတ်တရက် ခုန်အုပ်လိုက်သည်။





'ဟမ်း ..ဂရား'

''ဟာ ...သမီး ...သမီး''

သမီးငယ်မှာ ဖခင်ကြီး၏ ခေါ်သံကို မကြား။

ဖခင်၏ ကိုယ်ပေါ်မှ အနီရောင်တဘက်ကိုသာ အငြိုးကြီးစွာနှင့် အပိုင်းပိုင်းအစစ ဖြစ်သွားသည်အထိ ဆုတ်ဖြဲပစ်နေပါတော့သည်။

'ဟမ်း ..ဟမ်း'

'ဖြဲ ..ဖြည်း ..ဖျမ်း'

ဤအနီရောင်သည် သူမနှင့် သံသရာအဆက်ဆက်ကအငြိုးရှိခဲ့သည့် ရန်သူတော်ကြီးတစ်ယောက်နှယ် သဲသဲမဲမဲနှင့်အငြိုးကြီးစွာ ဆုတ်ဖြဲနေရာမှ နောက်ဆုံးကျန်ရှိသော အနီရောင်အစကို ပါးစပ်နှင့်ကိုက်ဖြဲရင်း ရူးရူးဝါးဝါးအော်ဟစ်ကာ ဝုန်းခနဲလဲကျသွားပါလေတော့သည်။

'ဂါး ..ဟမ်း'

''ဟာ ...သ ...သမီး ...သမီးလေး''

အောင်ခြိမ့် စိုးရိမ်စိတ်နှင့်အတူ သသိလစ်လဲကျသွားသည့် သမီးငယ်လေးကို ဆွဲယူပွေ့ချီလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်အစုံသည် ပူပန်စိတ်သောကမီးကြောင့် ပူလောင်ပြင်းပြလျက် ...။

❀ ✿ ❀

အခန်း (၇)

'... မနှင်းသာ ... ပြန်ပါလေဦး ...

အချိန်ကာလက ၁၉၄၅ ခုနှစ်၊ နှစ်ဦးပိုင်းကာလများ။

မြန်မာပြည်အား ကျူးကျော်နယ်ချဲ့ကာ သိမ်းပိုက်ထားသည့် ဖက်ဆစ်ဂျပန်တို့၏ နေမဝင်အင်ပါယာကြီးသည် အချိန်ကာလတည်းဟူသော သခါရတရားအောက်တွင် နေဝင်မိုးချုပ်လုလုအချိန်သို့ ရောက်ရှိနေခဲ့ပါပြီ။

ပြည်နယ် ပြည်မများရှိ မျိုးချစ်တော်လှန်ရေးသမားများ၊ တောင်ပေါ်မြေပြန့်မှ တိုင်းရင်းသား မျိုးချစ်တပ်သားများ၏ တွန်းလှန်တိုက်ခိုက်မှုတို့ကြောင့် မြန်မာ့မြေပေါ်မှ ကစဉ့်ကလျားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်ခွာထွက်ပြေးနေကြရပါသည်။

အမိမြေပေါ်မှ တစ်လက်မမျှ မကျန်ရလေအောင် အသက်သွေးချွေးပေါင်းများစွာနှင့် စွမ်းစွမ်းတမံ တိုက်ခိုက်ခဲ့ ကြသည့် မျိုးချစ်သူရဲကောင်း ရဲဘော်ကြီးများ၊ တိုင်းရင်းသား မျိုးချစ်တော်လှန်ရေးရဲဘော်များသည် နေရာအသီးသီး၊ ဒေသ အသီးသီးမှ နည်းမျိုးစုံနှင့် ဖက်ဆစ်ဂျပန်တို့အား အသက်နှင့်ရင်း ၍ တိုက်ထုတ်နေကြပါသည်။

ထိုသို့သော အချိန်တွင်မှ ပဲခူးရိုးမတောင်ကြောနှင့် ဆက်စပ်လျက်ရှိသော တောင်ညိုတောင်ခြေရှိ ဆင်သေကုန်း ရွာကြီးတွင် မုဆိုးကြီးဘဝမှ အသိတရားဖင်ကာ အသက်ကယ် တင်သည့် ဗိဇ္ဇာဆေးဆရာဘဝသို့ ကူးပြောင်းရောက်ရှိလာ သည့် အောင်မြိုင့်၏အဖြစ်က ရင်နင့်ကြေကွဲဖွယ်ရာပင်။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဤကဲ့သို့သော အဖြစ်မျိုး နှင့် ရင်ဆိုင်ကြုံတွေ့ရလိမ့်မည်ဟု ထင်မှတ်ထားမိခဲ့သဖြင့် ဆင် သေကုန်းရွာကြီးနှင့် မဝေးလှသည့် တောင်ခြေတွင် သူတို့မိသားစု ပြောင်းရွှေ့နေထိုင်ခဲ့ကြခြင်းပင်ဖြစ်သည်။

သူတို့မိသားစုဟု ဆိုသည်မှာ သူ (အောင်မြိုင့်)၊ ဆယ်





နှစ်အရွယ်ရှိ သမီးငယ်လေးနှင့် ကျားပေါက်ကြီး ပေါက်ကျော် တို့ပင် ဖြစ်ပါ၏။ မလွဲမသွေကြုံတွေ့ရမည့် အန္တရာယ်ကို ကြို သိ၍ သိမြင်သဖြင့် ရှောင်လွှဲ၍ ထွက်ခဲ့သည့်တိုင် ဝိဘက်ကြမ္မာ ကနိုင်သေးပြီထင့် ...။ ထပ်ဆင့်၍ လေနီကြမ်းဆင်ကာ ကြွလိုက်သည့် အကုသိုလ်ကြမ္မာဆိုးက အောင်မြိုင့်တို့မိသားစု ပေါ် ဆိုးဆိုးရွားရွား ကျရောက်လာချိန်မှာတော့ ...။

ထိုနေ့က ဆင်သေကုန်းရွာသူကြီး ဦးထန်ခိုလျောင်နှင့် ယမုံရွာသူကြီး ဦးထောင်ခိုတို့၏ ဆင့်ခေါ်မှုကြောင့် ဆင်သေကုန်း ရွာသူကြီး၏နေအိမ်တွင် ဗိန္ဓောဆရာလေး အောင်မြိုင့် ရောက်ရှိ နေပါ၏။

ဦးထန်ခိုလျောင်က သောက်လက်စ ဝါးဆေးတံရှည်ကြီး ဆေးငွေ့မီးခိုးများကို မှုတ်ထုတ်လိုက်ရင်းမှ သက်ပြင်းမော ကြီးခုကို ရော၍ချလိုက်သည်။

"ကျုပ် ဒီစကားမျိုးတွေ ပြောမထွက်တာ အမှန်ပါပဲ ဆရာလေးရယ်၊ ကျုပ် အရမ်းလည်း ဝမ်းနည်းနေမိတယ်၊ ဒါပေ မဲ့ ဆင်သေကုန်းရွာသားတွေ, ယမုံရွာသားတွေနဲ့ ရွာနီးစပ်ချုပ် ရွာစဉ်တွေကပါ ဆရာလေးသမီးနဲ့ ကျားပေါက်ကြီးရဲ့ရန်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စိုးရိမ်သောကတွေ များနေကြလေတော့ ...''

''ဟုတ်ပါတယ် ဆရာလေး ... ကျုပ်တို့ ယမ်းရှာကြီး လည်း ဆရာလေးကို မနှင်ရက်ပါဘူး၊ ကျုပ်တို့မှာ တက စေတနာထားတဲ့ ဆေးဆရာကောင်းဆိုလို့ ဆရာလေးတ ယောက်ပဲ ရှိပါတယ်၊ ဒါ ... ဒါပေမဲ့ ဆရာလေးရယ် ...''

ရွာသူကြီးနှစ်ယောက်လုံး၏ စကားများက လိုရင်း မရောက်နိုင်သော်လည်း ဆေးဆရာလေး အောင်ခြိမ့်ကမူ အဓိ ကို နားလည်သိရှိနေပါပြီတည်း။

''ကျုပ် ... နားလည်ပါတယ် သူကြီးရယ်၊ ရွာသား ဖြစ်စေချင်တဲ့ ဆန္ဒအတိုင်း ကျုပ် အတတ်နိုင်ဆုံး လိုက်လျော အောင် စီစဉ်ပေးပါ့မယ်ဗျာ၊ ဒါ ... ဒါပေမဲ့ ကျုပ်ကို အချိန်နည်း နည်းတော့ ပေးပါဦးသူကြီးရယ်''

ဆေးဆရာလေး အောင်ခြိမ့်၏ နှုတ်ဖျားမှ စကား အချို့က သံစဉ်မညီမညာနှင့် တုန်ခါ၍ ထွက်ကျလာသည်။

တစ်ချိန်သောအခါတွင် ဤကဲ့သို့သော အဖြစ်မျိုး ကြုံတွေ့ကောင်း ကြုံတွေ့နိုင်သည်ဟူသော ထင်မြင်ချက်ကြော လူသူမနီးသည့် တောင်ခြေတွင် ရွှေ့ပြောင်းနေထိုင်ခဲ့သည်။

---





သို့သော် တစ်ဖက်တွင် သောင်ထွန်းလျှင် ကျန်တစ်ဖက် ချင် ကမ်းပြိုတတ်သည်ဟူသော သဘောတရားနှင့်အညီ သူနှင့် ပို၍ကင်းဝေးပြတ်တောက်သွားခဲ့ရရှာသော သမီးငယ် လေးအဖို့မှာမူ ယခင်ကထက် ပိုမိုဆိုးရွားလာခဲ့ပါချေပြီတည်း။

သမီးငယ်လေး၏ ဘဝမှာလည်း လွန်စွာမှ ကြေကွဲဖွယ် ပင်။ လူ့လောကထဲသို့ လူသားတစ်ဦးအဖြစ် တိုးဝင်ရောက်ရှိ သည့်နေ့မှာပင် သူမအား မွေးဖွားပေးခဲ့သည့် လူသားမိခင်မှာ ပါးခဲ့ရသည်။ စကားပြောရမည့်အရွယ်သို့ ရောက်ရှိလာ ည့်မှာလည်း ဂူးဂူးဝါးဝါးမှလွဲ၍ စကားတစ်ခွန်းကို ပီပီပြင်ပြင်နှင့် သဲကွဲကွဲ မပြောတတ်နိုင်ခဲ့ရှာ။

သည်ကြားထဲ အနီရောင်မြင်တွေ့လျှင် ထူးထူးခြားခြား င် ကြမ်းတမ်းစွာ ပေါက်ကွဲတတ်သည့် သူမ၏ ဗီဇသန္ဓေက သူမ၏ ဖြူစင်သောနှလုံးသားကို စွန်းထင်းပေကျံစေပြန်ပါ၏။

တစ်ဖန် လူသူအဖော်၊ ကစားဖော်များ ကင်းဝေးခဲ့သည် တောကြုံအုံကြား တောမြိုင်နက်ထဲဝယ် အဖော်ဟူ၍ ဖခင်ကြီး နှင့် ကျားကြီးပေါက်ကျော်တို့သာ ရှိခဲ့ခြင်းကလည်း သူမ၏ စိတ် သန္ဓေဆိုးကို ပို၍ ညစ်ညမ်းစေရန် တွန်းပို့နေသည်သို့။

---



www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝ၏ အချိန်တော်တော်များများသည် ကျားကြီး ပေါက်ကျော်တည်းဟူသော သားစားသတ္တဝါနှင့်သာ အတူတ ယှဉ်တွဲနေထိုင် စားသောက်ခဲ့ရသဖြင့် လူသားစင်စစ်ဖြစ်ပါလျက် ကျားသတ္တဝါ၏ လေ့စရိုက်များ၊ ဗီဇအကျင့်များက သမီးငယ် လေးအား စိုးမိုးသွားခဲ့လေသည်ထင့် ...။

ပို၍ ဆိုးရွားခဲ့သည့်အဖြစ်မှာ ကျားကြီးပေါက်ကျော်နှ သမီးငယ်တို့ ပူးပေါင်း၍ ရွာအပြင် စားကျက်တွင် လှန်ထားသည် နွားအုပ်ထဲမှ နွားပေါက်တစ်ကောင်ကို ကိုက်ချီဆွဲပြေးသွားခဲ့ ခြင်းပင် ဖြစ်ပါ၏။

ယခု ထိုနွားပေါက်လေးကို ကိုက်ချီသတ်ဖြတ်မှု တစ်ဆင့် မီးနိုးကြွက်လျှောက်လိုက်ကာ နောက်ဆုံး ဗိန္ဓောဆရာ လေး ဦးအောင်မြိမ့်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာ ခြင်းပင်တည်း။

ထိုဖြစ်ရပ်ဆိုးကြီးကို နိဂုံးချုပ်လိုက်သည့်အခါမှာတော့ အောင်မြိမ့်တို့သားအဖ နယ်နှင်ဒဏ်ခတ်ခံရခြင်းဟူသော ကြ ဆိုးကြီး ကျရောက်လာခဲ့ခြင်းဖြစ်ပါတော့သည်။

ရွာသူကြီး ဦးထန်နိုလျှောင်နှင့် ယမုံရွာသူကြီးတို့





ဆရာလေး အောင်မြိမ့်အား စိတ်မကောင်းစွာဖြင့် ကြည့်နေ ကြပါ၏။

"တကယ့်ကို စိတ်မကောင်းပါဘူး ဆရာလေးရယ်၊ ကျုပ်တို့ရွာနီးချုပ်ရွာတွေအတွက် မရှိမဖြစ်တဲ့ ဆရာလေးက ဘက် ...ဟို ...ဟို ...ဟို ...အန္တရာယ်ကြီးတဲ့ ကျား စားမလေးနဲ့ ကျားကြီးပေါက်ကျော်တို့ရဲ့ ရန်ကတစ်ဖက်နဲ့ ...ကျုပ်လည်း ဦးခေါင်းခြောက်နေပြီ ဆရာလေးရယ်"

ဦးထန်နိုလျှောင်က သူ၏ဦးခေါင်းကို တဖျင်းဖျင်းနှင့် တ်ရင်း ညည်းညူပြောဆိုလိုက်သည်။

"ဟင်း ...ဖြစ်လာမှတော့ ဘယ်တတ်နိုင်တော့မှာလဲ ကြီးရယ်၊ ခေတ်ကာလကြီးက မကောင်းရတဲ့အထဲ ဝဋ်ကြွေမှာ ကြီးလှတဲ့ သမီးလေးရဲ့ဘဝကိုပဲ ကျုပ် ရင်နာလို့မဆုံးပါဘူး ကြီး"

"အင်းလေ ...ဒါတွေဟာ နောက်ဆုံးတော့ ဘယ်သူ မိမိမှုဆိုသလို ကျုပ်ကိုယ်တိုင် မွေးခဲ့တဲ့ မီးတွေပဲသူကြီး၊ ကျုပ် ပြုမှုမိုက်မှားမိခဲ့တဲ့ ဝဋ်ကြွေးဟာ နောက်ဘဝမကူးမီ အချိန် တွင်းမှာကိုပဲ ဝိဘက်ကြွမှာငင်သလို ကျုပ်ကိုယ်တိုင် ခံစားနေ



www.burmeseclassic.com

www.burmeseclassic.com



ရတာ ကြာပါပြီ သူကြီးရယ်"

တုန်ယင်အက်ကွဲစွာ ပြောပြနေသည့် ဆရာလေး
အောင်ခြိမ့်ကို ရွာသူကြီးနှစ်ယောက်စလုံး ကြေကွဲစွာ ကြည့်နေ
ပါသည်။

"ကျုပ် ပိုပြီးခံစားရတာက ကျုပ်ရဲ့ အကုသိုလ်ဝဋ်ကြွေး
တွေကို ဘာမှမသိနားမလည်တဲ့ ကျုပ်ရဲ့သမီးလေးဟာ ကြာ
ကနေ ဝင်ပြီး ဓားစာခံ မြေစာပင်ဖြစ်နေရတာကိုပဲ သူကြီး"

"အခုဆိုရင် ကျုပ်ဘဝဟာ ကျုပ်သမီးလေး၊ ကျုပ်
အသည်းနှလုံးဟာ ကျုပ်သမီးလေး၊ ဒီ . . . ဒီသမီးလေးနဲ့ ဘဝ
မိတဆိုးကျားပေါက်ကြီးကို ကျုပ် . . . ကျုပ် ဘယ်လိုလုပ်ပြီ
စွန့် . . . စွန့် . . . စွန့်လွှတ်ပစ်ရမှာလဲ သူကြီးရယ်"

ဆေးဆရာလေး အောင်ခြိမ့်၏ အနီရောင်နှလုံးသား
ပေါက်ကွဲမှုအရှိန်က အဟုန်ပြင်းစွာဖြင့် သူကြီး ဦးထန်ခိုလျော်
ရင်ကို ရိုက်ခတ်လိုက်လေပြီထင့် . . .။ ကြမ်းတမ်းခက်မာလှ
သည်ဆိုသော ယောက်ျားရင့်မကြီးသုံးယောက်တို့၏ မျက်ဝန်း
တွင် မျက်ရည်ကြည်တို့က ရစ်ဝဲတွဲခိုလျက်။

ဆေးဆရာလေး အောင်ခြိမ့်မှာ မည်သူ့ကိုမျှ နှုတ်ဆက်

---

ခ နှစ် စဉ် ကြယ် တာ ပေ



ကားမဆိုတော့ဘဲ ခေါင်းငိုက်စိုက်ချလျက် အသိမဲ့လူသား တစ်
ယောက်နှယ် အိမ်ကြီးပေါ်မှ ဆင်းသွားပါလေတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

## သံယောဇဉ်စည်းဝိုင်းအပြင်မှ ... ဥပေက္ခာပုဂ္ဂိုလ်

အချိန်က နံနက် ဆယ်နာရီကျော်ကျော်မျှသာ ရှိသေးသော်လည်း မိုးလုံးပြည့် မည်းမှောင်နေသည့် မိုးသားတိမ်လိပ်များကြောင့် နေရောင်မမြင်ရချေ။

မိုးသက်လေနံ့ကို သယ်ဆောင်တိုက်ခတ်လာသည့် လေရူးတစ်ချက်က ဗိုလ်ကြီးမင်းမောင်ကို ထိတိုက်ရိုက်နမ်းသွားပါသည်။ စစ်သုံးမှန်ပြောင်းတစ်လက်ဖြင့် ဝန်းကျင်အနှံ့ ဖြန့်ဝဲကြည့်နေသည့် ဗိုလ်ကြီးမင်းမောင်မှာ မှိုင်းမှုန်ညို့မှောင်နေသည့် မိုးရိပ်မိုးသားများကြောင့် မည်သည့်အရာကိုမျှ သဲသဲကွဲကွဲမမြင်



www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် မှန်ပြောင်းကို မျက်နှာပြင်မှ ခွာလိုက်သည်။

မြန်မာ့မျိုးချစ်တပ်မတော်သားတို့ ဖက်ဆစ်ဂျပန်ကို တော်လှန်တိုက်ခိုက်နေကြသည်မှာ သုံးလပင် ကျော်ခဲ့ပါပြီ။ နွေ ဥတုရာသီ ကုန်ဆုံး၍ မိုးရာသီသို့ပင် ကူးပြောင်းခဲ့လေပြီ။

ထိုအချိန်၌ ဗိုလ်လေးမင်းမောင်သည် ဒုဗိုလ်အဆင့်မှ ဗိုလ်အဆင့်သို့ ရာထူးတိုးကာ တပ်ခွဲတစ်ခုကို ကွပ်ကဲအုပ်ချုပ်၍ ပဲခူးရိုးမတောင်ခြေအနီးရှိ ယမုံနာသစ်တောကြိုးဝိုင်းနှင့် တောင်ညိုတောင်ကြောပေါ်တွင် ကိုယ်ပျောက်စစ်သားများအဖြစ် တပ်စခန်းချနေကြခြင်း ဖြစ်ပါသည်။

စစ်တောင်းမြစ်ကို ဖြတ်ကူးကာ ယိုးဒယားဘက်သို့ ထွက်မည်ဟူသော စီစဉ်ချက်ဖြင့် ပဲခူးရိုးမကို ဖြတ်ကျော်ဆင်းလာမည့် ဂျပန်များအား ဤတောင်ညိုတောင်ကြောပေါ်မှ အပိုင်အနိုင် ပစ်ခတ်နိုင်ရန် စောင့်ဆိုင်းနေကြခြင်းလည်း ဖြစ်ပါ၏။

"ဟော့ ... ရဲဘော်နှစ်ယောက် ... ငါနဲ့လိုက်ခဲ့စမ်း ရှေ့နားကို နည်းနည်းလျှောက်ကြည့်ရအောင်၊ စမ်းချောင်းသေး ဘာလေးများ တွေ့နိုင်မလားလို့"

ဗိုလ်ကြီးမင်းမောင်က အနီးအပါးမှ ရဲဘော်နှစ်ဦးကို





...ခါကာ တောင်ညိုတောင်ကြောပေါ်သို့ တက်လာခဲ့သည်။ ဝါးရုံ ...င်အချို့ အုပ်ဆိုင်းနေသည့် တောင်စောင်းတစ်ခုပေါ်မှ ဖြတ်၍ ...အတက်တွင် ရုတ်တရက် ဝါညစ်ညစ်သဏ္ဌာန်တစ်ခုကို ဝါးရုံ ...င်များကြားတွင် တွေ့မြင်လိုက်ရသည်။

"ရှူး ... ရပ်စမ်း ... ဟိုမှာ တွေ့လား"

ဗိုလ်ကြီးမင်းမောင်က ခြေလှမ်းအစုံကို တုံ့ခနဲရပ်လိုက် ... ရဲဘော်နှစ်ယောက်ကို တိတ်တိတ်နေရန် အချက်ပေးရင်း ...တစ်ဖာလုံခန့်မှ ဝါးရုံပင်များဆီသို့ ညွှန်ပြလိုက်သည်။

ဝါးရုံပင်များကြားတွင် ရိပ်ခနဲမြင်တွေ့လိုက်ရသည်က ...ားကြား၍ ဝပ်နေသည့် ဝါညစ်ညစ် တိရစ္ဆာန်တစ်ကောင်၊ ...ဘော်နှစ်ယောက်က လက်မြန်ခြေမြန်ပင် သေနတ်များနှင့် ထို ...ညစ်ညစ်သဏ္ဌာန်ရှင်ကို ထိုးချိန်လိုက်ကြသည်။

"နေ ... နေ ... ခဏနေကြပါဦး"

ဗိုလ်ကြီးမင်းမောင်က ပစ်ခတ်ရန် အသင့်ဖြစ်နေကြ ...သည့် ရဲဘော်နှစ်ယောက်ကို ဟန့်တားလိုက်ရင်း ထိုသဏ္ဌာန်ရှင် ... သေချာစွာ အကဲခတ်နေပါ၏။ သဏ္ဌာန်ရှင်၏ အနေအထား ... တောတိရစ္ဆာန်၏ နေပုံနှင့် မတူညီသောကြောင့် စဉ်းစားရ



www.burmeseclassic.com

www.burmeseclassic.com



ကြုပ်သွားသည်။

"နေကြဦးကွ . . . မင်းတို့ သေချာကြည့်ကြစမ်း . . . အဲဒီသဏ္ဍာန်ကြီးက လုံးဝမလှုပ်ရှားဘူးနော်၊ ငြိမ်ကုပ်နေတာပဲဟေ့"

ရဲဘော်နှစ်ဦးမှာ သူတို့၏ ဗိုလ်ကြီးပြောစကားကြောင့် ရှေ့သို့ သတိနှင့် တိုးဝင်လိုက်ကြသည်။ ဗိုလ်ကြီးမင်းမောင်နှင့် ရဲဘော်နှစ်ဦး အထူးသတိထားကာ ဖြည်းညင်းစွာ တိုးကပ်သွားသည့်အခါကျမှ ဝါးရုံပင်အောက်မှ သဏ္ဍာန်ရှင်ကို သဲကွဲစွာ တွေ့မြင်လိုက်ကြရပါတော့သည်။

"ဟာ . . ဒါ . . ဒါ . . ဘုန်းတော်ကြီးတစ်ပါးပါလား"

ဗိုလ်ကြီးမင်းမောင်၏ နှုတ်ဖျားမှ စကားအချို့ အံ့သြစွာ ထွက်သွားပါ၏။ ဟုတ်ပါသည် . . .။ တင်ပျဉ်ခွေထိုင်ကာ မျက်လုံးမှိတ်ပြီး အသက်မှန်မှန်ရှူလျက် အာနာပါဏကမ္မဋ္ဌာန်း ဝင်စားနေဟန်တူသည့် ဘုန်းတော်ကြီးတစ်ပါးကို သူတို့မြင်တွေ့လိုက်ကြရခြင်း ဖြစ်ပါ၏။

အနီးတွင် သပိတ်တစ်လုံးနှင့် တောင်ဝှေးတစ်ချောင်းကိုပါ တွေ့ရသည်။ ဗိုလ်ကြီးမင်းမောင်က ဘိနပ်ကို အသံမထွက်





စေရန် သတိထား၍ ချွတ်လိုက်ပြီး ဘုန်းတော်ကြီးအား ကြည်ညိုစွာ ဦးချကန်တော့လိုက်ပါ၏။

ဗိုလ်ကြီးမင်းမောင် ကန်တော့ပြီးသောအခါမှ သူ့ရဲဘော်တစ်ယောက်က ဒူးထောက်လျက် အနားသို့ကပ်ကာ လေသံတိုးတိုးဖြင့် ပြောလာသည်။

"ရှေ့မှာ စမ်းချောင်းလေးကိုတွေ့ရပြီ ဗိုလ်ကြီး၊ ကျွန်တော်တို့သွားပြီး ရေဘူးတွေကို ရေဖြည့်ထားနှင့်မယ်"

ဗိုလ်ကြီးမင်းမောင် လှည့်ပြန်ကြည့်လိုက်သည်။ စမ်းချောင်းလေးကို မြင်တွေ့နေရသည်မို့ ရဲဘော်နှစ်ဦးကို ခေါင်းညိတ်ပြီး ခွင့်ပြုလိုက်သည်။

ပြီးမှ တိုးတိတ်သောလေသံဖြင့် . . .

"ရေဘူးတွေ ဖြည့်ပြီးရင် ဆရာခင်အောင်တို့ဆီ ပို့လိုက်တော့၊ ငါ ဒီမှာရှိနေမယ် . . . သွားကြတော့"

ရဲဘော်နှစ်ယောက် ထွက်သွားမှ ဗိုလ်ကြီးမင်းမောင် ဘုန်းတော်ကြီးအား သေချာစွာ ကြည့်လိုက်သည်။

သမာပတ်ဝင်စားနေသည့် ဘုန်းတော်ကြီး၏ သွင်ပြင်မှာ ကြည်ညိုဖွယ် ကောင်းလှပါ၏။ ငြိမ်သက်စွာ တည်ရှိနေသော



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီး၏ မျက်နှာ၊ လည်ပင်း၊ လက် စသည့် သက်နှုံ လစ်လပ်၍ အသားပေါ်သော နေရာများတွင် တောခြင်ရိုင်းများက စုပြုံကိုက်ခဲလျက် …။ ဗိုလ်ကြီး မင်းမောင်က ပခုံးတွင် တင်ထားသည့် မျက်နှာသုတ်ပုဝါငယ်လေးနှင့် ဘုန်းတော်ကြီးကိုယ်ကို မထိမိစေရန် သတိထား၍ ကိုက်ခဲနေသော ခြင်ရိုင်းကြီးများကို အသာအယာ မောင်းနှင်ထုတ်ပေးနေသည်။

ဆယ်မိနစ်ခန့်ကြာသောအခါ ဘုန်းတော်ကြီးမျက်လုံးများက ဖြည်းဖြည်းချင်း ပွင့်လာကြသည်။ ဗိုလ်ကြီးမင်းမောင်ကို မြင်သော်လည်း အံ့သြဟန်မပြ၊ ပကတိတည်ငြိမ်အေးချမ်းလွန်းလှပါ၏။

"အရှင်ဘုရား … အရိယာပထ မျှတပါရဲ့လားဘုရား"

ဗိုလ်ကြီးမင်းမောင်က ရိုသေစွာ လက်အုပ်ချီလျက် လျှောက်လိုက်သည်။

"အင်း … မျှတပါတယ်၊ သင်ကား မည်သူနည်း ဒကာ"

ဘုန်းတော်ကြီး၏အသံက လေးတွဲ့တွဲ့နှင့် တည်ငြိမ်အေးမြလှသည်။





"တပည့်တော် စစ်သားတစ်ယောက်ပါ ဘုရား"

လက်အုပ်ချီလျက် လျှောက်လိုက်သဖြင့် လက်မှနာရီပေါ်သို့ မျက်စိအကြည့်က ရောက်သွားသည်။ နာရီလက်တံက ဆယ့်တစ်နာရီထိုးပြီး၍ ဆယ်မိနစ်တိတိသို့ ညွှန်ပြနေသည်မို့ …

"အရှင်ဘုရား … ဆွမ်းကိစ္စ ပြီးပါပြီလား ဘုရား"

"ငါသည် ဆွမ်းကိစ္စကို ပဓာနမပြုပါ၊ အဆင်သင့်လျှင် စားသည်၊ အဆင်မသင့်လျှင် ကမ္မဋ္ဌာန်းတရားများကို ပွားခြင်းဖြင့် အချိန်ကုန်စေသည်၊ ကြောင့်ကြမှုမဖြစ်ပါနှင့် ဒကာ"

သို့သော် ဗိုလ်ကြီးမင်းမောင်က ဘုန်းတော်ကြီးအပါးမှ သပိတ်ကို ယူလိုက်ပြီး မျက်နှာသုတ်ပဝါလေးနှင့် သန့်စင်ကာ သူ့အတွက် ရိက္ခာထမင်းထုပ်ကို ဖြေလိုက်သည်။

ထို့နောက် သပိတ်အတွင်းသို့ ဆွမ်းဟင်းများကို စနစ်တကျ ထည့်လိုက်သည်။ ခါးတွင်ချိတ်ထားသော ရေဘူးကိုလည်း ဘုန်းတော်ကြီးအား ကပ်လှူလိုက်သည်။

ဘုန်းတော်ကြီးသည် ဗိုလ်ကြီးမင်းမောင် ဆက်ကပ်သော ဆွမ်းကို ခံယူကာ တည်ငြိမ်စွာ ဘုဉ်းပေးတော်မူသည်။ ဆွမ်းတစ်ဝက်မျှ ကုန်သောအခါ ဆွမ်းဟင်းကျန်များကို ဘုန်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



က ပြန်လည်စွန့်ကြဲလိုက်၏။

ဗိုလ်ကြီးမင်းမောင်သည် သပိတ်အတွင်းမှ ဆွမ်းဟင်း ကျန်များကို ပြန်လည်၍ သွန်ယူထားလိုက်ပြီး သပိတ်ကို ဝေ ကြယ်စွာ ဆေးကြော၍ မျက်နှာသုတ်ပဝါလေးနှင့် သန့်စင်ပွတ် တိုက်ကာ မူလနေရာတွင် ပြန်ထားလိုက်ပါလေ၏။

"ဒကာ စစ်သား . . . ယနေ့မှစ၍ ငါးပါးသီလကို လုံခြုံ အောင် စောင့်ထိန်းနိုင်ပါမည်လော"

ရုတ်တရက် စကားအဆက်အစပ်မရှိဘဲ မိန့်ကြားလိုက် သည့် ဘုန်းတော်ကြီး၏ အမေးစကားကြောင့် ဗိုလ်ကြီးမင်းမောင် အတန်ကြာမျှ တိတ်ဆိတ်နေပါ၏။ ပြီးမှ လက်ရှိဘဝနှင့် ချင့်ချိန် ကာ မကွယ်မဝှက်ပင် လျှောက်လိုက်ပါ၏။

"တပည့်တော်၏ ဘဝပေးအခြေအနေကြောင့် သီလ ငါးပါးကို လုံခြုံစွာ ထိန်းသိမ်းရန်မှာ ခက်ခဲလှပါသည်ဘုရား"

"အင်း . . . ဟုတ်ပေသားပဲ ဒကာ၊ သင်ဟာ စစ်သား တစ်ယောက်ဖြစ်နေသည့်အလျောက် ပါဏာတိပါတာကံကို ထိန်း သိမ်းရန် ခက်ခဲပေလိမ့်မည်။ သို့သော် သင်သည် ရန်သူနှင့် ရင်ဆိုင်ရသည့်အခါ, အသက်ဘေးနှင့် ကြုံတွေ့ရသည့်အခါ





[illegible]င်းပြည်, လူထု, စစ်တပ်တို့၏ အသက်ဘေးနှင့် ရင်ဆိုင်ကြုံ တွေ့ရသည့်အခါ ကာကွယ်ရန်အကြောင်းကြောင့် ပါဏာတိပါတ ကံကို ကျူးလွန်ခြင်းမှလွဲ၍ အခြားမဲ့အချိန်များတွင် ထိုကံကို ထိန်းသိမ်းစောင့်ရှောက်နိုင်ပါမည်လော"

"မှန်လှပါဘုရား . . . တပည့်တော်သည် အရှင်ဘုရား မိန့်ကြားသည့်အကြောင်းများမှလွဲ၍ လူကိုဖြစ်စေ၊ တိရစ္ဆာန်ကို ဖြစ်စေ မည်သို့သောသတ္တဝါကိုမျှ အကြောင်းမဲ့သက်သက် သတ် ဖြတ်ညှဉ်းဆဲခြင်း မပြုပါဟု ကတိပေးပါသည်ဘုရား"

"သင့်ပေ၏ ဒကာ၊ အဒိန္နာဒါနာ . . . သူတစ်ပါးပစ္စည်း ကို ခိုးယူခြင်းတို့အပြင် ဥစ္စာရှင်က မကြည်ဖြူ, မသဒ္ဓါဘဲလျက် [illegible]င်၍ ပေးရခြင်း၊ ကြောက်ရွံ့၍ပေးရခြင်း စသောပစ္စည်း, [illegible]တိလိုက်စား၍ ရအပ်သော တံစိုးလက်ဆောင်ပစ္စည်း, လိမ် [illegible]လှည့်ဖြား၍ ရလာသောပစ္စည်း စသော မစင်ကြယ်သည့် ပစ္စည်းများကို သုံးဆောင်စားသောက်မှီဝဲခြင်းမှ ရှောင်ကြဉ်ရမည့် [illegible]န္နာကံကိုရော သင်ဒကာ စစ်သား တစ်သက်ပန်ထာဝရ စောင့်ထိန်းနိုင်ပါမည်လော"

"ဤကံကိုကား . . . တပည့်တော်အဖို့ ချွင်းချက်မရှိ



www.burmeseclassic.com

www.burmeseclassic.com

အသက်ထက်ဆုံး စောင့်ထိန်းပါမည်ဘုရား''

''ကောင်းလေစွ ... ကောင်းလေစွ၊ ကာမေသုမိစ္ဆာ စာရကံကိုလည်း သင် ဒကာစစ်သား စောင့်ထိန်းနိုင်ပါမည် လော''

''တပည့်တော်သည် ကာမပိုင်ရှိသော မိန်းမများအား ကိုယ်, နှုတ်, နှလုံး သုံးပါးစလုံးနှင့် မပြစ်မှား၊ မဖောက်ပြန်ပါ ကတိပေးပါသည်ဘုရား''

''ကောင်းလေစွ ဒကာစစ်သား ... သင်ဒကာသည် မုသာဝါဒကံကိုလည်း ထိန်းသိမ်းနိုင်ပါမည်လော''

''တပည့်တော်သည် စစ်သားဖြစ်သည့်အလျောက် တပ်မကော်ကြီးနှင့် ပြည်သူလူထုအား ထိခိုက်ပျက်စီးမည် ကာကွယ်စောင့်ရှောက်ရမည့်အကြောင်းကြောင့် မုသားဆိုသ သည်ကို ဆိုရမည့်ကိစ္စမှ လွဲလျှင် အခြားသူများ ထိခိုက်ပျက် နစ်နာစေလိုသော စေတနာ၊ ဆင်းရဲဒုက္ခရောက်စေလိုသေ စေတနာဖြင့် မုသားဆိုခြင်းကို အသက်ထက်ဆုံး ရှောင်ကြဉ် မည်ဘုရား''

''အင်း ... သင့်တော်လျောက်ပတ်လှပေ၏ ဒက





စ်သား၊ သူရာမေရယကံကိုကား မည်သို့နည်း၊ ထိန်းသိမ်းနိုင်ပါ ည်လော''

''မှန်လှပါဘုရား ... တပည့်တော်တို့မှာ အထက်က ပေးသည့် အမိန့်အတိုင်း တာဝန်ထမ်းဆောင်နေရသူများ ဖြစ်၍ ာသီဥတု, နယ်မြေဒေသ, အချိန်အခါကို ဆိုင်းငံ့ရှောင်လွှဲနေ၍ ဖြစ်ပါ ...။

ရာသီဥတုဆိုးဝါးသည့်အခါ, နယ်မြေဒေသကြမ်းတမ်း ည့်အခါတို့၌ ကိုယ်ခန္ဓာကျန်းမာရေးကို ငဲ့ညှာ၍ သေရည် ာရက်ကို သောက်သုံးသင့်က သောက်ရပါမည်ဘုရား၊ ့သော် တပည့်တော်သည် မလွှဲမရှောင်သာသည့်အခါ ဆေးဝါး ည်းလုံးဝမရှိသည့် အခါများဝယ် ဆေးအဖြစ် မှီဝဲသောက် ခြင်းမှလွဲ၍ မိမိ၏သဘောဆန္ဒအလျောက် ပျော်ပါးသောက် ခြင်း၊ အခြားတစ်ပါးသော သူများအားလည်း သောက်စားရန် ိုက်တွန်းခြင်းအမှုကိုကား တစ်သက်ပန်လုံး မပြုလုပ်ပါဘုရား''

ဗိုလ်ကြီးမင်းမောင်သည် ငါးပါးသီလကို တတ်စွမ်းနိုင် ရွေ့သာ ထိန်းသိမ်းနိုင်မည်ဖြစ်ပါကြောင်း ရှင်းရှင်းလင်းလင်းနှင့် ်သားစွာပင် ပြန်လည်လျှောက်ကြားလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"သင့်ပါပေတယ် ဒကာစစ်သား . . . ငါးပါးစလုံး အကြွင်းမဲ့ လုံခြုံအောင် မထိန်းသိမ်းနိုင်စေကာမူ ဤမျှသော ကတိသစ္စာပင်လျှင် သင်၏အဖို့ အတန်ပင် လုံလောက်လှပါ ကွယ်"

ဘုန်းတော်ကြီးသည် မိန့်တော်မူပြီးသည်နှင့် ကိုယ်၏ ရှေ့သို့ အနည်းငယ်ကိုင်းကာ ရှိသေစွာ ဦးခေါင်းညွတ်ငိုက်နေ သည့် ဖိုလ်ကြီးမင်းမောင်၏ ဦးခေါင်းကို လက်ယာလက်ဖြင့် ညင်သာစွာ သုံးသပ်တော်မူလိုက်ပါ၏။

ထိုအချိန်လေးတွင် ဖိုလ်ကြီးမင်းမောင်၏စိတ်ဝယ် ထုတ် ဖော်၍ ပြောနိုင်စွမ်းမရှိလောက်အောင်ပင် ကြည်နူးဝမ်းမြောက် ခြင်းတို့ ဖြစ်နေမိပါသည်။ ဘုန်းတော်ကြီးလည်း သူ၏လက်ကို ပြန်ရုပ်သိမ်းလိုက်ပြီး . . .

"သင်ဆိုခဲ့ပြီးသော ကတိသစ္စာကို တစ်သက်လုံး မကျိုး မပေါက်ရလေအောင် ကောင်းစွာ စောင့်ရှောက်ထိန်းသိမ်းထား လေ၊ ငါ၏ ခန္ဓာကိုယ် တည်တံ့နိုင်မြဲစေရန် သင်ဆက်ကပ်သော ဆွမ်းအာဟာရအကျိုးကြောင့်လည်းကောင်း၊ သင်ပြုသည့် ကတိ သစ္စာတန်ခိုးတို့ကြောင့်လည်းကောင်း သင်၏ခန္ဓာကိုယ်သည်





တည်တံ့နိုင်မြဲစွာ အသက်ရှည်ပါစေသတည်း၊ ကိုင်း . . . သွားပေ ဦးတော့ ဒကာစစ်သား၊ ငါ၏ရဟန်းကိစ္စ ပြုဖွယ်ရှိသေးသည်"

ဘုန်းတော်ကြီးသည် ကြည်လင်သောအသံဖြင့် မိန့်တော် မူပြီးလျှင် မျက်လွှာချကာ တိတ်ဆိတ်ငြိမ်သက်စွာ စံနေတော်မူ လိုက်သည်။

ဖိုလ်ကြီးမင်းမောင်သည် ဘုန်းတော်ကြီးအား အတိုင်း မသိသော ကြည်ညိုစိတ်ဖြင့် ထိခြင်းငါးပါးနှင့် ပြည့်စုံစွာ ရှိခိုး ကန်တော့လိုက်ပြီး သူ၏ပစ္စည်းလေးများနှင့် သေနတ်၊ ဖိနပ် သည်တို့ကို အသံမပြည်စေရန် သတိထားယူလိုက်ပြီး ညိုမှောင် သော ဝါးရုံရိပ်မှ တိတ်ဆိတ်စွာ ထွက်ခွာလာခဲ့ပါတော့သည်။

"ဟော . . . ဖိုလ်ကြီးတောင် ပြန်လာပြီဟေ့၊ ကျွန်တော် တို့တောင် အခုပဲထမင်းစားကြတော့မလို့၊ ဖိုလ်ကြီးကို စောင့်နေ ကြတာ"

ရဲဘော်များက ခြေစုံရပ်လျက် အလေးပြုရင်း ပြောလိုက် ၏၊ ဖိုလ်ကြီးမင်းမောင်က မည်သို့မျှ အထွေအထူးစကားမပြော သော့ဘဲ ကျောက်ပြားတစ်ချပ်ပေါ်တွင် ထိုင်ချလိုက်သည်။

"အေး . . . စားကြတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးမင်းမောင်က ပြောပြီး သူ၏ထမင်းထုပ်ကို ဖြည်လိုက်ပါ၏။

"ဟာ . . . ဗိုလ်ကြီး . . . ထမင်းတွေ ဘယ်ရောက်ကုန်တာလဲ"

ကိုယ့်ထမင်းထုပ်ကိုယ် အသီးသီးဖြည်နေကြရာမှ တပ်ကြပ်ကြီးခင်အောင်က ဗိုလ်ကြီးမင်းမောင်၏ ထမင်းထုပ်ကို သေချာစွာ ကြည့်ရင်း မေးလိုက်၏။

"အော် . . . အခုတင်က ဖူးတွေ့ခဲ့ရတဲ့ ဘုန်းတော်ကြီးတစ်ပါးကို လှူခဲ့တယ် ဆရာခင်အောင်"

"ဟာ . . . ဒီလိုဆို ဗိုလ်ကြီး ထမင်းဝမှာမဟုတ်ဘူး ကျွန်တော်တို့ထမင်းတွေ ခွဲပြီးယူလေ"

"တော်ပါပြီကွာ . . . ငါ မဆာတော့ပါဘူး"

ထမင်းဟင်းများ ခွဲပေးမည်ပြုနေကြသော ရဲဘော်များအား ဗိုလ်ကြီးမင်းမောင်က တားမြစ်လိုက်သည်။ အမှန်တကယ်လည်း ဗိုလ်ကြီးမင်းမောင် မဆာတော့ပေ။ သူ့ရင်ထဲဝယ် ဘုန်းတော်ကြီးအား ဖူးတွေ့ပူဇော်ခွင့်ရခဲ့သည့် ကုသိုလ်ပီတိစိတ်ကပြည့်နေသည် မဟုတ်ပါလား။





စားသောက်ပြီးစီးသောအခါ ဆယ့်ငါးမိနစ်ခန့် နားကြပြီး ခရီးဆက်ခဲ့ကြပြန်ပါ၏။ ညို့ညို့ဆိုင်းဆိုင်း၊ မှိုင်းမှိုင်းဝေဝေ၊ မြူခြေတောင်ခိုးတို့ ဖုံးလွှမ်းရောယှက်လျက်ရှိသော တောင်တန်းညို့ညို့ကြီးက လွှမ်းမောဆွတ်ပျံ့ဖွယ် ကောင်းလှပါ၏။

မြင့်မားမတ်စောက်လှသော တောင်နှစ်လုံးကြားမှ ဖြတ်၍ ထွက်လာကြပြီး လျှိုကြီးတစ်ခုအနီးသို့ ရောက်လျှင် ရဲဘော်တစ်ယောက်က လေသံနှင့် ပြောလိုက်၏။

"ညှီစို့စို့အနံ့ကြီး နံနေသလိုပဲကွ၊ ဟော . . . ဟော . . . လေသင့်လာရင် ပိုပြီးတောင် နံလာသလိုပဲဟ"

"ဟုတ်တယ်ဟေ့၊ ညှီစော်နံတာမဟုတ်ဘူး . . . ပုပ်စော်နံတာကွ . . . ဒွေ့ရ"

ရဲဘော်တစ်ယောက်အဆိုကို တခြားသော ရဲဘော် တစ်ယောက်က ထောက်ခံလိုက်သည်။ အသံကျယ်ကျယ်ဖြင့်မဟုတ်။ လေသံမျှဖြင့်သာ ပြောဆိုနေကြခြင်းဖြစ်သည်။

ဟုတ်သည်။ တောင်ကြားတစ်လျှောက်မှ တဖြူးဖြူးတိုက်ခနေသော လေတွင် ညှီစို့ပုပ်ဟောင်သော အနံ့ဆိုးကြီးကို ဗိုလ်ကြီးမင်းမောင်တို့ ရဲဘော်တစ်စုလုံးပင် သတိထား၍ရှိက်မိ



www.burmeseclassic.com

www.burmeseclassic.com



ကြသည် မဟုတ်ပါလား။

သူတို့အားလုံး ခရီးစတင်ထွက်လာကြသည်နှင့် ခြေသံ လုံလုံနှင့် လေသံမျှသာ စကားပြောရန် အထူးကြပ်မတ်မှာကြား ခဲ့ပါ၏။ ဗိုလ်ကြီးမင်းမောင်သည် သူ၏ ရဲဘော်များအား ဆိတ် ငြိမ်စွာနေရန် အချက်ပေးလိုက်ပြီး သူတို့ရှေ့မှ ကာဆီးလျက် ရှိသော၊ ထူထပ်ပိတ်ဆီးနေသော ခြုံကြီးကို ကွေ့၍ ကျော်တက် လိုက်သည်။

ရုတ်တရက် မြင်တွေ့လိုက်ရသော မြင်ကွင်းက ဗိုလ်ကြီး မင်းမောင်၏ ခြေအစုံကို တုံ့ခနဲရပ်သွားစေပါ၏။ ထို့အတူ သူ၏ ရဲဘော်များသည်လည်း နေရာတွင်ပင် သတိနှင့် ရပ်လိုက်ကြ သည်။

ချုံကြီး၏တစ်ဖက် ချုံကွယ်တစ်ခုအောက်တွင်ကား အလျား ကိုးတောင်ကျော်မျှရှိသည့် ကျားကြီးတစ်ကောင်က ဝါကျင်ကျင်အစွယ်ကြီးများဖြင့် ပါးစပ်ကြီးကို ဟင်းလင်းဖွင့်ကာ ခြေပစ်လက်ပစ် အိပ်မောကျလျက်ရှိသည်ကို ထိတ်လန့်အံ့ဩစွာ မြင်တွေ့နေရပါပြီကော ...။

"ဘုရား ... ဘုရား ... ကျားသားအမိသုံးကောင်





ကောင်းစလေးတွေပါလား၊ ကျားမကြီးက မောမောနဲ့ အိပ်ပျော် တာ ဖြစ်မယ်"

ပုပ်သိုးသော အနံ့ဆိုးကြီးကား ကျားကြီး၏ ပွင့်ဟနေ သည့် ခံတွင်းထဲမှ ထွက်လာသည့် အနံ့ဆိုးကြီးပင်ဖြစ်သည်။ ကြီး၏ရင်ခွင်ထဲမှာတော့ ကျားကလေးနှစ်ကောင်က တရွရွ လှုပ်ရှားနေကြသည်။ ကျားသားအုပ်မ ဖြစ်သောကြောင့် အန္တရာယ်ကြီးမားလှသည်ကို သူတို့အားလုံး သိကြပါ၏။

ရဲဘော်များက လက်ထဲမှ အသင့်ကိုင်စွဲထားကြသည့် နတ်များဖြင့် ကျားမကြီးကို ပြိုင်တူနီးပါး ချိန်ရွယ်လိုက်ကြ ဖြင့် ဗိုလ်ကြီးမင်းမောင်က မပစ်ခတ်ရန် လက်ရိပ်ပြ၍ တား လိုက်သည်။

ထို့နောက်မှာတော့ အိပ်မောကျနေသည့် ကျားမကြီးတို့ အားစုအနီးမှ ညင်သာတိတ်ဆိတ်စွာ ဆုတ်ခွာရှောင်ကွင်းလာခဲ့ ပါတော့သည်။ ကျားသားအမိနှင့် အတော်ဝေးဝေး စိတ်ချရ သာ နေရာသို့ရောက်တော့မှ ရဲဘော်တစ်စုမှာ ကျိတ်မနိုင်ခဲမရ စကားသံများ ထွက်လာကြပါ၏။

"တောက် ... ဗိုလ်ကြီးက မပစ်နဲ့ ဆိုလို့သာပေါ့ဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့တစ်တွေ ချက်ကောင်းချိန်ပြီး ဆိုင်ပစ်လိုက် ကတော့ ဒီကျားမကြီး တစ်ချီတည်းကြွတာပေါ့၊ ဟင်း ...ဒီ သေချာပေါက် အပိုင်အနိုင်မျိုးက တွေ့ရခဲတယ် ဗိုလ်ကြီး

ဒုတပ်ကြပ် ရွှေသီးက မချင့်မရဲနှင့် ပြောဆိုလိုက်သ

"အော် ...မင်းတို့ကလည်းကွာ ...ကျားမကြီး တို့ကို ရန်မူနေတာ မဟုတ်ဘူး၊ သူ့ခမျာ ကျားလေးတွေ မွေးပြီးပြီးချင်း မောမောနဲ့အိပ်ပျော်နေရှာတာ၊ ကျားမကြီး သတ်လိုက်ရင် ကျားပေါက်စလေးတွေ ဒုက္ခရောက်ကုန်ကြ ပေါ့"

ဗိုလ်ကြီးမင်းမောင်က သူ၏ရဲဘော်များကို အေးအေး ပင် ဖျောင်းဖျစကားပြောဆိုနေပါ၏။

"ဒါဆိုရင်လည်း တစ်ခါတည်း မျိုးဖြုတ်ပစ်လိုက်တာ ဗိုလ်ကြီးရယ်"

"ကိုယ့်ကို ရန်မမူရင် ကိုယ်က ဘယ်သူ့ကိုမှ စော ရန်မပြု့၊ မညှဉ်းဆဲရဘူး၊ အတတ်နိုင်ဆုံး မေတ္တာတရား ထ ပေါ့ ရဲဘော်တို့ရာ"

သူ့အမိန့်ကို မလွန်ဆန်ဝံ့၍သာ ရဲဘော်များမှာ





နေကြရသည်။ ကျားမကြီးကို ပစ်ချင်နေကြသည်မှာ ရဲဘော် အားလုံးပင် လက်ယားနေကြသည် မဟုတ်ပါလား။

"ဟင်း ...ငါတို့ဗိုလ်ကြီးကတော့ စစ်ဗိုလ်စစ်သား လုပ်ဖို့ မသင့်တော်ဘူး။ စောစောကတွေ့ခဲ့တဲ့ ဘုန်းတော်ကြီးနဲ့ အတူသွားပြီး သက်နိုးဝတ်နေဖို့ပဲ ကောင်းတော့တယ်ဟေ့ .. ဟင်း .. ဟင်း"

တီးတိုး တီးတိုးပြောနေကြသည့် ရဲဘော်များ၏ စကား သံအချို့ကို နားပါးလှသော ဗိုလ်ကြီးမင်းမောင် ကြားလိုက်ရ သဖြင့် ပြုံးယောင်ပင်သန်းသွားပါ၏။

သူ၏နားထဲမှာတော့ လူသူမနီး တောကြီးမျက်မည်းကြီး ထဲတွင် တောရရှုတင်ဆောက်တည်နေသည့် ဘုန်းတော်ကြီး မိန့်ကြားသော စကားသံများကိုသာ ကြားယောင် နေမိပါတော့ သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

### ဝင့်နှင်းကြယ်မှာ ... သို့မဟုတ် ကျားဝိညာဉ်ကျိန်စာ

ဆင်သေကုန်းရွာကြီး၏ လုပသော ဆည်းဆာကို ကျည်း တန်သွားစေသော သေနတ်သံများက တောင်ညို ာင်ခြေတစ်ဝိုက်တွင် ကမ္ဘာပြိုသည့်နှယ် ဆူညံစွာ ထွက်ပေါ် ပါတော့သည်။

'ဒိုင်း ..ဒိုင်း ..ဒက် ..ဒက် ..ဒက် ..ဝုန်း'

ပဲခူးရိုးမကို ဖြတ်ကျော်၍ ဆုတ်ခွာသည့် ဂျပန်စစ် ကြောင်းနှင့် ဗိုလ်နောက်လတ်မောင်၏တပ်တို့ တောင်ညိုတောင် ခြေတွင် ထိပ်တိုက်တွေ့ဆုံကြရာမှ တိုက်ပွဲကြီးတစ်ပွဲ ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းပင်တည်း။

တိုက်ပွဲနှင့် လွန်စွာနီးကပ်သော ဆင်သေကုန်းရွာ

ရွာသူရွာသားများမှာ ကြောက်လန့်တကြားနှင့် ဟစ်အော်ပြေး

နေကြသံများက မကြာမီ တွေ့ကြုံရတော့မည့် အနိဋ္ဌာရုံကို

ဆိုနေသည့်သို့ ...။

"ဟေး ... ဂျပန်တွေ ရွာထဲကို ဝင်လာကုန်ပြီ

... ပြေးကြ ... ပြေးကြ"

"ရွာလုံခြုံရေးကို ဂရုစိုက်ဟေ့၊ ရွာထဲကို ဂျပန်

အဝင်မခံနဲ့၊ မျိုးချစ်တော်လှန်ရေးသမားတွေ အဆင်သင့်

ထားကြ"

ဆင်သေကုန်းရွာသူကြီး ဦးထန်ခိုလျောင်နှင့် ရွာ

ချစ်လူငယ်များမှာလည်း လက်နက်ကိုင်စွဲလျက် ဆင်သေကုန်း

ဘက်သို့ ကျူံဝင်လာမည့် ဂျပန်များကို တိုက်ခိုက်ရန် ပြင်

ကာကွယ်နေကြပါ၏။

'ဒက် .. ဒက် .. ဒက် .. ဝုန်း .. ဝုန်း'

အုန်းခနဲ မြေကြီးပါ တုန်ခါသွားသည့် ပေါက်ကွဲသံ

များကြောင့် မြန်မာ့တပ်မတော်နှင့် ဖက်ဆစ်ဂျပန်တို့၏ ရင်





က်ပွဲက ပြင်းထန်ကြီးမားလှကြောင်း ခန့်မှန်း၍ရပါသည်။

ထိုအချိန်တွင် ဆေးဆရာလေး အောင်ခြိမ့်မှာ ရိက္ခာ

ယ်အိတ်ကြီးကို လွယ်ပိုးလျက် သမီးငယ်ရှိရာ တောင်ခြေတဲ

ယ်သို့ လာရောက်နေချိန်နှင့် တိုက်ဆိုင်နေပါသည်။

"ဟင် ... တောင်ခြေမှာ သေနတ်သံတွေ ဆူညံနေပါ

ား၊ ကွေ့တော့ တပ်မတော်စစ်ကြောင်းနဲ့ ဂျပန်ဖက်ဆစ်တွေ

တွေ့ကြပြီထင်တယ်၊ ဘုရား ... ဘုရား ... သမီးလေးများ

ယ်လိုနေမလဲ မသိဘူး၊ ဗိုက်များဆာနေပြီလား"

အောင်ခြိမ့်၏ စိုးရိမ်စိတ်က ရင်တစ်ခုလုံးကို မီး

ောင်ကြီးတစ်ခု ပေါက်ကွဲသွားသည့်နှယ် ပူလောင်လွန်းလှပါချေ

သည်။ နှလုံးသွေးတို့ကလည်း ဆူဝေစွာ လှုပ်ခါစီးမျောလာ

သည်။

ခြေလှမ်းသွက်သွက်လှမ်းနေရာမှ သမီးငယ်ရှိရာ တောင်

သို့ အပြေးအလွှားပင် ထွက်လာခဲ့ပါ၏။

"ဘုရား ... ဘုရား ... သမီး ... သမီးလေး ဘေး

ရာယ်တွေကြားက လွတ်မြောက်နေပါစေ"



www.burmeseclassic.com

www.burmeseclassic.com



သားသမီးအပေါ် ထားရှိသော ချစ်ဖေါအဟုန်နှင့် အနှိုင်းမဲ့မေတ္တာအင်အားတို့က သူ ခုန်ကျော်ပြေးလွှားနေသည့် ရိုးမတောင်ကြီးကို ကျောက်ခဲယယ်ဘဝသို့ ရောက်ရှိသွားစေသည် လား။

အသက်အန္တရာယ်နှင့်ယှဉ်သော အဟာန့်အတား အ နှောင့်အယှက်များသည်ပင် သေးငယ်သော မြူတစ်မှုံ သဲတစ်ပွင့် အဖြစ်သို့ ရောက်ရှိသွားခဲ့ပြီထင်။

'ဒိုင်း ..ဒိုင်း ..ဒက် ..ဒက် ..ဒက် ..ဝုန်း'

သမီးဖေဖြင့် နှစ်ဖက်တိုက်ပွဲကြားဖြစ်သည့် လွင်ပြင် ကျယ်တစ်ခုကို ဖြတ်၍ အောင်ခြိမ့် ပြေးထွက်လိုက်သည်။

''ဟာ ... ဆရာလေး ... ဆရာလေး ... မပြေးနဲ့လေ မပြေးနဲ့ ... ဝပ် ... ဝပ်နေ ... ဝပ်နေ''

ဆင်သေကုန်းရွာမှ တော်လှန်ရေးသမားများက ဟစ် အော်သတိပေးနေသည့်ကြားမှပင် အောင်ခြိမ့်မှာ ရိက္ခာအိတ်ကို လွယ်သိုင်းလျက် သမီးငယ်ရှိရာသို့ ပြေးဝင်လာခဲ့သည်။

'ဒိုင်း ..ဒိုင်း ..ဒက် ..ဒက် ..ဒက် ..ဝုန်း'

ထိုစဉ် ဝုန်းခနဲ ကျယ်လောင်စွာ မြည်ဟည်းထွက်ပေါ်





လာသည့် ပေါက်ကွဲသံကြီးများနှင့်အတူ အောင်ခြိမ့်ခမျာ လွင့် စဉ်မြောက်တက်သွားသည်။

''ဝုန်း ...အုန်း ...အား''

မြေပြင်ထက်သို့ လွင့်စဉ်ပြုတ်ကျလာခဲ့ချိန်မှာတော့ အောင်ခြိမ့်တစ်ကိုယ်လုံး မြင်မကောင်းအောင် သွေးခြင်းခြင်းနီ နေပါချေပြီကော။

''အား ...အီး ...ကျွတ် ...ကျွတ် ...သ ... သ ...သမီးလေး''

ဗုံးတစ်လုံး၏ ပေါက်ကွဲမှုတွင် အဖျားခတ်ထိကာ အောင် ခြိမ့်တစ်ယောက် အကြီးအကျယ် ဒဏ်ရာရရှိသွားပါချေပြီ။

''အ ...သမီး..သမီး ...သမီးလေး''

ခပ်လှမ်းလှမ်းတွင် လွင့်စဉ်ကျနေသည့် ရိက္ခာအိတ်က တော်ပြတ်ပေါက်ပြဲလျက်။ အမဲခြောက်၊ ဆတ်သားခြောက်၊ သစ် သီးအချို့နှင့် ငှက်ပျောဖီးများက မြေပြင်ထက်တွင် ဖိတ်တစ်ဝက်၊ စဉ်တချို့နှင့်။ အချို့ရိက္ခာခြောက်များကမူ သွေးစေးများဖြင့် ခြိမ်းကျံလျက်။

''အား ..အ ..ဒီ ..ဒီအချိန်ဆိုရင် ငါ့ ..ငါ့ သမီး



www.burmeseclassic.com

www.burmeseclassic.com



...သမီးလေး ..ဆာ ..ဆာနေရှော့မယ် ...အ ..အား''

ရိက္ခာအိတ်ရှိရာသို့ ကြိုးစားရုန်းကန်၍ ကုန်းရုန်းထလိုက်သည်။ လှုပ်ရှားလိုက်တိုင်း အသည်းနှလုံးခိုက်မျှ နာကျင်မှုများက နေရာအနှံ့မှ ခံစားနေရသည်။

တစ်ဆက်တည်းမှာပင် အောင်ခြိမ့်၏ အမြင်အာရုံတွင် ဒရယ်ပေါက်တစ်ကောင်ကို ကိုက်ချီဆွဲလာသည့် ဒဏ်ရာရ ကျားမကြီးမြီးတို ...။

ဒဏ်ရာများကြားမှ ကုန်းရုန်းထကာ တုန်ယင်ချည့်နဲ့စွာဖြင့် သူမ၏ ကျားသားပေါက်လေးဆီသို့ အစာကိုကိုက်ချီ သယ်ဆောင်လာသည့် ကျားမကြီး၏ ရုပ်ပုံလွှာကို ဝိုးတဝါး တွေ့မြင်နေရသည်။

''ဘုရား ...ဘုရား ...ကယ်တော်မူပါ၊ ကျား ...ကျားမကြီးမြီးတိုရဲ့ ဝိပါက်ကြမ္မာက နောက်ဆုံးအချိန်အထိ ငါ့ကို ...ငါ့ကို အနိုင်ယူနေဦးမှာလား မ ...မသိဘူး ...အ ...အား''

မိမိပြုခဲ့ဖူးသော အကုသိုလ် မကောင်းမှု ဒုစရိုက် အ... ဒွာရံ ဝိပါက်ကြမ္မာများသည် မိမိနောက်သို့ အရိပ်လို ထက်ကြပ်





မှာ တကောက်ကောက်နှင့် လိုက်ပါလာခဲ့ချေပြီလား။

အကြားအာရုံတွင် သေနတ်သံများနှင့် ပေါက်ကွဲသံများကို ကြားနေရဆဲပါ။ ရှေ့တစ်ဆစ်ချိုးကွေ့ကျော်လျှင် သူနေထိုင်ရာ တောင်ခြေတဲအိမ်သို့ ရောက်ပြီဖြစ်ပါ၏။ အားတင်း၍ ကုန်းရုန်းထကာ ရှေ့လျှောက်လိုက်သည်နှင့် ဒဏ်ရာများက အသည်းခိုက်မျှ နာကျင်ဖွယ် ခံစားလိုက်ရသည်။

''အ ...အာ ...ကျွတ် ...ကျွတ်''

အောင်ခြိမ့်၏ အမြင်အာရုံများက ဝေဝါးထွေပြားစ ပြုနေပြီ ဘာကိုမျှ သဲကွဲစွာ မမြင်ရပါလေတော့။ ထိုစဉ် သူ့ထံသို့ ပြေးဝင်လာသည့် သမီးငယ်လေးကို ဝိုးတဝါးမြင်တွေ့လိုက်ရသည်။

''အ ...သမီး ...သမီး ...သမီးလေး''

ဝမ်းသာအားရနှင့် ဟစ်အော်ခေါ်ငင်လိုက်သည့်တိုင် အောင်ခြိမ့်၏အသံတို့က လည်ချောင်းဝမှာပင် တိုးတိမ်ပျောက်ကွယ်သွားသည်။ ဖခင်ကြီးကို ပွေ့ထူရန် ပြေးဝင်လာသည့် သမီးငယ်မှာ ဒဏ်ရာများနှင့် သွေးအိုင်ထဲတွင် လဲကျနေသော အောင်ခြိမ့်ကိုကြည့်ကာ ရုတ်တရက် ရပ်တန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးငယ် မြင်တွေ့နေရသည်က ဖခင်ကြီး အောင်ခြိမ့် မဟုတ်တော့။ သွေး ... သွေး ... သွေးတွေ။ သွေးအနီရောင်တွေ။ ဘဝအဆက်ဆက်မှ ကျိန်စာသင့်လာသည့် အနီရောင် အနီရောင် အပိုင်းအစတွေ။ ယခု ... သည်အနီရောင်တွေက သူမနှင့် ဖခင်ကြီး၏ ဘဝကို ဖျက်ဆီးပစ်ကြလေပြီလား။

ရင်ထဲမှ နာကျင်ပေါက်ကွဲမှုတို့သည် လည်ချောင်းဝ တစ်ဆင့် အပြင်သို့ ရုန်းကန်ဖောက်ထွင်း၍ ထွက်ကျသွားသည် ခဏမှာပင် ရိုးမတောင်နှင့် တောင်ညိုတောင်ကြောတစ်တော ကျားဟိန်းသံကြီးများက ကျယ်လောင်စွာ ပွဲတင်ညံသွားပါ ပြီတည်း။

'ဝေါင်း ..ဂရား ..ဝေါင်း'

သူမ၏ရင်ကို ထုရိုက်ကာ အရိုင်းကောင်တစ်ကောင်န စူးစူးဝါးဝါးဟစ်အော်နေသည့် သမီးငယ်၏ ပုံရိပ်တို့က အောင် မျက်ဝန်းတွင် တဖြည်းဖြည်း ရီဝေမှုန်ဝါးလာကြသည်။

အနီရောင်သွေးတို့ စွန်းထင်းပေကျံလျက်ရှိသော အ ခြောက်စည်းများ၊ ငှက်ပျောဖီးများနှင့် ရိက္ခာခြောက်များက သ ငယ်လေးရှေ့တွင် ပြန့်ကြဲနေကြသည်။





တစ်ချိန်တည်းမှာပင် သူ၏ ကျားပေါက်သားငယ်လေး များအတွက် သေအံ့မူးမူးအချိန်မှာပင် ဒရယ်ပေါက်ကြီးကို ကိုက်ချီ သယ်ဆောင်လာသည့် ကျားမကြီးကို အောင်ခြိမ့် ပိုးတဝါးမြင် ယောင် လိုက်မိချိန်မှာတော့ ဝိပါက်ကြမ္မာနှင့် ဆန်းကြယ်လှသော ဝဋ်တုံ့ဝဋ်လှည့် သံသရာသဘောကို သူ နားလည်သဘောပေါက် သွားပါချေပြီ။

သို့သော် ထိုအသိတရားတို့သည် နောက်ကျသွားခဲ့ပါပြီ ကော။

"အို ...ကျေး ...ကျေးဇူးရှင် မြတ် ...မြတ်စွာ ဘုရား ...တ ...တပည့်တော်အပေါ်မှာ တင် ...တင်ရှိနေတဲ့ ဝဋ်တုံ့ဝဋ်ကြွေးတွေ ရှိ ...ရှိခဲ့ရင် ဒီ ...ဒီဘဝမှာ ဒီ ...ဒီမျှနဲ့ ...ကျေပါစေတော့ဘုရား။ ဘ ...ဘု ...ဘုရားကို ...ကွယ်ပါ၏၊ တ ... တ ...တရားကို ကိုးကွယ်ပါ၏။ ...သံ ...သံဃာကို ကိုး ... ကိုး ...ကိုးကွယ် အ ...အား ..."

အောင်ခြိမ့်ခမျာ စကားကိုပင် ဆုံးအောင်မပြောနိုင် ၊ အားယူ၍ ပါးစပ်တစ်ချက်အဟမှာပင် ခေါင်းလည်ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားကာ ငြိမ်သက်သွားပါတော့သည်။ ကျားမကြီး မြီးတိုနှင့် ဝဋ်ကြွေးအတုံ့အတင် ရှိခဲ့ပါသော အောင်မြိမ့်တစ်ယောက် လူ့လောကကြီးထဲမှ အပြီးအပိုင် ထွက်ခွာသွားခဲ့ရပါချေပြီကော။

ဘဝအဆက်ဆက်မှ အနီရောင်ကျိန်စာသင့်ခဲ့၍ပင်လော။ ပြုမှားမိခဲ့သည့် အတိတ်ဝဋ်ကြွေးကြောင့်လော၊ သို့တည်းမဟုတ် တိုက်ဆိုင်ခဲလှသော တိုက်ဆိုင်မှုတစ်ခုကြောင့်ပင်လေလားမသိ၊ အောင်မြိမ့် သေဆုံးခဲ့ရသည့်နေ့ရက်သည် သူ၏သမီးလေး လူ့လောကထဲသို့ ရောက်ရှိလာသည့်နေ့၊ သို့တည်းမဟုတ် သားသည်မိခင် ကျားမကြီးမြီးတိုအား သူ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် နေ့ရက်နှင့် ထပ်တူထပ်မျှ တိုက်ဆိုင်တူညီနေခြင်းက ဆန်းကြယ်ထူးခြားလှသည့် ဂမ္ဘီရဖြစ်စဉ်များလေလားဟု တွေးထင်နေမိပါတော့သည်။

❀ ❀ ❀



## အခန်း (၁၀)

### မေတ္တာ၏အနှိုင်းမဲ့စွမ်းအား

အချိန်မှာ နံနက်ဆယ့်တစ်နာရီကျော်ကျော်မျှသာ ရှိသေးသော်လည်း မိုးလုံးပြည့် မည်းမှောင်နေသည့် မိုးသားမိုးရိပ်များကြောင့် နေရောင်ကို မမြင်ရချေ။ မိုးသက်လေက တဟူးဟူး တိုက်ခတ်နေသည်။ ထူထပ်သော တောရိပ်တောင်ရိပ်များကြောင့် ဖြာဝေမှိုင်းမှောင်နေပြီး ရာသီဥတုက စိမ့်နေအောင်အေးနေပါ၏။

တဟူးဟူးတိုက်ခတ်နေသည့် မိုးသက်လေကြောင့် သစ်ပင်၊ ဝါးပင်များ၏ အကိုင်းချင်းပွတ်တိုက်သံ၊ ရိုက်ခတ်သံများမှလွဲ၍ မည်သည့်အသံမျှ မကြားရ။ မှိုင်းမှုံသော မိုးရိပ်



www.burmeseclassic.com

www.burmeseclassic.com



မိုးတိမ်များနှင့် ထူထပ်သော သစ်ရိပ်ချုံရိပ်များကြောင့် လှိုဏ်ကြီးထဲတွင် အလင်းရောင် လုံလောက်အောင်မရ၊ နေဝင်ဆည်းဆာအချိန်ကဲ့သို့ ခပ်မှောင်မှောင် ဖြစ်နေပါသည်။

ဤ လှိုဏ်ကြီးအတွင်းဝယ် ဗိုလ်ကြီးမင်းမောင်နှင့် သူ၏ရဲဘော်များက ရန်သူအလာကို တိတ်ဆိတ်ငြိမ်ဝပ်စွာ စောင့်ဆိုင်းလျက်ရှိပါ၏။ ဗိုလ်ကြီးမင်းမောင်သည် ရဲဘော်များကို တစ်နေရာတည်းတွင် စုဝေးမထားချေ။ ပျောက်ကျားစစ်ဆင်နည်းအစ ရန်သူဆုတ်ခွာမည့် လမ်းတစ်လျှောက် လူခွဲ၍ စောင့်နေကြခြင်းဖြစ်သည်။ဗိုလ်ကြီးမင်းမောင်နှင့်အတူ ဤလှိုဏ်ကြီးထဲဝယ် ရဲဘော်ဆယ့်ခြောက်ယောက်မျှသာ ရှိနေပါ၏။

သတင်းအရဆိုလျှင် ရောဝတီမြစ်ဝှမ်းဘက်မှ ကစ ကလျား ဆုတ်ခွာလာကြသည့် ဖက်ဆစ်ဂျပန်များသည် ရိုးမ ကျော်ဖြတ်၍ ဤမှာဘက်သို့ ဆင်းလာနေကြပြီဟု သိရသည် ရိုးမကို ကျော်ဖြတ်ရာတွင် အရှေ့ဘက်မြေပြန့်သို့ ထွက်ရာလမ်း မှာ ဤတောင်ညိုတောင်ကြောသည်သာလျှင် ထွက်လမ်းအဆ ပြေသဖြင့် ဤနေရာမှ ကြိုတင်၍ စောင့်ဆိုင်းနေကြခြင်း ဖြ သည်။

---





နေ့ခင်းတစ်နာရီကျော်ကျော်ခန့်မှာတော့ တောင်ပေါ်မှ တောတိုးသံအချို့ကို စတင်၍ ကြားလာရပါ၏။ မကြာမီ ဖက်ဆစ်ဂျပန်တပ်ကြီး တောင်ပေါ်မှ လိမ့်ဆင်းလာကြသည်ကို မြင်တွေ့လိုက်ရပြီ ဖြစ်ပါ၏။

သို့သော် ဂျပန်တပ်၏အင်အားမှာ ကြိုတင်သတင်းရ သားသည်ထက် အဆမတန် များပြားလှပါ၏။ လူအင်အားမှာ သည်း တပ်ရင်းတစ်ရင်းစာမျှပင် ရှိသည်။ စက်သေနတ်၊ စက် အမြောက်များကလည်း အသင့်အနေအထားဖြင့် တပ်ဦးမှ ဆင် ချက်သား ပါလာကြသည်။

ဂျပန်စစ်သားတိုင်းလိုလိုပင် လက်ထဲမှ သေနတ်အပြင် မှာ လက်ပစ်ဗုံးတွေ၊ ကျည်ကပ်တွေ တပြုံတမကြီး ချိတ်လျက် သား တွေ့မြင်နေရပါ၏။ အုပ်ချုပ်သူ အကြီးအကဲဖြစ်ဟန် သည့် ဂျပန်ဗိုလ်မှူးနှစ်ယောက်က မှန်ပြောင်းတစ်လက်စီဖြင့် နောက်ဝဲယာကိုကြည့်ရင်း လိုက်ပါလာကြသည်။

“အားပါးပါး . . . များလှချည်လား ဆရာခင်အောင်ရေ အင်အားကရော တပ်ရင်းတစ်ရင်းလောက် ရှိမယ်ထင်တယ်၊ နက်ကြီးတွေရော, လက်နက်ငယ်တွေပါ မနည်းမနောပဲဗျို့”

---



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးမင်းမောင်သည် ရိုးမတောင်ထက်မှ ဆင်းချလာ သည့် ဂျပန်စစ်တပ်အခြေအနေကို မှန်ပြောင်းဖြင့် ကြည့်ရင်း အနီးရှိ တပ်ကြပ်ကြီးခင်အောင်ကို ပြောပြနေပါသည်။

လတ်တလော ပြောင်းလဲသွားသည့်အခြေအနေကြောင့် ဗိုလ်ကြီးမင်းမောင်နှင့် သူ့ရဲဘော် ဆယ့်ခြောက်ယောက်တို့ လျှိုကြီးထဲတွင် သတိကြီးစွာဖြင့် ငြိမ်နေကြရပါ၏။ တပ်ကြပ်ကြီး ခင်အောင်ကလည်း စိတ်မချစွာဖြင့် ဗိုလ်ကြီးမင်းမောင်ကို … တိတ်စွာ သတိပေးလိုက်သည်။

"ဗိုလ်ကြီး … လက်ရှိအခြေအနေအတိုင်း သွား… တိုက်လို့ကတော့ ကျွန်တော်တို့ တပ်စုလေး စိစိညက်ညက်ကြေ… သွားမှာ သေချာတယ်နော"

ဗိုလ်ကြီးမင်းမောင်မှာ အခြေအနေကို တိတ်ဆိတ်… စောင့်ကြည့်ရင်း မည်ကဲ့သို့ စီစဉ်ရမည်ကို ဆင်ခြင်တွေးဆ… ပါ၏။

ဗိုလ်ကြီးမင်းမောင်တို့လက်ထဲတွင် ရိုင်ဖယ်ဆယ့်… လက်၊ စက်သေနတ် တစ်လက်၊ ဓားရှည်သုံးလက်၊ လက်ပစ်… ဆယ်လုံး။ ဗိုလ်ကြီးမင်းမောင်တွင် ဓားရှည်တစ်လက်၊ ရိုင်ဖယ်…





…စ်လက်နှင့် ခြောက်လုံးပြူးတစ်လက်သာ ရှိသည်မဟုတ်ပါ လား။

ဤလူအင်အား၊ လက်နက်အင်အားလေးနှင့်သွား၍ …လို့ မဖြစ်၊ သူနှင့် ရဲဘော်ဆယ့်ခြောက်ယောက်တို့မှာ ဆရာခင် အောင်ပြောသလိုပင် မှုန့်မှုန့်ညက်ညက်ကြေသွားပေလိမ့်မည်။ သတ္တိမကြောင်သော်လည်း အကျိုးမဖြစ်ထွန်းသည့် မိုက်ရူးရဲ အလုပ်မျိုးကို ဗိုလ်ကြီးမင်းမောင် မလုပ်လိုပေ။

ဂျပန်တပ်ကြီးတစ်ခုလုံး သူတို့ကို ကျော်ဖြတ်သွားမည့် အချိန်ကိုသာ ဗိုလ်ကြီးမင်းမောင်တို့ စိတ်ရှည်လက်ရှည် စောင့်ရပေတော့မည်။

ကျော်ဖြတ်သွားသော ဂျပန်တပ်ကြီးနောက်ပိုင်းမှ အလစ် ဝင်ရောက်တိုက်ခိုက်မည်။ ထိုအချိန်ဝယ် လူစုခွဲ၍ စောင့်နေကြသော သူ့ရဲဘော်များ၏ ရှေ့တူရူသို့ ဂျပန်တပ်ကြီး၏ …ါးလည်ပိုင်းသည် ရောက်သင့်နေလောက်ပြီဖြစ်ပါ၏။ သူ၏ အချက်ပေးပစ်ခတ်သော သေနတ်သံကြားလျှင် သူ၏ရဲဘော် များကလည်း တစ်ချိန်တည်း တိုက်ခိုက်ကြပေလိမ့်မည်။

ထိုရောအခါ ဂျပန်တပ်ဦးမှာ ရောက်ရှိနေသော စက်…



www.burmeseclassic.com

www.burmeseclassic.com



အမြောက်သေနတ်ကြီးများသည် နောက်ပိုင်းသို့ ပြန်လှည့်ပစ်ခ ရန် အခွင့်သာတော့မည်မဟုတ်ဟု ဗိုလ်ကြီးမင်းမောင် အကွ ကျကျ တွေးဆနေမိသည်။

ဟုတ်သည်။ မျိုးချစ်တပ်မတော်၏ ပျောက်ကျားစနစ် ချုံခိုတိုက်ခိုက်ခြင်းခံရသော ဂျပန်များအဖို့ မည်သည့်နည်း မဆို လွတ်ရာလွတ်ကြောင်းသို့ ခိုအောင်းပြေးလွှားရင်း ပြန် သွားကြမည်ဖြစ်ရာ သူတို့ပစ်ခတ်မည့် စက်အမြောက်၊ စ သေနတ်ကျည်ဆံများသည် သူတို့လူတွေကိုသာ ပြန်လည်ထိ ပေလိမ့်မည်။

စက်အမြောက်၊ စက်သေနတ်ကျည်ဆံများ ကြချ ချိန်ဝယ် တောကျွမ်းပြီးဖြစ်သော မျိုးချစ်တပ်မတော်သားမျ မှာကား ဘေးလွတ်ကင်းရာသို့ ရောက်နှင့်နေပြီဖြစ်ပေမည်။

ဗိုလ်ကြီးမင်းမောင်က ထိုသို့တွက်မိသည့်အတိုင်း ဂျပ စစ်တပ်ကြီး သူတို့ကို ဖြတ်ကျော်ချီတက်သွားသည့် အချိန်ထိ စောင့်စားရင်း သူ၏ရဲဘော်များနှင့်အတူ လျှိုကြီးထဲတွင် တိတ် ဆိတ်စွာ ငြိမ်သက်နေကြပါ၏။

သို့သော် ဖြစ်ချင်တော့ ဂျပန်များကား ရှေ့သို့ ဆက်

ခု နှစ် စဉ် ကြယ် စာ ပေ



ဘက်ကြတော့ပေ။ အတော်ပင် ခရီးပန်းလာကြဟန်တူသည် ဆင့် ...။ ဗိုလ်ကြီးမင်းမောင်တို့ ခိုအောင်းနေရာ လျှိုကြီးနှင့် ကိုက်နှစ်ရာနီးပါးအကွာတွင် စခန်းချရပ်နားနေကြပါတော့သည်။ က်အမြောက် ပြောင်းဝကြီးကလည်း ဗိုလ်ကြီးမင်းမောင်တို့ အောင်းရာ လျှိုကြီးဘက်သို့ တည့်တည့်ကြီးချိန်၍ နေရာချထား ကိုက်သဖြင့်လည်း ရဲဘော်အားလုံး မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားကြရပါလေ၏။

"ဘုရား ... ဘုရား ... စက်အမြောက်ပြောင်းဝက ည်း တိုက်တိုက်ဆိုင်ဆိုင် ငါတို့ဘက်ကိုမှ ပြောင်းလှည့်ထားရ ယ်လို့ကွာ ... ဟင်း"

ဗိုလ်ကြီးမင်းမောင် အကြိတ်အခဲများဖြင့် သက်ပြင်းချ က်သကဲ့သို့ ရဲဘော်များမှာလည်း တစ်ယောက်မျက်နှာ စ်ယောက် ကြည့်လိုက်မိကြပါ၏။ ဘေးကျပ်နံကျပ် အသက် ကျပ် ဖြစ်နေကြသည်။ ရန်သူများရှိရာသို့ အာရုံစူးစိုက်ကြည့် ာ မည်ကဲ့သို့ ထဖောက်ထွက်ရမည်ကို အကြံယူနေဆဲဝယ် ူတို့၏နောက်ပါးမှ ကပ်၍ ဒုတိယရန်သူကြီးဟစ်ကောင်က တ်တရက် ပေါ်ပေါက်လာပြန်ချေပြီတည်း။

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



'ရှူး ..ရှူး ..ရှူး'

"ဟာ ...မြွေ ...မြွေကြီး"

နတ်ဖျားမှ အလန့်တကြားနှင့် ရုန်းကန်ထွက်လာ အသံများကို ရဲဘော်တိုင်း ရင်ဘတ်ထဲသို့ ကပျာကယာ မ လိုက်ကြရသည်။ ဤအချိန်တွင် စိုးစဉ်းမျှပင် အသံမထွက် မှန်း အားလုံး မပြောဘဲနှင့် သိနေကြပါ၏။

ထမင်းစားပန်းကန်ပြားကြီးတမျှ ကြီးမားဝိုင်းစက် ပါးပျဉ်းကြီးကို ထောင်ကာ ကြောက်မက်ဖွယ် မာန်ဖီနေ တောကြီးမြွေဟောက်ကြီးကိုကြည့်ကာ အားလုံးပင် ကြက် သေသွားကြပါသည်။ အနီးဆုံးဖြစ်သည့် ဗိုလ်ကြီးမင်းမောင် သုံးတောင် နီးပါးမျှသာ ကွာဝေး၏။ သေနတ်ဖြင့် ပစ်ခတ်၍ လုံးဝမဖြစ်။

ဤနေရာတွင် သူတို့ရှိကြောင်း ရန်သူဂျပန်များကို အ ပေးခေါ်ယူလိုက်သကဲ့သို့ ဖြစ်သွားပေလိမ့်မည်။ ယခုမှ ခ ဖက်ဆစ်ဂျပန်များလက်နက်ဖြင့် မသေ၊ တောကြီးမြွေဟော ကိုက်၍ သေကြေရပေတော့မည်။

ရဲဘော်များက သေနတ်ဒင်ဖြင့် ဖိဖမ်း၍ မားဖြ





တ်လိုး သတ်ဖြတ်ရန် စီစဉ်ကြ၏။ သို့သော် ထိုအကြံအစည် အကောင်အထည်ဖော်ရန်ကား ခဲယဉ်းလှသည်။ အကြောင်း မြွေကြီး၏ အရွယ်ပမာဏမှာ လွန်စွာကြီးမားရှည်လျား န်းလှသောကြောင့် ဖြစ်ပါ၏။ ဤမျှ အလုံးအထည်ကြီးမား သည့် မြွေကြီး၏အင်အားမှာ မသေးလှပါ။ ဖမ်းဆီးရန် လှုပ်လှုပ် ရှားပြုလိုက်သည်နှင့် တစ်ပြိုင်တည်း အကိုက်ခံရမှာက သေ သည်။

အလင်းရောင်အားနည်း၍ ခပ်မှောင်မှောင်ဖြစ်နေသော ကြီးထဲတွင် မြွေကြီး၏ မျက်လုံးနှစ်လုံးက တလက်လက် ရောင်ထွက်လျက်။ ယိမ်းထိုးလှုပ်ရှားနေသော မြွေကြီး၏ သော ပါးစပ်နှင့် ရှည်လျားစွာထွက်နေသည့် လျှာနီနီလေး ခွက ဗိုလ်ကြီးမင်းမောင်မျက်နှာနှင့် နှစ်တောင်မျှပင် မဝေး င်တော့။

ချမ်းစိမ့်စိမ့် လျိုကြီးထဲဝယ် ဗိုလ်ကြီးမင်းမောင်နှင့် ဘော်တစ်စု ဖော့ချွေးများပြန်လျက်ရှိနေကြပါချေပြီကော။ န်သူဂျပန်များနှင့် သူသေကိုယ်သေ သတ်ရဲဖြတ်ရဲကြသော ဘော်များ၏မျက်နှာများသည် ကြောက်မက်စက်ဆုပ်ဖွယ်



www.burmeseclassic.com

www.burmeseclassic.com



မြွေကြီးကို မျက်လုံးအပြူးသားနှင့်ကြည့်ကာ အသက်ရှူပင် …
တန့်သွားကြလေပြီထင့်။ မြွေကြီးနှင့်ပြိုင်၍ နပန်းလုံးရန်လည်း
မဖြစ်။ ထ,၍ပြေးရန်လည်း မလွယ်ကူ။ ယခုမှ တကယ့် …
ဘေးကျပ်နံကျပ်၊ ရှေ့ကျပ်နောက်ကျပ် နှင့် အသက်ရှူ …
ကျပ်နေပါချေပြီတည်း ...။

နောက်ဆုံးတော့ ဗိုလ်ကြီးမင်းမောင်မှာ ဘုရားမှ …
ပါး အားကိုးဖွယ်ရာမရှိတော့။ တောကြီးဂနိုင်ထဲဝယ် သူ ထူး …
ခြားခြား ဖူးတွေ့ခဲ့ရသည့် ဘုန်းတော်ကြီးကို ရည်မှန်းရှိခိုး …
သူ၏ကတိသစ္စာများကို ပြန်လည်ဆင်ခြင်တွေးတောရင်း မြွေကြီး …
ကို စိမ်းစိမ်းကြည့်လျက် မေတ္တာပို့လိုက်ပါတော့သည်။

''အသင်မြွေမင်း ...ငါတို့သည် သင့်အား ရန် …
ညှဉ်းဆဲရန် ရောက်လာကြခြင်းမဟုတ်ပါ၊ တိုင်းပြည်, လူမျိုး …
ဘာသာ, သာသနာအတွက် ကာကွယ်စောင့်ရှောက်ရန်သာ …
လာခဲ့ကြခြင်းဖြစ်ပါ၏၊ သင် မြွေမင်းအား ငါတို့ ရန်မမူပါ၊ …
အတူ သင်ကလည်း ငါတို့အား ရန်မပြုပါလေနှင့်၊ သင်အလိုရှိ …
အရပ်သို့ ဘေးရန်ကင်းစွာ သွားလာနိုင်ပါစေ၊ သင်မြွေမင်း …
စိတ်ချမ်းသာကိုယ်ချမ်းသာ ဖြစ်ပါစေသတည်း''





ဗိုလ်ကြီးမင်းမောင်မှာ မြွေကြီးနှင့် လွန်စွာနီးကပ်စွာရှိနေ
…ည့်ကြားမှပင် စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် စုစည်း
…က် မြွေကြီးကို စေ့စေ့ကြည့်ကာ စိတ်တွင်းမှ မေတ္တာပို့လွှတ်၍
…ောင်းပန်နေပါလေ၏။

တစ်မိနစ် ...

နှစ်မိနစ် ...

သုံးမိနစ်..။

မြွေကြီး၏ ကြီးမားလှသော ပါးပျဉ်းကြီးနှင့် ပြူးတစ်
…တစ်လုပ်နေသည့် လျှာနီနီလေးသည် ဗိုလ်ကြီးမင်းမောင်၏
…ကနာအနီးဝယ် ထိတ်လန့်ကြောက်မက်ဖွယ် ယိမ်းထိုးလှုပ်ရှား
…သည်မှာ ငါးမိနစ်ခန့်ကြာသွားပါပြီ။

'ရှူး ..ရှူး ..ရှူး'

တရှူးရှူးနှင့် မာန်ဖီယိမ်းထိုးနေသည့် မြွေကြီးကိုကြည့်
… ရဲဘော်များအားလုံး ဘာလုပ်၍ ဘာကိုင်ရမည်မသိအောင်
…တက်ငေးမောနေကြပါသည်။ ထိုအခိုက် ...

'ရှူး ...'

မြွေကြီးမှာ သူ၏ ကြီးမားပြန့်ကားနေသည့် ပါးပျဉ်းကြီး…



www.burmeseclassic.com

www.burmeseclassic.com

ကို အရှိန်ယူကာ ဗိုလ်ကြီးမင်းမောင်ထံ ပေါက်အံ့ဆဲဆဲမှာပင် လွန်စွာအံ့ဩဖွယ်ကောင်းလောက်အောင် ပါးပျဉ်းကြီးကို ရုတ်ခနဲ ချလိုက်ပြီး ...

ဗိုလ်ကြီးမင်းမောင်ကို အတန်ကြာ စိုက်ကြည့်နေရာမှ လှိုဏ်ကြီး၏အခြားတစ်ဖက်ဆီသို့ လျှောခနဲ ထွက်သွားပါလေတော့သည်။ ရဲဘော်များအားလုံးမှာ ထူးဆန်းသောဖြစ်ရပ်ကြောင့် ဗိုလ်ကြီးမင်းမောင်၏မျက်နှာကို အံ့ဩစွာကြည့်ရင်း သက်ပြင်းမောကြီးများကို ပြိုင်တူချလိုက်ကြပါတော့သည်။

"ဂူး ... တော်ပါသေးရဲ့ ဗိုလ်ကြီးရယ်၊ ကျွန်တော်တို့က ဗိုလ်ကြီးတော့ သွားပြီလို့ထင်နေတာ"

တင်ကြပ်ကြီးခင်အောင်မှာ သူ၏ဗိုလ်ကြီး လက်မောင်းကို ခပ်ဖိဖိညှစ်လိုက်ပြီး တိုးတိုးညင်ညင် ပြောလိုက်သည်။

"အင်း ... မြွေကြီးကတော့ ရှောင်ထွက်သွားပြီ၊ ဒီကျယ်ကောင်တွေကတော့ ဒီနေ့အဖို့ ရှောင်မှာမဟုတ်ဘူး၊ သူတို့အကဲကိုကြည့်ရတာ ဒီနေရာမှာ ညအိပ်စခန်းချကြလိမ့်မယ်ထင်တယ်၊ ဒီတော့ ကျုပ်တို့ ညအမှောင်ကို စောင့်ပြီး လှိုဏ်ကြီးထဲကနေ ခွာကြမယ်၊ ပြီးမှ ဘာဆက်လုပ်ကြမလဲဆိုတာ တိုင်ပင်





ကြတာပေါ့ ဆရာခင်အောင်"

ဗိုလ်ကြီးမင်းမောင်က တပ်ကြပ်ကြီးခင်အောင်နှင့် သူ့ရဲဘော်များအား သတိပေးစကားကို လေသံမျှဖြင့် ပြောကြားပြီး လှိုဏ်ကြီးအတွင်းမှ ပြန်လည်ထွက်ခွာနိုင်ရန်အတွက် ညမိုးချုပ်မှောင်လာမည့်အချိန်ကို စိတ်ရှည်ရှည်နှင့် တိတ်ဆိတ်စွာပင် စောင့်စားနေကြပါတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

### အသက်ဝင်လာသော ကျားဗီညာဉ်

တစ်ခြမ်းပဲ့ လ,ကလေးနှင့် ကြယ်မစုံညဥ့်က တောင်ညို့တောင်ကြောပေါ်တွင် မှုန်ဝါးဝါး ဖြန့်ကျက်ကျဆင်းနေပါ၏။ ပ်ဝေးဝေးဆီမှ ချောင်းတစ်ကောင် လန့်၍ဟောက်သံနှင့်အတူ ကွက်ငှက်များ အော်မြည်သံကို ကြားနေရသည်။ တစ်တောင်ကျော်လောက်ဆီမှ ထရိန် .. ထရိန် .. ဟူသော ကျားတစ်သံ ပေါ်လာခဲ့ပြီးနောက်မှာတော့ တောင်ညိုတောင်ကြီးတစ်ခုလုံး ၌န်လည်၍ တိတ်ဆိတ်သွားပါချေတော့သည်။

ထိုအချိန် ... သစ်ပင်ထိပ်ဖျားဆီမှ ရိပ်ခနဲ ... ရိပ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



နှင့် လျင်မြန်စွာ ရွေ့လျားနေသည့် မည်းမည်းရိပ်ရိပ်သဏ္ဍာန် တစ်ခုက ဖက်ဆစ်ဂျပန်များ စခန်းချနားခိုနေသည့် ဘိုတဲကုန်း ရှိရာသို့ ချဉ်းကပ်လာနေပါသည်။

ကျိုးကျိုးကျည်ကျည် အသံအနည်းငယ်မျှပင် မထွက် ဘဲ တစ်ပင်မှတစ်ပင်သို့ ခုံညင်းနွယ်တန်းများမှတစ်ဆင့် ကြောင် ရိုင်းတစ်ကောင်နှယ် ခုန်လွှားကူးလာသည့် သဏ္ဍာန်ရှင်မှာ မကြာမီ ဘိုတဲကုန်းထက်ရှိ အဆောက်အအုံပျက်ကြီးခြေရင်း သို့ တိတ်ဆိတ်စွာ ရောက်လာခဲ့သည်။

သဏ္ဍာန်ရှင်၏ မီးကျည်ခဲတမျှ စူးရှဝင်းလက်နေသည့် မျက်လုံးအစုံက ညဉ့်အမှောင်ဝယ် စူးရဲလင်းလက်နေပါ၏။ ကင်း စောင့် ဂျပန်စစ်သားများ ဖိုထားသည့် မီးဖိုအလင်းရောင်တွင် မြင်တွေ့လိုက်ရသည်ကြောင့် သဏ္ဍာန်ရှင်မှာ ဆေးဆရာလေး အောင်ခြိမ့်၏သမီး ကျားဝင်စားမလေးမှန်း သိလိုက်ရသည်။

ကျားဝင်စားမလေးမှာ အမှောင်ရိပ်ခိုလျက် အဆောက် အအုံပျက်ကြီးအနီးသို့ တိတ်တဆိတ် ချဉ်းကပ်လာခဲ့သည်။ ထို အခိုက် မီးပုံအနီးတွင် သေနတ်ကိုပိုက်ကာ ငိုက်မြည်းနေဟန် တူသည့် ဂျပန်ကင်းသမားခြုံထားသော အနီရောင်ခြုံစောင်





င်တွေ့လိုက်ရသဖြင့် ကျားဝင်စားမလေး၏ စူးရဲသော မျက်လုံး စုံက ပိုမိုဝင်းလက် တောက်ပြောင်လာကြသည်။

အနီရောင်ကို တွေ့မြင်လိုက်ရသည်နှင့် ကျားဝင်စား လေး၏ နှုတ်ခမ်းသွေးတို့က ဆူပွက်လှုပ်ရှားလာကြသည်။ မျက်နှာ သွင်အပြင်ပါ ကြမ်းရှက်ထန်သော အသွင်သို့ ကူးပြောင်း သွားပြီး ကျားတစ်ကောင်နှယ် မာန်ဖီညည်းတွားသံကြီးက ည့်အမှောင်ဝယ် ချောက်ချားဖွယ် စီးမျောလွင့်ပျံ့သွားပါ၏။

'ဟင်း ‥ ဟမ်း ‥ ဟမ်း'

ရုတ်တရက် အမှောင်ထဲမှ ညည်းညူမာန်ဖီသံကြီးကို နီးကပ်ကြားလိုက်ရသဖြင့် အစောင့်ဂျပန်စစ်သားမှာ ငိုက် ည်းနေရာမှ လန့်ဖျပ်နိုးထလာပြီး ကြက်သီးမွေးညင်းများပင် လာပါသည်။

"ဟင် ‥‥ ဘာ ‥‥ ဘာသံကြီးပါလိမ့်"

ညဉ့်မှောင်မှောင်တွင် မသင်္ကာဖွယ် ညည်းညူသံကြီး ကို ကြားလိုက်ရသဖြင့် အစောင့်ဂျပန်စစ်သားက အနီးတွင် ောင်ထားသည့် သေနတ်ရှိရာသို့ လက်လှမ်းလိုက်သည်။

သို့သော် ကျားဝင်စားမလေးအမြင်တွင်မူ အနီရောင်က



www.burmeseclassic.com

www.burmeseclassic.com



ဝဲခနဲ လှုပ်ရှားသွားသည်မှ နာကြည်းစွာဟစ်အော်ရင်း လွှား
ခုန်အုပ်လိုက်ပါ၏။

'ဝေါင်း ..ဂရား'

"အား ..."

တိတ်ဆိတ်ငြိမ်သက်စွာ အိပ်မောကျလျက်ရှိသော သ
ခေါင်ယံညဥ့်သည် ချောက်ချားစွာ ဟစ်အော်လိုက်သည့် အ
စစ်သား၏ အော်သံကြီးကြောင့် ကြမ်းတမ်းစွာ နိုးထလာပါ
သည်။

ထို့အတူ ဘိုတဲအဆောက်အအုံပျက်ကြီးထဲတွင် စ
ချနားခိုနေသည့် ဂျပန်စစ်သားများအားလုံး လှုပ်လှုပ်ရှားရှား
သွားကြပါ၏။

"ဟေး ... ဘာဖြစ်တာလဲဟေ့ ... ကျားဟိန်းသံကြ
လည်း ကြားတယ်၊ မီး ... မီးမောင်းတွေ ထိုးကြစမ်း"

'ဝေါင်း ..ဂရား ..ဟမ်း'

ဂျပန်စစ်ဗိုလ်တစ်ဦး အော်ဟစ်အမိန့်ပေးသံနှင့်အ
ဘိုတဲကုန်းတစ်ဝိုက်တွင် ကျားဟိန်းသံကြီးများနှင့် လူအော်
များက ဆူညံစွာ ထွက်ပေါ်လာပါတော့သည်။

---





'ဝေါင်း ..ဝေါင်း ..ဂရား'

"ဟေး ... ဟေး ... စခန်းထဲကို ကျားဝင်လာတယ်
ဟေ့"

"သတိထားဟေ့ ... မည်းမည်းမြင်ရင် ပစ်သာပစ်ကြ"

ဘိုတဲကုန်းမှ ဂျပန်စစ်သားများ ရုတ်ရုတ်သဲသဲဖြစ်နေကြ
မှာပင် ညဥ့်ကောင်းကင်တစ်ခုလုံး အုံ့ဆိုင်းမည်းမှောင်လာပြီး
သက်လေပြင်းကလည်း အချိန်အခါမဟုတ် တဝေါဝေါနှင့် တိုက်
တ်လာကြသည်။

'ဝေါ ..ဝေါ ..ဝေါ ..ဝေါ'

ဟူးဟူးရားရားတိုက်ခတ်နေသော မိုးသက်လေပြင်း
ကြောင့် သစ်ပင်ကြီး၊ ဝါးပင်ကြီးများ အကိုင်းအခက်ချင်း၊
ပင်ချင်း ပွတ်ကြိတ်သံများ၊ ရိုက်ခတ်သံကြီးများကလည်း
ကျားဟိန်းသံကြီးများနှင့်အပြိုင် ကြားနေရသည်။

မှိုင်းမှောင်နေသည့် ညဥ့်ကောင်းကင်၏ လျှပ်ရောင်
ဝင်းဝင်းနှင့် လျှပ်ရောင်အလက်နှင့် မီးရောင်ဇော့ရိုက်တွင်
မြင်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ဂျပန်စစ်သားများ အံ့အား
သင့်သွားကြသည်။

---



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"ဘာဂဲရိုး ... ခူးရကား"

ရုတ်တရက် မြင်တွေ့လိုက်ရသည့် မြင်ကွင်းက ဒွေ

ပျက်ချောက်ချားဖွယ်ရာပင်။

အနီရောင်စောင်ကြားကြီးကို အငြိုးကြီးစွာဖြင့် တစ်ခ

ကိုက်ဖြဲနေသည့် ကျားလိုလို, လူလိုလို ထူးထူးဆန်းဆန်း သတ္တဝ

တစ်ကောင်က လဲကျနေသော ဂျပန်စစ်သား၏ ကိုယ်ပေါ်တွင်

ကားယားခွ၍ ရပ်နေသည်။

သေနတ်များနှင့် ထိုးအချိန်မှာတော့ ပြန်လည်၍

အမှောင်ကျသွားသဖြင့် ပစ်ခတ်ခွင့်မရလိုက်ကြပါတော့။

"ဟေး ... မီးထိုး ... မီးထိုးပြီး ရှာကြစမ်း ...

မြန်မြန်"

ဂျပန်စစ်ဗိုလ်၏ အမိန့်ပေးသံနှင့်အတူ ဝင်းခနဲ လင်းလာ

သည့် မီးမောင်းများ၏ အလင်းရောင်အောက်တွင် စောစော

မြင်တွေ့လိုက်ရသည့် လူလိုလို, ကျားလိုလို သတ္တဝါလေး မရှိ

လေတော့။

ထိုနေရာတွင် ကြီးမားလှသော ကျားကြီးတစ်ကောင်က





အစားထိုးရောက်ရှိနေပြီး ဂျပန်စစ်သား၏ လည်ကုပ်ကို အပိုင်ခဲ

ကာ မီးရောင်ကို မာန်စောင်၍ ကြည့်နေပါ၏။

"ဟာ ... ကျား ... ကျားကြီး၊ ပစ် ... ပစ် ... ပစ်"

'ဒိုင်း .. ဒိုင်း .. ဒိုင်း .. ဒိုင်း'

'ဝေါင်း .. ဂရား'

တဒိုင်းဒိုင်းနှင့် ဆူညံစွာပစ်ခတ်လိုက်သည့် ကျည်ဆန်

များကြားမှ ဂျပန်စစ်သားတစ်ယောက်ကို အမိအရကိုက်ချီကာ

ကျားကြီးက ခုန်ထွက်ပျောက်ကွယ်သွားပါသည်။

'ဝေါင်း .. ဟမ်း .. ဟမ်း'

တစ်ချိန်တည်းမှာပင် ဘိုတဲဝရန်တာထက်ဆီမှ ကျား

ဟိန်းသံကြီးလိုလို မာန်ဖီသံကြီး ကြားလိုက်ရသဖြင့် မီးမောင်းများ၊

မီးဆလိုက်များဖြင့် ထိုး၍ ရှာဖွေကြည့်လိုက်ကြသည်။

တွေ့လိုက်ရပါပြီ။ ဘိုတဲဝရန်တာထိပ်တွင် မားမားကြီး

ရပ်လျက် လူလိုလို, ကျားလိုလို သတ္တဝါတစ်ကောင်က ရူးရဲဝင်း

သက်နေသည့် မျက်လုံးအစုံဖြင့် ဂျပန်စစ်သားများရှိရာသို့ မာန်ဖီ

ဟိန်းဟောက်ကာ ကြည့်နေပုံက မကောင်းဆိုးဝါး နာနာဘာဝ

တစ်ကောင်နှယ် ...။



www.burmeseclassic.com

www.burmeseclassic.com



'ဒိုင်း ‥ ဒိုင်း ‥ ဒိုင်း ‥ ဒိုင်း ‥ ဒိုင်း'

ချက်ချင်းပင် ဝရန်တာထက်မှ ထူးဆန်းသော သတ္တဝါဆီသို့ ဂျပန်စစ်သားများက သေနတ်ရှူးသေနတ်တန်းနှင့် တရစပ် ပစ်ခတ်နေကြသည်မှာ ကမ္ဘာပျက်နေသကဲ့သို့ ဆူညံလျက်ရှိသည်။

'ဝေါင်း ‥ ဂရား'

သို့သော် ဘိုတဲဝရန်တာထက်မှ လွှားခနဲခုန်ဆင်း၍ ထွက်သွားသည်က ကြီးမားလှသည့် ကိုးတောင်ကျားကြီးတစ်ကောင် ဖြစ်နေသည်မို့ ဂျပန်စစ်သားများမှာ တုန်လှုပ် ချောက်ချားလျက်ရှိနေကြပါသည်ကော။

"အား …ကျား …ကျားတွေကော, ဟို …ကျားလိုလို သတ္တဝါတွေရော …အကုန်ရှုပ်နေပါလား၊ ဘာဂဏ်များတွေ့အောင် ရှာကြစမ်း"

ဂျပန်စစ်ဗိုလ် နကာမူရာတစ်ယောက် သူ၏ရဲဘော်များအား သေနတ်ရှူးသေနတ်တန်းနှင့် အော်ဟစ်ဆူပူနေသည့်တိုင် ကိုးတောင်ကျားကြီးရော၊ လူလိုလို ကျားသတ္တဝါလေးပါ အမှောင်ထုထဲဝယ် စုပ်စမြုပ်စ ပျောက်ကွယ်သွားပါချေပြီတည်း။

---

ခု နှစ် စဉ် ကြယ် စာ ပေ



ထူးဆန်းအံ့ဩဖွယ်ရာ အဖြစ်အပျက်များကို မျက်မြင်ကိုယ်တွေ့ ရင်ဆိုင်ကြုံတွေ့လိုက်ရသည့် ဂျပန်စစ်သားများမှာ အကြီးအကျယ် တုန်လှုပ်ချောက်ချားလျက် ရှိပါသည်။

သေနတ်များနှင့် ဝိုင်းဝန်းပစ်ခတ်ကြသည့်တိုင် ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ ကျားလိုလို, လူလိုလို သတ္တဝါတစ်ကောင်ဖြစ်လိုက်၊ ကျားကြီးအသွင် ပြောင်းသွားလိုက်နှင့် ထိုတဲကုန်းဝန်းကျင်တွင် ဂမ္ဘီရပဥ္စလက်ဆန်ဆန် လျင်မြန်စွာ လှုပ်ရှားနေသည့် ထူးဆန်းသောသတ္တဝါတစ်ကောင်က ညဥ့်အမှောင်တွင် ဂျပန်စစ်သားများအား အကြီးအကျယ် ဒုက္ခပေးလျက်ရှိပါချေပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

### အနီရောင်သမိုင်း၏ ... နိဒါန်းများ

နေဝင်လုပြီ ...။

ရိုးမတောင်ကြောထိပ်တွင် မကြာမီ မေးတင်ခိုနားတော့မည့် ဝင်လုဆဲနေလုံးနီနီကြီးဆီသို့ မမီမကမ်းနှင့် ပျံသန်းလိုက်ပါကြသည့် အမည်မသိ ငှက်တစ်အုပ်ကို ဗိုလ်ကြီးမင်းမောင်းမောကြည့်နေမိသည်။

သူ၏ရဲဘော်များကို တောင်ညိုတောင်ကြောတွင် ခေတ္တနားပေး၍ အားမွေးခိုင်းထားသည်။

အကြောင်းမှာ ...



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ဝင်လာသည်နှင့် ညဥ့်အချိန်တွင် တောင်ညို တောင်ကြောထက်တွင် စခန်းချထိုနားနေသည့် ဂျပန်စစ်တပ်၏ အလစ်ဝင်ရောက် တိုက်ခိုက်ရန်အတွက် သေနတ်စစ်၊ ကျည်ဆံရင်း အနားပေးထားခြင်းဖြစ်ပါ၏။

ဗိုလ်ကြီးမင်းမောင်အနီးမှာတော့ တပ်ကြပ်ကြီးခင်အောင်က တရစ်ဝဲဝဲနှင့်လုပ်နေသည်ကို သတိထားလိုက်မိသည်။

"ဘာပြောစရာရှိလို့လဲ ဆရာခင်အောင်"

"ဟို ...ဟို ...ဗိုလ် ...ဗိုလ်ကြီးကို သိ ...သိချင်တာ တစ်ခုလောက် မေး ...မေးချင်လို့ပါ"

တပ်ကြပ်ကြီးခင်အောင်က ဗိုလ်ကြီးမင်းမောင်အနီးတွင် ထိုင်ချလိုက်ရင်း ထစ်ထစ်ငေါ့ငေါ့နှင့် ပြောလိုက်သည်။

"ဘာများလဲ ဆရာခင်အောင်ရဲ့ ...ခင်ဗျား၏ ကြည့်ရတာ တစ်မျိုးကြီးဖြစ်နေသလိုပဲ၊ ကဲ ...ဘာမေးစရာ ရှိလို့လဲ ...မေးဗျာ"

ဗိုလ်ကြီးမင်းမောင်က ခွင့်ပြုလိုက်သဖြင့် တပ်ကြပ်ကြီး ခင်အောင်က ရယ်ကြဲကြဲနှင့် မေးလိုက်ပါ၏။

"ဟို ...ဟိုလေ ဗိုလ်ကြီးရဲ့ ...ဟိုနေ့က ဗိုလ်ကြီး





မြွေကြီးကို မောင်းထုတ်လိုက်တာလေ၊ အဲဒါ ဗိုလ်ကြီးမှာ မြွေနှိုင်တဲ့ဂါထာ ရှိလို့ပေါ့၊ အဲ ...အဲဒီ မြွေနှိုင်ဂါထာကို ကျွန်တော့်ကို သင်ပေးစမ်းပါ ဗိုလ်ကြီးရယ် ..ဟင်း ..ဟင်း"

ဗိုလ်ကြီးမင်းမောင် ရုတ်တရက်သော် တပ်ကြပ်ကြီး ခင်အောင်၏စကားကို သဘောမပေါက်ဘဲ ဖြစ်သွားသည်။

"အော် ...ကြံကြီးစည်ရာ ဆရာခင်အောင်ရယ် ...ငါက အလိမ္မာယ်ဆရာမှ မဟုတ်တာ၊ ဘယ်ကလာ မြွေနှိုင် ဂါထာ တတ်ရမှာလဲ"

"အော် ...ဗိုလ်ကြီးကလည်း ...မနေ့က ဂျပန်တပ်ကြီးနဲ့ ပိတ်မိနေတဲ့အချိန်က တောကြီးမြွေဟောက်ကြီး ကိုက်သတ်မယ့်ဆဲဆဲ ဗိုလ်ကြီး ဂါထာမန္တာန်တွေ ရွတ်လို့ မြွေကြီးထွက်ပြေးသွားတာ ကျွန်တော်ကိုယ်တိုင် တွေ့ခဲ့တာပဲ"

ထိုအခါမှ ဗိုလ်ကြီးမင်းမောင် သဘောပေါက်သွားပြီး တပ်ကြပ်ကြီးခင်အောင် ဘာဆိုလိုသည်ကို နားလည်သွားသဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါလေ၏။

"ဟား ..ဟား ..ဟား ..ဟား ..ဘယ်ကလာ မြွေကို ဂါထာမန္တာန်ရွတ်ပြီး မောင်းထုတ်ရမှာလဲ ...မဟုတ်တာ



www.burmeseclassic.com

www.burmeseclassic.com



ဆရာခင်အောင်ရယ်၊ အကြောင်းကြောင်းတွေက တိုက်ဆိုင်သွားလို့ မြွေကြီး ထွက်ပြေးသွားတာပါဗျာ"

"ဘယ်လို တိုက်ဆိုင်တဲ့အကြောင်းကြောင်းတွေလဲ ဗိုလ်ကြီး"

"ဒီလိုလေ ဆရာခင်အောင်ရဲ့ . . . ကတိသစ္စာ တည်သောခါဝယ်, ဩဇာလေးနက်, မြေကထွက်သည့် နွယ်မြက်သစ်ပင်, ဆေးဖက်ဝင်၏ . . . ဆိုတဲ့ စကားအဓိပ္ပာယ်ကို နားလည်တယ်မဟုတ်လား"

"ဟုတ် . . . နားလည်ပါတယ် ဗိုလ်ကြီး"

တပ်ကြပ်ကြီးခင်အောင်က ခေါင်းညိတ်အဖြေပေးလိုက်ပါ၏။

"ကတိသစ္စာတန်ခိုးကိုရော ယုံကြည်မှုရှိရဲ့လား"

ဗိုလ်ကြီးမင်းမောင်က တပ်ကြပ်ကြီးခင်အောင်ကို စူးစူးစိုက်စိုက်ကြည့်ရင်း ထပ်ဆင့်မေးလိုက်ပြန်ပါ၏။

"ဟုတ် . . . ယုံပါတယ် ဗိုလ်ကြီး"

ဟု တပ်ကြပ်ကြီးခင်အောင်က ဖြေကြားလိုက်သည်။

"အဲဒါပဲပေါ့ ဆရာခင်အောင်ရယ်၊ . . . ငါနဲ့ ငါ့ရဲဘော်





တွေဟာ မြွေကြီးကို အန္တရာယ်ပြုဖို့လာကြတာ မဟုတ်ဘူး၊ တိုင်းပြည်, လူမျိုး, ဘာသာကို ဖျက်ဆီးနှောင့်ယှက်ကြမယ့် ရန်သူကို ကာကွယ်ရအောင် လာခဲ့ကြတာ၊ အခုပဲကြည့်လေ . . . ငါနဲ့ ဆရာခင်အောင်အပါအဝင် မျိုးချစ်တပ်မတော်ဟာ အမျိုးဘာသာ သာသနာနဲ့ တိုင်းပြည်အပေါ်မှာ ဘယ်လောက်သစ္စာရှိခဲ့သလဲ၊ ဘယ်လောက်ကတိသစ္စာတွေ စောင့်စည်းခဲ့ရသလဲဆိုတာ ဆရာခင်အောင်ကိုယ်တိုင် အသိပဲမဟုတ်လား . .

အဲဒီကတိသစ္စာရဲ့တန်ခိုး, ငါနဲ့ ငါ့ရဲဘော်တွေ သေကြေပျက်စီးဖို့အချိန်ကလည်း မစေ့ရောက်သေး၊ မြွေကြီးကလည်း သေနေ့မစေ့သေး။ အဲဒီအကြောင်းကြောင်းတွေ တိုက်ဆိုင်ပြီး ...ကြမှာက သစ္စာစောင့်စည်းကြတဲ့ တို့ရဲဘော်တွေကို ဖေးမ ...လိုက်တာပါပဲကွာ၊ အေး . . . မြွေကြီးကို လွတ်ရာကျွတ်ရာ ...သွားပါ၊ အန္တရာယ်ဟူသမျှ ကင်းဝေးချမ်းသာပါစေလို့တော့ ငါ ...မေတ္တာပို့လိုက်မိတယ် . . . အဲဒါပဲ ဆရာခင်အောင်၊ ငါ့မှာ မြွေ ...င်တဲ့ဂါထာတွေ, မန္တာန်တွေ ဘာတစ်ခုမှ မရှိပါဘူး ဆရာခင် ...အောင်ရယ်"

ဗိုလ်ကြီးမင်းမောင်က သူတစ်ကိုယ်ကောင်း ကိုယ်ပြော



www.burmeseclassic.com

www.burmeseclassic.com



သွေးစကားမဆိုဘဲ သူ၏ရဲဘော်များနှင့်တကွ မျိုးချစ်တပ်မတော်တစ်ခုလုံး၏ ဂုဏ်သိက္ခာကိုပါ ထည့်၍ပြောဆိုလိုက်သဖြင့် တပ်ကြပ်ကြီးခင်အောင်မှာ ဗိုလ်ကြီးမင်းမောင်အား ပို၍ပင် လေးစားချစ်ကြည်သွားမိပါတော့သည်။

''ဟုတ်တယ်နော် . . . ဗိုလ်ကြီးပြောမှ ကျွန်တော်လည်း သတိထားမိတယ်၊ ကျွန်တော်တို့ မျိုးချစ်တပ်မတော်သားတွေဟာ သာမန်လူတွေသက် ပိုပြီး ကတိသစ္စာထိန်းရတယ်နော်''

တပ်ကြပ်ကြီးခင်အောင် စဉ်းစဉ်းစားစားနှင့် စကားပြော ဆိုနေစဉ်မှာပင် ဗိုလ်ကြီးမင်းမောင်မှာ တောတောင်ထဲတွင် ... ကိုယ်တိုင် ထူးထူးခြားခြား ပူးတွေ့ခဲ့ရသော ဘုန်းတော်ကြီး... မြင်ယောင်နေမိသည်။

တစ်ဆက်တည်းမှာပင် ဘုန်းတော်ကြီးထံတွင် သူ... ထားခဲ့သည့် ကတိသစ္စာကို ပြန်လည်သုံးသပ်နေမိ၏။ တစ်... ကျိုးပေါက်ခြင်းမရှိကြောင်း သူ အနိုင်အမာသိလိုက်ရသဖြင့် စိတ်အစဉ်ဝယ် နှစ်သိမ့်ကြည်နူးခြင်းပီတိက စိမ့်ဖြာစီးဆင်းသွား... ပါလေတော့သည်။

သို့သော် သူ၏စိတ်ထဲဝယ် ယနေ့မှ ထူးထူးခြား...





တစ်စုံတစ်ရာအတွက် တစ်ခုခုကို စိတ်ထင့်နေသကဲ့သို့ လေးပင်... ခံစားနေရပါ၏။

ထိုအခိုက် ခပ်လှမ်းလှမ်းဆီမှ ရဲဘော်တစ်ယောက် အမှတ်မထင် တီးတိုးညီးဆိုနေသည့် သီချင်းသံသဲ့သဲ့ကို ဗိုလ်ကြီး... မင်းမောင် ကြားလိုက်မိသည်။

♪ရလိမ့်မယ်လို့ ... ထင်နဲ့ . . ရလိမ့်မယ်လို့ မထင်နဲ့ ...လေ . . နှမ်းလျက်သာစော . . အမောသာ အဖတ်တင် . . ♪

အဆိုတော်တင်တင်မြ သီဆိုထားသည့် 'အိုဘယ့် . . . ...ချူရှင်' သီချင်းဖြစ်သည်။

ဗိုလ်ကြီးမင်းမောင်ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားပြီး ...တ်အတန်ငယ် လေးသွားပါ၏။ နိမိတ်၊ တဘောင်၊ စနည်း ...သည်မှာ အယူသည်းစွာ ယုံကြည်၍လည်း မဖြစ်၊ လုံးဝ ...ယုံ၍လည်း မဖြစ်ပေ။

တစ်ဆက်တည်းမှာပင် ဗိုလ်ကြီးမင်းမောင်၏ စိတ်ထဲ ...င် မြန်မာအမျိုးသား၊ အမျိုးသမီးများ ပြောဆိုသုံးနှုန်းခဲ့ကြ ...ည့် စကားလုံးများ၊ အစားအစာများ၊ ဝတ်စားဆင်ယင် ...များ . . .။ ထိုအရာတွေကပင် ဖမ္ဘူထိပ်ကျွန်း ဩဘာနိမိတ်



www.burmeseclassic.com

www.burmeseclassic.com



ထွန်း ဆိုသည့်စကားအတိုင်း ရှေ့ပြေးနိမိတ်များ ဖြစ်ပေါ် လာခဲ့သည်ကို ပြန်လည်၍ သတိရနေမိပါသည်။

❀ ❀ ❀

## အခန်း (၁၃)

### သက်ဝင်လှုပ်ရှားလာသော နိမိတ်တဘောင်များ

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ သုံးလေးနှစ်ကဆိုလျှင် မြန်မာလူမျိုးတိုင်းလိုလို၏ နှုတ်ဖျားမှ ဂျပန်လူမျိုးများနှင့် ပတ်သက်သော စကားများကို ပြောဆိုသုံးစွဲခဲ့ကြသည်။

မိန်းကလေးများ ဆံပင်ဖြတ်လျှင် ဂျပန်ဆံတောက်၊ ပျော်ပွဲများတွင် ကပြနေကျ အပျိုတော် နန်းတွင်းယိမ်းအစား ဂျပန်ယိမ်းဟု ကပြကြ၏။ ကချေသည်မလေးများကို ဂျပန် ဝတ်စေပြီး စက္ကူထီးလေးများနှင့် ကပြသရုပ်ဖော်စေသည်။

အစားအစာတွင်လည်း ဖရဲအဝါမျိုး ဖရဲသီးကိုပင် ဂျပန်

---



www.burmeseclassic.com

www.burmeseclassic.com



ဖရဲသီးဟု နှစ်သက်စွာ နာမည်ပေးခေါ်ဝေါ်ခဲ့ကြသည်။

နောက်ဆုံး မြန်မာပြည်တစ်ပြည်လုံး ဂျပန်အရိုပ်နိမ်း များ လွှမ်းမိုးခဲ့သည့်အတိုင်းပင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခဲ့သည် နေမျိုးနွယ်နိပ္ပွန်ဂျပန်များ၊ မြန်မာနိုင်ငံသို့ ဝင်ရောက်လာ ကြသည်။

ထိုရောအခါ မြန်မာတစ်မျိုးသားလုံး စစ်ဟူသော အ ဗွာရုံအဖြစ်ဆိုးကြီးနှင့် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ကြုံတွေ့ခဲ့ ရသည် မဟုတ်ပါလား။ ဤတွင် မြန်မာတစ်ပြည်လုံးတွင် စကားတစ်ခွန်းက နိမိတ်တဘောင်အဖြစ် လွှမ်းမိုးတွင်ကျယ် ခဲ့ပြန်ပါ၏။

"လ,ကို ကြယ်ဖောက်၊ ဂျပန်ရောက်၊ ရောက်သည် ဂျပ္ပန် သုံးမိုးခံ ..."

အမှန်တကယ်ပင် နိပ္ပွန်ဂျပန်တို့ မြန်မာနိုင်ငံကို နယ် အုပ်ချုပ်ခဲ့ကြသည်မှာ နှစ်နှစ်ကျော် သုံးနှစ်နီးပါးပင်ရှိခဲ့သည် မဟုတ်ပါလား။

ဗိုလ်ကြီးမင်းမောင် မှတ်မိပါသေးသည်။

ကောင်းကင်အတိတ်နိမိတ်ဆိုသည်ကို ...ငယ်ရွ





ဦးက မိမိ၏အဘိုးလေးတော်စပ်သည့် ဘိုးသြဘာဆိုသော ကွတ္တနိမိတ်ဖတ်ဆရာကြီးထံမှ ဟိုနည်းနည်း၊ သည်နည်းနည်း သင်ယူလေ့လာဖူးပါ၏။

ကောင်းကင်မှ တိမ်တောင်တိမ်လိပ်တို့၏ သဏ္ဌာန်သည် ကမ္ဘာမြေပြင်တွင် ဖြစ်လာလတ္တံ့သော အကျိုးအပြစ်တို့ကို ကြိုတင်၍ နိမိတ်ထွန်းကား ပြတတ်ကြောင်း လေ့လာမှတ်သားခဲ့ ဖူးသည်။

မှတ်မှတ်ရရ ဂျပန်ခေတ်၏ တစ်နေ့သော အရုဏ်တက် ချိန်တွင် ဗိုလ်ကြီးမင်းမောင် စောစောနိုးထလာသဖြင့် အိပ်ရာမှ ထပြီး ကြည်နူးဖွယ်ကောင်းလှသည့် အရှေ့ဘက်မိုးကောင်းကင် ကို အမှတ်မထင် ငေးမောကြည့်လိုက်သည်။

ထိုစဉ်မှာပင် ထွက်ပြူအံ့ဆဲဆဲနေဝန်း၏ ရောင်ခြည်ဟပ် သဖြင့် နီရဲနေသော တိမ်များသည် အင်္ဂလိပ်စာလုံး 'ဗွီ'ပုံ သဏ္ဌာန် ထင်ထင်ရှားရှားဖြစ်ပေါ်နေကြသည်ကို တွေ့လိုက်ရ သည်။ 'ဗွီ'စာလုံးသည် အင်္ဂလိပ်လူမျိုးများအဖို့ အလွန်ကျက် သရေမင်္ဂလာရှိသော စာလုံးဖြစ်သည်။ 'ဗွီ'အဓိပ္ပာယ်မှာ 'Vic-tory' မြန်မာလိုအဓိပ္ပာယ် အောင်မြင်ခြင်း ဟူ၍ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်နိမိတ်တွင် 'ဗွီ' စာလုံးကို မြင်တွေ့ရသော ဗိုလ်ကြီးမင်းမောင်၏စိတ်တွင် ထိုစဉ်ကတည်းကပင် ဂျပန်... စစ်ရှုံး၍ အင်္ဂလိပ်တို့ စစ်နိုင်ရမည်ဟု တစ်ထစ်ချ တွက်ခဲ့မိ... သည်။

ယခုပင် ဗြိတိသျှအင်္ဂလိပ်တို့၏ ကူညီအားပေးမှုနှင့် မြန်မာမျိုးချစ်တော်လှန်ရေးသမားများ၊ မျိုးချစ်တပ်မတော်သား များက ကျူးကျော်နယ်ချဲ့ဖက်ဆစ်ဂျပန်များကို မြန်မာ့မြေပေါ်မှ အသက်သွေးချွေး များစွာစတေး၍ မောင်းနှင်တိုက်ထုတ်နေကြ သည် မဟုတ်ပါလား။

ထိုကဲ့သို့သောအချိန်တွင် တင်တင်မြ သီဆိုသည့် 'အို ဘယ့် ... တံချူရှင်' သီချင်းမှ ...

♪ ရလိမ့်မယ်လို့ မထင်ပါနဲ့ရှင် .. အို .. ရလိမ့်မယ် လို့ မထင်နဲ့ရှင် .. နွမ်းလျက်သာစော .. အမောသာ အဖော် တင် ... ♪

ဟူသော သီချင်းနိမိတ်က မကြာမီ သူသေကိုယ်သေ ဆင်နွှဲ တိုက်ခိုက်ရတော့မည့် တိုက်ပွဲအတွက် ဗိုလ်ကြီးမင်းမောင် ရင်ကို လေးလံသွားစေခဲ့သည်မှာ ...။ ထိုစဉ် ...





တောင်စောင်းဆင်ခြေလျှောမှ တောင်ထိပ်ပေါ်သို့ တက် သွားသည့် အရိပ်သဏ္ဍာန်တစ်ခုကို ဗိုလ်ကြီးမင်းမောင် ရိပ်ခနဲ တွေ့ လိုက်ရသည်မို့ ...

"ဟိတ် ... ဘယ်သူလဲ"

'ဟမ်း .. ဟမ်း .. ဟမ်း'

ဗိုလ်ကြီးမင်းမောင်၏ ဟစ်အော်မေးမြန်းလိုက်သံကြောင့် ဆင့် ... ဟင်းခနဲ မာန်ဖီညည်းညူသံသဲ့သဲ့ကို ကြားလိုက်ရပြီး ကျားလိုလို သတ္တဝါတစ်ကောင်သည် ဝါးရုံပင်များကြားမှ လျှော ခနဲ ပြေးထွက်သွားကာ ပျောက်ကွယ်သွားပါလေတော့သည်။

"ဘာကောင်လဲ ... မာန်ဖီသံကြီးကတော့ ကျားသံ လိုလိုပဲ၊ ဒါပေမဲ့ ငါ ရိပ်ခနဲတွေ့လိုက်ရတဲ့ ပုံစံကတော့ ကျား တစ်ကောင် မဖြစ်နိုင်ဘူး၊ ဟူး ... စိတ်မောလူမော ဖြစ်နေရတဲ့ အထဲ ငါ့မျက်စိကလည်း ဘာတွေမြင်နေရတာလဲ မသိဘူး"

ဗိုလ်ကြီးမင်းမောင်တစ်ယောက်တည်း ပဟေဠိအတွေး များနှင့် ရှုပ်ထွေးယှက်လိမ်နေစဉ်မှာပင် ဆရာခင်အောင်က စစ်ဆင်ရေးကိစ္စများအတွက် လာရောက်ဆွေးနွေးမေးမြန်းသဖြင့် ထိုပဟေဠိကို အဖြေညှိရန် ဗိုလ်ကြီးမင်းမောင် မေ့လျော့သွား



www.burmeseclassic.com

www.burmeseclassic.com



ပါတော့၏။

မကြာခင် တောင်ညိုတောင်ကြောထက်တွင် သေနတ်သံများက ဆူညံစွာ ထွက်ပေါ်လာခဲ့ပါသည်။ တောင်ကြောထိပ်တွင် စခန်းချရပ်နားနေသည့် ဂျပန်စစ်တပ်ကို ဗိုလ်ကြီးမင်းမောင်တို့တပ်စုက ညှပ်အမှောင်ကို အကာအကွယ်ယူ၍ ဝင်ရောက်တိုက်ခိုက်ကြခြင်းဖြစ်သည်။

'ဒိုင်း ‥ဒိုင်း ‥ဒက် ‥ဒက် ‥ဒက် ‥ဒိုင်း'

တောင်ညို၏ညှဉ့်ယံသည် ဆူညံစွာ ပေါက်ကွဲထွက်ပေါ်လာသည့် ကမ္ဘာပြိုသံများကြောင့် အထိတ်တလန့်ဖြင့် နိုးထလာခဲ့ပါ၏။ တောကောင်ကြီးငယ်များ၏ အော်ဟစ်ပြေးလွှားသံ၊ အိပ်တန်းပျက်သွားသည့် ငှက်ငယ်များ တဝုန်းဝုန်းနှင့် ပျံသန်းဟစ်အော်နေကြသဖြင့် တောင်ညိုတောင်တစ်ခုလုံး အုံးအုံးကျက်ကျက် ဆူညံလျက် ရှိပါပြီကော …။

"ဟေး …ဟေး …တက် …တက်ကြ၊ ဂျပန်ဖက်ဆစ်တွေကို မောင်းထုတ်ကြဟေ့"

"ပစ် …ပစ်ကြ …ပစ်ကြစမ်း"

'ဒိုင်း ‥ဒိုင်း ‥ဒက် ‥ဒက် ‥ဒိုင်း ‥ဝုန်း ‥အုံး'





အခြေအနေက ဗိုလ်ကြီးမင်းမောင် တွက်ဆသကဲ့သို့ ဖြစ်မလာခဲ့ပါ။ လက်နက်အင်အား၊ လူအင်အားပါ သာသည့်အပြင် ဂျပန်တို့က တောင်ကြောထိပ် ပစ်ကွင်းကောင်းမှ အပိုင်ထိုင်ကာ ပစ်ခတ်တိုက်ခိုက်နေသဖြင့် သူ၏ရဲဘော်များ မရှုမလှခံနေကြရပါ၏။

ထို့အပြင် လက်နက်ကြီးများနှင့်ပါ ပစ်ခတ်တိုက်ခိုက်ကြသဖြင့် တဝုန်းဝုန်းနှင့် ပေါက်ကွဲသံကြီးများကလည်း တောင်ညိုတောင်ကြီးပင် ပြိုကျပျက်စီးသွားတော့မည့်ကဲ့သို့ လှုပ်ခါယမ်းလျက် …။

'ဒက် ‥ဒက် ‥ဒက် ‥ဝုန်း ‥အုံး'

ဂျပန်များက သိသိသာသာပင် ဖိအား‌ပေးပစ်ခတ်နေကြသည်မို့ သူ၏ရဲဘော်များ တစ်ယောက်ပြီးတစ်ယောက် ထိမှန်ကျဆုံး နေကြသည်ကို မမြင်ချင်ပါဘဲနှင့် မြင်တွေ့နေရပါ၏။ သူကိုယ်တိုင်ပင် ဒဏ်ရာရ ရဲဘော်များကို ကူညီဖေးမရင်း ဘယ်လက်မောင်းတွင် ဒဏ်ရာရကာ သတ်ကွင်းအလယ်သို့ပင် ရောက်ရှိနေခဲ့ပြီ မဟုတ်ပါလား။

'ဒက် ‥ဒက် ‥ဒိုင်း ‥ဒိုင်း ‥ဝုန်း'



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးမင်းမောင်အနီးသို့ ကျည်ဆံများက အဆက် မပြတ် တရစပ် ကျရောက်နေသဖြင့် ခေါင်းပင် မဖော်နိုင်အား

"ဗိုလ်ကြီး . . . ဗိုလ်ကြီး . . . ထွက် . . . ထွက်၊ မြန်မြန် ဆုတ်တော့၊ ကျွန်တော် ဒီကနေ ကာပစ် . . . ပစ်ပေးမယ်"

အခြေအနေ ဘေးကျပ်နံကျပ်ဖြစ်နေစဉ် တပ်ကြပ်ကြီး ခင်အောင် သူ့နောက်ဘက်သို့ ရောက်လာပြီး ဗိုလ်ကြီး မင်းမောင်ကို သတ်ကွင်းထဲမှ ဆွဲထုတ်ရန် ကြိုးစားပါတော့သည်။ သို့သော် . . .

'ဒက် . . ဒက် . . ဒိုင်း . . ဝုန်း . .'

"အား . . ."

ဝုန်းခနဲ ပေါက်ကွဲသံကြီးတစ်ခု ထွက်လာပြီး တပ်ကြပ် ကြီးခင်အောင် လွင့်စဉ်ထွက်သွားသည်ကိုသာ ဗိုလ်ကြီးမင်းမောင် မြင်တွေ့လိုက်ရသဖြင့် နာကြည်းစွာ ဟစ်အော်လိုက်သည်။

"ဆရာခင်အောင် . . . ဆရာခင်အောင်"

သူ မည်မျှပင် ဟစ်အော်ခေါ်နေသည့်တိုင် တပ်ကြပ်ကြီး ခင်အောင်ထံမှ မည်သည့်လှုပ်ရှားသံမျှ မကြားရပါလေတော့။

ဗိုလ်ကြီးမင်းမောင် နာကြည်းစွာ တက်ခေါက်လိုက်





သည်။ ထွက်ပေါက်မဲ့သည့်နေရာတွင် လည်စင်း၍တော့ အသေ မခံနိုင်ပါ။ နှလုံးသွေး မရပ်သရွေ့၊ အသက်နှင့်ခန္ဓာ ဖွန့်တွဲ နေသရွေ့ ကျူးကျော်စော်ကားလာသူ ဖက်ဆစ်ဂျပန်တို့အား ဒူးမထောက် ဦးမညွတ်စတမ်းဟူသော သံန္နိဋ္ဌာန်ခိုင်ခိုင်မာမာဖြင့် အံကို တင်းတင်းကြိတ်ကာ ဗိုလ်ကြီးမင်းမောင် အကွယ်မှ ခုန်၍ ထွက်လိုက်သည်။

မီးပွင့်များ အဆက်မပြတ် လက်နေသည့် တောင်ကုန်း ထိပ်ဆီသို့ သေနတ်ကို အတွဲလိုက်ပစ်ခတ်၍ ပြေးတက်လာခဲ့ သည်။

'ဒက် . . ဒက် . . ဒက် . . ဒက် . . ဒိုင်း . . ဒိုင်း'

"သေကြ . . . သေကြစမ်း ဖက်ဆစ်ကောင်တွေ၊ ဟော ဒါက ငါ့ရဲဘော်တွေအတွက်ကွ"

မထင်မှတ်ဘဲ ရုတ်တရက် ရဲဝံ့စွာ တရစပ်ပစ်ခတ်၍ တက်လာသည့် ဗိုလ်ကြီးမင်းမောင်ကြောင့် ဂျပန်စစ်သားအချို့ အတုံးအရုန်း ကျဆုံးကုန်ကြသည်။

ဗိုလ်ကြီးမင်းမောင်ကိုယ်တိုင်မှာလည်း မသက်သာပါ။ ခန္ဓာသူ၏ ကျည်ဆံနှစ်တောင့်က သူ၏နံစောင်းနှင့် ရင်ဝကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရှိုင်းကြီးနှစ်ကောင် အရှိန်ပြင်းစွာနှင့် ဝင်၍ဆောင့်လိုက်သည် နှယ် ...။

'ဒိုင်း ‥ ဒိုင်း ‥ ဒိုင်း ‥'

"အ ... အား ..."

ပြင်းထန်သော အရှိန်နှစ်ခုတို့ ပေါင်းဆုံမှုကြောင့် ဗိုလ် ကြီးမင်းမောင်မှာ တစ်ဖက်တောင်စောင်းလျှိုကြီးအတွင်းသို့ လွင့်စဉ်၍ ကျသွားပါတော့သည်။ ထိုအချိန်မှာပင် ...

သူ၏နောက်ဘက် . တောင်စောင်းအောက်ခြေဝဲယာမှ ဆူညံစွာ ထွက်ပေါ်လာသည့် သေနတ်သံများ၊ ဟစ်အော်ကြွေး ဝါးသံများက ဗိုလ်ကြီးမင်းမောင်၏ အကြားအာရုံတွင် သဲ့သဲ့မျှ ကြားလိုက်ရပါပြီကော။

'ဒိုင်း ‥ ဒိုင်း ‥ ဝုန်း'

"တက် ... တက်ဟေ့ ... မျိုးချစ်တော်လှန်ရေးသမား တွေကွ၊ တက်ကြ ... ဟေး"

တပ်မတော်စစ်ကြောင်းအကူလား၊ သို့မဟုတ် မျိုးချစ် တော်လှန်ရေးတပ်သားတွေလားတော့ မသိ ...။ ကမ္ဘာတုန် ဟည်းအခမန်း ကြုံးဝါးဟစ်အော်သံများက ဗိုလ်ကြီးမင်းမောင်

---

နု နစ် စဉ် ကြယ် တာ ပေ



နှလုံးသားအတွင်းထိတိုင် စိမ့်ဝင်စီးမျောသွားပါ၏။

ထိုစဉ်အခိုက်မှာပင် ...

'ဝေါင်း ‥ ဂရား'

အနီးကပ်ကြားလိုက်ရသည့် ကျားဟိန်းသံကြီးတစ်ချက် နှင့်အတူ သူ့ထံသို့ တရွေ့ရွေ့တိုးဝင်သည့် ကျားလိုလို၊ လူလိုလို သတ္တဝါတစ်ကောင်ကို ညဥ့်အမှောင်တွင် ဝိုးတဝါးလိုလို မြင်တွေ့ လိုက်ရပြီးချိန်မှာတော့ ဗိုလ်ကြီးမင်းမောင်၏ အသိအာရုံဟူသမျှ အမှောင်တကာ့ အမှောင်တိုက်ကြီးအတွင်းသို့ တိုးဝင်နစ်မြုပ်သွား ပါတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

### အနီရောင်သွေးတို့ စုဝေးဆုံစည်းရာ

အဝေးဆီမှ ခေါ်သံသဲ့သဲ့က နီးလာလိုက်၊ ဝေးသွားလိုက်နှင့် . . . အမှောင်ကမ္ဘာကြီးထဲဝယ် ဗိုလ်ကြီးမင်းမောင် ဝဲလည်ကူးခတ်နေသည်မှာ ကြာခဲ့ပါပြီ။ အသက်ရှူ၍ မဝနိုင်ဘဲ မွန်းကျပ်ပိတ်ဆို့နေရာမှ ရုန်းကန်လှုပ်ရှားရင်း သူ အစွမ်းကုန် လွတ်မြောက်ရန် ကြိုးစားနေပါ၏။

အမြင်အာရုံ မှုန်ဝါးဝါးဖြစ်နေရာမှ အဝေးဆီမှ အလင်းတန်းတချို့ သူ့ထံ တရွေ့ရွေ့ တိုးဝင်လာနေကြသည်။ ဖျတ်ခနဲ အလင်းတန်းတစ်ချက် တိုးဝင်လာသည်နှင့် ဗိုလ်ကြီးမင်းမောင်



www.burmeseclassic.com

www.burmeseclassic.com



သတိရလာခဲ့ပါပြီ။

"အား ‥ အီး ‥ ကျွတ် ‥ ကျွတ်"

ဝဲဘက်နံ့စောင်းနှင့် ရင်ဝတစ်နေရာဆီမှ နာကျင်မှု ဝေဒနာက အတားအဆီးမဲ့ တိုးဝင်လာ၏။ ခန္ဓာကိုယ်ကို ရွှေ့လျားရန် လှုပ်ရှားလိုက်သည်နှင့် …

"အီး ‥ အား ‥ ကျွတ် ‥ အင်း ‥"

"ဟော … ဟော … သတိရလာပြီထင်တယ် ဗိုလ်ကြီး … ဗိုလ်ကြီး"

အနီးကပ်ခေါ်သံကြောင့် မျက်လုံးအစုံကို အားယူ၍ ဖွင့်ကြည့်လိုက်၏။ ရုတ်ခနဲ လင်းလက်လာသည့် အလင်းတန်းများကြောင့် ပြန်၍ မှိတ်လိုက်မိသည်။

"ဗိုလ်ကြီး … ဗိုလ်ကြီး … သတိရလာပြီလား … ဟင်"

"အင်း … ကျွတ် … ကျွတ် … ဟုတ် … ဟုတ်ကဲ့ … ရ … ရပါပြီ၊ ဒါထက် ဦးကြီးတို့က ဘယ်သူတွေပါလဲ ကျွန် … ကျွန်တော့် ရဲ … ရဲဘော်တွေ … ရဲဘော်တွေရော"

မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများကြားမှ နှစ်လိုဖွယ်





မျက်နှာသွင်ပြင်နှင့် တိုင်းရင်းသားဦးကြီးတစ်ယောက်က ရိုးရာဂျပ်ခုပ်စောင်ကြားကြီးကို ခြုံလျက်၊ သူ့အနီးမှာတော့ ဗိုလ်ကြီးမင်းမောင်နှင့် သက်တူရွယ်တူခန့်ရှိမည့် အသားအရေ ခပ်ကြမ်းကြမ်းနှင့် တိုင်းရင်းသားလူရွယ်တစ်ယောက်တို့ကို ဝါးတဲကြီးတစ်လုံးအတွင်းဝယ် မြင်တွေ့နေရသည်။

"စိတ်အေးအေးထားကြီး ဒဏ်ရာသက်သာအောင် နေပါ ဗိုလ်ကြီး၊ တောင်ညိုတောင်ကြောပေါ်က ဂျပန်တွေကို ဗိုလ်ကြီးရဲ့ ရဲဘော်တချို့နဲ့ ငါတို့ရွာသားတွေ မောင်းထုတ်လိုက်ပါပြီ၊ အင်း …, ဒဏ်ရာရတဲ့ ရဲဘော်တွေကိုလည်း ဟိုဘက်က တန်းလျားကြီးထဲမှာ ဆေးကုပေးနေပါတယ် ဗိုလ်ကြီး"

စကားသံ ခပ်ဝဲဝဲလေးလေးကြီးနှင့် ရှင်းပြပြောဆိုနေသည့် တိုင်းရင်းသား တော်လှန်ရေးဦးကြီးကိုကြည့်ကာ ဗိုလ်ကြီးမင်းမောင်စိတ်ထဲဝယ် ကျေနပ်ပီတိဖြစ်သွားမိပါ၏။

"အော် … ကျွန်တော့်နာမည်က မင်းမောင်ပါ ဦးကြီး"

"အော် … အင်း … အဲ … ကျဆုံးသွားကြတဲ့ ရဲဘော်တွေကိုတော့ တောင်ညိုတောင်ကြောပေါ်မှာပဲ မြေမြှုပ်ဂြိုဟ်ခဲ့ပါတယ် ဗိုလ်ကြီး၊ ရဲဘော်တွေအားလုံးရဲ့ အသက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ အချိန်မီ မကယ်တင်နိုင်ခဲ့တာ စိတ်မကောင်းပါဘူး ကွယ်''

ဗိုလ်ကြီးမင်းမောင်မျက်နှာက ချက်ချင်းပင် ညှိုးကျသွား ပါ၏။ သူ၏ရဲဘော်များသည် တိုင်းပြည်အတွက် အသက်ကို စတေး၍ အနီရောင်သမိုင်းကို မော်ကွန်းထိုးသွားကြပါပြီကော။

ထိုစဉ် တိုင်းရင်းသားဦးကြီးက ရင်းနှီးစွာ မိတ်ဆက် စကား ဆိုလာပါ၏။

"ကျုပ်နာမည်က ဦးထွန်းခိုလျှောင်ပါ၊ ဆင်သေကုန်းရွာ ကို အုပ်ချုပ်ကွပ်ကဲရတဲ့ ရွာလူကြီးတစ်ယောက်ပေါ့ကွယ် သူကတော့ ဆင်သေကုန်းရွာရဲ့ နယ်မြေကာကွယ်ရေးခေါင်း ဆောင် ထန်းလုံတဲ့ ...။

ဆင်သေကုန်းရွာနဲ့ ယမုံရွာ နှစ်ရွာပေါင်း မျိုးချစ်ရဲဘော် နှစ်ရာနီးပါးနဲ့ ဟောဒီရိုးမတောင်ကြောတစ်ပိုက်ကို နယ်ကျူးပြီး ရောက်လာကြတဲ့ ဖက်ဆစ်ဂျပန်တွေကို ကိုယ့်နည်းကိုယ့်ဟန် နဲ့ တိုက်ထုတ်ပစ်နေကြတဲ့သူတွေပါ ဗိုလ်ကြီး''

"ဟုတ်ပါတယ် ဗိုလ်ကြီး ...ကျွန်တော်တို့ လူငယ် မျိုးချစ်တွေ စုပေါင်းပြီး အနီးအပါးက ရွာတွေနဲ့ သက်ကြီး





ရွယ်အိုတွေ၊ အမျိုးသမီးငယ်တွေနဲ့ ကလေးတွေရဲ့ အသက် အန္တရာယ်ကို ကာကွယ်ပေးရင်းနဲ့ ဖက်ဆစ်ဂျပန်တွေကို ရရာ လက်နက်ပေါင်းစုံနဲ့ တော်လှန်တိုက်ထုတ်နေကြတာပါ ဗိုလ်ကြီး''

ရွာလူကြီး ဦးထွန်းခိုလျှောင်၏ စကားကို နယ်မြေ ကာကွယ်ရေးခေါင်းဆောင် ထန်းလုံက ဆက်လက်ရှင်းပြနေခြင်း ဖြစ်သည်။

ဗိုလ်ကြီးမင်းမောင် အကြောင်းစုံသိလိုက်ရသဖြင့် လှိုက် ခနဲ ဝမ်းသာသွားပါ၏။ သွေးနီသော၊ စွန့်စားရဲသော၊ အမျိုးကို ချစ်သော တိုင်းရင်းသားမျိုးချစ်တော်လှန်ရေးသမားများနှင့် အမှတ်မထင် ဆုံစည်းမိခဲ့ခြင်းကြောင့် မျက်ရည်များပင် ဝေ့လည် လာသည်။

"အားလုံးအတွက် အစစအရာရာ ကျေးဇူးတင်ပါတယ် ဦးကြီး၊ ကျွန်တော့်အသက်ထက် တော်လှန်ရေးမှာ အရေးကြီး တဲ့ လက်နက်ပစ္စည်းတွေ၊ ဖောက်ခွဲရေးပစ္စည်းတွေ ဂျပန်တွေ ဆီက အပိုင်ရယူနိုင်တဲ့အပြင် ဂျပန်စစ်တပ်ကို ခွေးပြေးဝက်ပြေး ဖြစ်အောင် တိုက်ထုတ်ပစ်နိုင်တာကိုပဲ ထန်းလုံတို့ကို တအား ကျေးဇူးတင်မိပါတယ်ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးမင်းမောင်က ကျေးဇူးတင်စကားပြောရင်း တဲ ကြီးအတွင်းဝယ် မသိမသာ ဝေ့ဝဲကြည့်ရင်း တစ်စုံတစ်ရာကို ရှာဖွေနေမိပါ၏။ စိတ်အာရုံတွင်လည်း ထိုကိစ္စတစ်ခုအတွက် မေးသင့်, မမေးသင့် ဒွိဟဖြစ်ကာ စဉ်းစားနေသည်။

''အင်း . . . ငါသတိမလစ်ခင် သေသေချာချာ မြင်လိုက် ရတဲ့ ကျားလိုလို, လူလိုလို သတ္တဝါလေး ဘယ်ရောက်သွားပါ လိမ့်၊ ဒီအကြောင်းကို သူတို့ ငါ့ကိုဘာဖြစ်လို့ ဖွင့်မပြောကြတာလဲ ငါ ပြောင်ဖွင့်ပြီး မေးလိုက်ရရင် ကောင်းမလား''

ဗိုလ်ကြီးမင်းမောင် စဉ်းစားတွေဝေနေစဉ်မှာပင် ထန်းလုံ က ကောက်ကာငင်ကာ မေးလိုက်သည်။

''ဘာလဲ ဗိုလ်ကြီး . . . ဘာလိုချင်လို့ ရှာနေတာလဲ . . . ဟင်''

''အော် . . . ဟို . . . ဟို . . . အင်း . . . အဲ''

''ပြောပါ ဗိုလ်ကြီး . . . မေးချင်တာ, ပြောချင်တာရှိရင် ကျုပ်တို့ကို ပွင့်ပွင့်လင်းလင်း မေးနိုင်ပါတယ်ဗျာ''

ဗိုလ်ကြီးမင်းမောင်၏ အရိပ်အခြည်ကို အကဲခတ်နေ သည့် ဦးထန်နိုလျှောင်ကပါ ဝင်၍ဆိုလာသဖြင့် သူသိချင်သော





အကြောင်းအရာကို တည့်တည့်ပင် မေးလိုက်ပါတော့သည်။

''အော် . . . ဒီ . . . ဒီ . . . ဒီလိုပါခင်ဗျား . . . ကျွန်တော် ဒဏ်ရာနဲ့ တောင်စောင်းပေါ်ကကျပြီး သတိမလစ်ခင်မှာ ကျားလိုလို, လူလိုလို သတ္တဝါတစ်ကောင် ကျွန်တော့်အနားကို အရင်ဦးဆုံး ရောက်လာတယ် . . .။

ကျွန်တော် သေသေချာချာကို မြင်လိုက်ရတာပါ ဦးကြီး၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် သိခွင့်ရမယ်ဆိုရင် သိချင်ပါ တယ် ဦးကြီးရယ်''

ဗိုလ်ကြီးမင်းမောင်က သောက်ရေတစ်ခွက်ကို တောင်း ၍သောက်ရင်း သူသိချင်သည့်ကိစ္စကို ဦးထန်နိုလျှောင်နှင့် ထန်း လုံထံတွင် စုံစမ်းမေးမြန်းနေပါ၏။

ဦးထန်နိုလျှောင်နှင့် ထန်းလုံတို့က ချက်ချင်းစကားမပြန် သေးဘဲ တစ်ယောက်မျက်နှာတစ်ယောက် ပြိုင်တူကြည့်လိုက် ကြသည်။ အတန်ကြာမှ ဦးထန်နိုလျှောင်က . . .

''ဟုတ်တယ် ဗိုလ်ကြီး၊ ဗိုလ်ကြီးကို ဂျပန်ကောင်တွေ လက်ထဲကနေ ကိုယ်တိုင်ကိုယ်ကျ ကယ်တင်ပေးခဲ့တဲ့သူဟာ အဲဒီ ကျားလိုလို, လူလိုလိုနဲ့ ကျားဝင်စားမလေးပဲ ဗိုလ်ကြီး''



www.burmeseclassic.com

www.burmeseclassic.com



ဟု လေးတွဲ့စွာ ဖြေကြားလိုက်ပါလေ၏။

"ဗျာ ... ကျားဝင်စားမလေး ... ဟုတ်လား ... ဦးကြီး"

ဦးထန်နိုလျှောင်၏အဖြေကြောင့် ဗိုလ်ကြီးမင်းမော တစ်ယောက် ဒဏ်ရာများကိုပင် မေ့ပျောက်ကာ တုန်လှုပ်အံ့ဩ သွားပါ၏။

"သိပ်အံ့ဩသွားသလား ဗိုလ်ကြီး ... အင်း ... အကြောင်းတွေကို ဗိုလ်ကြီးကို ပြန်ပြောရရင်တောင် ကျု ရင်ထဲမှာ အခုချိန် ထိ နင့်နင့်နဲနဲကြီး နာကျင်နေတုန်းပဲဗျ"

ဗိုလ်ကြီးမင်းမောင်က အံ့ဩတွေဝေနေဆဲမို့ ဦးထန် လျှောင်က သူပြောလက်စ စကားကို ဆက်၍ပြောလိုက်သည်

"အဲဒီ ကျားဝင်စားမလေးနဲ့ ပတ်သက်ပြီး တစ်ခါတု က ဟောဒီတောင်ညိုနယ်တစ်ကျောလုံးမှာ ထိတ်ထိတ်လန့်လန့် အုတ်အော်သောင်းတင်း ဖြစ်ခဲ့ကြသေးတာပေါ့ကွယ် ...။

အင်း ... ကျုပ်တို့ရွာလူကြီးတွေအားလုံး တစ်ချ ကလေး အတွေးမှားသွားကြတာနဲ့ ကျားဝင်စားမလေးတို့ သား အဖနှစ်ယောက်ကို သေခွဲ ခွဲလိုက်သလို ဖြစ်သွားရတယ်





ဗိုလ်ကြီးရယ်"

ကျားဝင်စားမလေးအကြောင်းကို ရှင်းပြပြောဆိုနေသည့် ဦးထန်နိုလျှောင်၏ မျက်နှာတွင် အဆွေးရိပ်များက ယှက်သန်း လာကြသည်။ ရီဝေမှုန်မှိုင်းနေသည့် မျက်လုံးအစုံက အဝေးဆီမှ မှိုင်းညို့ညို့တောင်တန်းများဆီသို့ ငေးမောလျက်ရှိပါ၏။ အတန် ကြာမှ ဦးထန်နိုလျှောင်က စကားဆက်လာသည်။

"ဗိုလ်ကြီး ... သိပ်ပြီးသိချင်လှပါတယ်ဆိုတဲ့ ကျားဝင် စားမလေးတို့ သားအဖရဲ့အဖြစ်က တကယ့်ကို ရင်နာစရာပါပဲ ဗိုလ်ကြီးရယ်"

ဟု အစချီကာ မုဆိုးလေးအောင်ခြိမ့်၏ ဘဝပုံရိပ်များ၊ အနီရောင်ကျိန်စာသင့်ကာ မုဆိုးဘဝမှ ဗိန္ဒောဆေးဆရာဘဝသို့ ကူးပြောင်းလာခဲ့သည့် အောင်ခြိမ့်၊ ထူးဆန်းအံ့ဩဖွယ်ရာ မယုံကြည်နိုင်စရာ၊ ဂမ္ဘီရဆန်ဆန် ဖြစ်ရပ်ဆန်းများနှင့် လူ့ လောကထဲသို့ တိုးဝင်ရောက်ရှိလာသည့် လူစကားမပြောတတ် သော ကျားဝင်စားမလေးနှင့် ကိုးတောင်ကျားကြီး ပေါက်ကျော်။

ရှင်တော်မြတ်စွာဘုရား ဟောကြားဆိုဆုံးမခဲ့သော ကံ၏အကျိုး၊ ဝိပါကဝဋ်ကြွေးနှင့် ကြမ္မာဆိုး၊ ဝဋ်တုံ့ဝဋ်လည်တို့



www.burmeseclassic.com

www.burmeseclassic.com



၏ သံသရာလည်ပုံများ၊ ကျားဝိညာဉ်နှင့် မနုဿလူသား တစ်ဦးဖြစ်သည့် ကျားဝင်စားမလေးတို့၏ ရင်နင့်ကြေကွဲဖွယ်ရာ ဖြစ်ရပ်များကို ဗိုလ်ကြီးမင်းမောင် စိတ်ဝင်တစားနားထောင်ရင်းမှ ပဟေဠိသဖွယ်ဖြစ်နေသည့် ကျားဝင်စားမလေး၏ ဘဝပင်လယ် ထဲသို့ စီးမျောလိုက်ပါသွားမိပါလေတော့သည်။

❀ ❀ ❀

## အခန်း (၁၅)

### ကျားဝိညာဉ်နှင့် တွေ့ဆုံခြင်း

နေဝင်တော့မည် ...။

တောရိပ်တောင်ရိပ်များ ဖုံးလွှမ်းနေသည့် တောင်ညိုတောင်ကြောတစ်ဝိုက်တွင် နေဝင်သည်ဆိုသည်နှင့် အမှောင်ထုက လျင်မြန်စွာ ကြီးစိုးမင်းမူလာကြစမြဲပင်။ အိပ်တန်းပျံသန်း အဖော်ကွဲနေဟန်တူသည့် ဖိုးခေါင်ငှက်တစ်ကောင်၏ လွမ်းယောင် ဆွေးယောင် ဟစ်အော်ခေါ်ငင်သံလေးက ညနေခင်းလေပြည်တွင် လွမ်းမောဖွယ် စီးမျောနေပါ၏။

တောင်ညိုတောင်ထိပ်ရှိ ကျောက်တစ်လုံးဂူဝရှေ့မှာ

---

ခု နှစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



တော့ ဆယ့်ငါးနှစ်ကျော်ကျော်ခန့်အရွယ်ရှိ ကောင်မလေးတစ်ယောက်နှင့် ကျားကြီးတစ်ကောင်တို့က ဝင်လုဆဲနေလုံးနီနီကြီးကို ငေးမောကြည့်နေကြသည်။

ညနေခင်းလေပြေရှူးတစ်ချက် ဆော့ကစားလိုက်ရာတွင် ကျားသားရေဝတ်စုံနှင့် ကျားမလေးအသွင် ပေါက်နေသည့် ညိုညိုမောင်းမောင်း ကောင်မလေး၏ နီကြောင်ကြောင် ဆံနွယ်ရှိင်းများက လေအသင့်တွင် ခပ်ရိုင်းရိုင်း လွင့်ပျံနေကြပါ၏။

ထိုမြင်ကွင်းကို ဆင်သေကုန်းရွာသူကြီး ဦးထန်ခိုလျှောင်နှင့် ဗိုလ်ကြီးမင်းမောင်တို့က ကညင်ပင်ကြီးတစ်ပင်နောက်ကွယ်မှ မြင်တွေ့နေကြရပါသည်။

"အဲဒါ ...ကျားဝင်စား ...လို့ သတင်းကြီးနေတဲ့ ဗိန္ဓောဆရာလေး အောင်ခြိမ့်ရဲ့ သမီးလေးပဲ ဗိုလ်ကြီး၊ ဟိုဘက်က ကျားကြီးကတော့ ကောင်မလေးရဲ့ သက်တော်စောင့် ပေါက်ကျော်လို့ခေါ်တဲ့ ကျားကြီးပေါ့"

ဗိုလ်ကြီးမင်းမောင်မှာ ထူးဆန်းအံ့ကြဖွယ်၊ မယုံကြည်နိုင်ဖွယ်မြင်ကွင်းကို ပါးစပ်အဟောင်းသားနှင့်သာ ငေးမောကြည့်နေမိပါသည်။ ဦးထန်ခိုလျှောင်ကမူ ကျားဝင်စားမလေးအကြောင်းကို ဗိုလ်ကြီးမင်းမောင်အား အပိုအလိုမရှိ ပြောပြနေပါ၏။

"သနားစရာတော့ အကောင်းသားကွဲ့ ...စကားကို ပီပီသသ မပြောနိုင်တာက လွဲလို့ အားလုံးလိုလို သူနားလည်တယ်၊ သူ့ရဲ့အဖေသေရတာ ဂျပန်တွေကြောင့်လို့ဆိုပြီး ဂျပန်တွေကို တွေ့ရင် တွေ့တဲ့နေရာမှာ ကျားကြီးပေါက်ကျော်နဲ့အတူ သူသေကိုယ်သေ တိုက်ခိုက်တော့တာပဲ ...။

တစ်ခါတလေ သူလေးက လမ်းပြသတင်းပေးလို့ ငါတို့တောင် ဂျပန်တွေကို အလစ်အငိုက်ဝင်ပြီး စီးနိုင်တယ်၊ ဒါကြောင့် ဗျူပ်တို့မှာ လက်နက်ခဲယမ်းမီးကျောက်တွေ ရှိနေကြတာ ဗိုလ်ကြီးရဲ့၊ အဲ ...တစ်လောကမှ ဘိုတဲကုန်းမှာ စခန်းချနားခိုကြတဲ့ ဂျပန်တပ်ထဲဝင်ပြီး ကင်းစောင့်စစ်သားနဲ့ ဂျပန်စစ်သားတချို့ကို ဝင်ပြီး သတ်သွားခဲ့သေးတယ်လေ"

ဗိုလ်ကြီးမင်းမောင်မှာ ဦးထန်ခိုလျှောင်ပြောသမျှကို စိတ်ဝင်တစား နားထောင်ရင်း ကုသိုလ်ကံနည်းသလောက် အငြိုးအတေးကြီးလှသည့် ကျားဝင်စားမလေးကို ငေးလျက် ကြည့်နေပါ၏။







www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဒါပေမဲ့ ခက်တာက လူတော်တော်များမျာ ဟာ ကျားကြီးပေါက်ကျော်ရှိနေတာကို မသိကြလေတော ဒီကောင်မလေးကပဲ ကျားကြီးဘဝကို ပြောင်းသွားသလိုလို ကျားကြီးနဲ့ ကောင်မလေးကို ရောထွေးပြီး အမြင်မှားကြရာ ကျားဝင်စားမလေးဆိုပြီး ရိုးမနဲ့ တောင်ညိုတစ်ကြောမှာ နာမည် ကြီးချင်တိုင်း ခဲ့ကားကြီးနေတော့တာပေါ့ ဗိုလ်ကြီးရယ်"

မကြာမီ နေဝင်တော့မည်မို့ ထိုနေရာလေးမှပင် ကျားဝ စားမလေးနှင့် ကျားကြီးပေါက်ကျော်တို့ကို ကျောခိုင်းကာ နံ ယောက်သား လှည့်ပြန်ခဲ့ကြသည်။ အပြန်ခရီးတစ်လျှောက်လုံ မှာလည်း မပြီးဆုံးသေးသည့် ကျားဝင်စားမလေးအကြောင်းဆ ဆက်လက်၍ ပြောပြသည်။

"အမှန်တော့ ကျုပ်တို့လူကြီးတွေ အစိုးရိမ်လွန်သွာ ကြတာကွဲ့၊ ဒီကောင်မလေးက သူ့ရဲ့ကျားကြီးနဲ့ပဲ ကစားဖေ တွေလို ဖြစ်နေတော့ ကျားစရိုက်, ကျားခြေ, ကျားရဲ့ဓ အကျင့်တွေအားလုံး အနီးစပ်ဆုံးရသွားခဲ့တာ နေမှာပေါ့၊ အ အချိန်ထိတော့ ရွာသူရွာသားတွေကို ဒုက္ခပေးတယ်လို့တော့ မရှိ ဘူး . . .။





အေး . . . ဒါပေမဲ့ အနီရောင်ကိုတော့ ငယ်ငယ်လေး ကတည်းက သူ သိပ်ပြီးမုန်းတယ်၊ အနီရောင်နဲ့ ဆက်နွယ်နေတဲ့ အရာမှန်သမျှ သူ့ရဲ့ရန်သူလို့ သတ်မှတ်ထားတာ ဗိုလ်ကြီးရဲ့၊ အဲဒီအနီရောင်ဟာ သူတို့သားအဖနှစ်ဦးအတွက်တော့ နတ်ဆိုး ဘြဲဟ်ကောင်တစ်ကောင်ပဲကွဲ့ . . .။

အရေးကြီးဆုံးကတော့ သူနဲ့တွေ့ရင် အနီရောင်နဲ့ ပတ် သက်တာမှန်သမျှ အထူးသတိထားပြီး ရှောင်ကြရတယ် ဗိုလ်ကြီး ရေ . . . ဟင်း . . . ဟင်း"

ဦးထန်ခိုလျှောင်နှင့် ကျားဝင်စားမလေးအကြောင်း ကားစမြည် ပြောကြရင်းမှ ဗိုလ်ကြီးမင်းမောင်တစ်ယောက် ျားဝင်စားမလေး၏ဘဝကို ပို၍နားလည်ခံစားသဘောပေါက် ာပါ၏။ ထို့အတူ ကျားဝင်စားမလေးနှင့် တွေ့ဆုံလိုစိတ်က ည်း တဖွားဖွားနှင့် ပေါ်ပေါက်လာခဲ့ပါချေပြီကော။

နောက်တစ်နေ့ညနေမှာတော့ မည်သူ့ကိုမျှ အဖော် ခါ်တော့ဘဲ တစ်ကိုယ်တည်း ကျောက်တစ်လုံးဂူရှိရာသို့ တက် ာခဲ့သည်။ မကြာခင် ကျောက်တစ်လုံးဂူသို့ ရောက်ရှိလာပါ၏။

ကျောက်ဂူဝရှေ့တွင် ဗိုလ်ကြီးမင်းမောင် တိတ်ဆိတ်စွာ

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ရပ်နေရင်းမှ ဂူအတွင်းသို့ ဝင်သင့်, မဝင်သင့် ချိန်ဆတွေးတော နေပါ၏။ အကယ်၍သာ သူတွေ့ချင်သော ကျားဝင်စားမလေးနှင့် မတွေ့ရဘဲ ကျားကြီးပေါက်ကျော်နှင့်များ ရင်ဆိုင်တိုးမိခဲ့လျှင် . . .

ဗိုလ်ကြီးမင်းမောင်တစ်ယောက်တည်း အတွေးများနှင့် ရှုပ်ထွေးနေသဖြင့် ဂူအတွင်းသို့ လှမ်းဝင်နေသည့် ခြေလှမ်းများသည် တုံ့ခနဲရပ်သွားကြသည်။ ထိုအခိုက်မှာပင် . . .

'ဝေါင်း . . ဂရား'

သူ့နောက်ဘက်ဝင်လာရာ လမ်းဘက်ဆီမှ ကျားဟိန်း သံကြီးတစ်ခုကို နီးကပ်လွန်းစွာ ကြားလိုက်ရသဖြင့် ဗိုလ်ကြီး မင်းမောင်မှာ ခေါင်းမှ ဆံပင်မွေးများပင် ထောင်သွားကြသည်။

ဗိုလ်ကြီးမင်းမောင် ရောက်သည့်နေရာမှာပင် မတုန် မလှုပ်နှင့် ရပ်နေ၏။ ကိုယ်ခန္ဓာကြီးကို လုံးဝမလှုပ်ရဲ၊ ချွေးစေးများ ပျံလျက် ရင်အစုံသည် တဒိန်းဒိန်းနှင့် ခုန်နေပါသည်။

ထိုအချိန်တွင် . . .

သူ့ရှေ့သို့ ပြုန်းခနဲ အရိပ်တစ်ခု ကျလာသည်။ တော် သေးသည်။ သူ မျှော်လင့်ထားသည့် ကျားဝင်စားမလေးဖြစ်နေ

---





သည်မို့ ကြောက်စိတ်တစ်ဝက်မျှ ပြေသွားပါ၏။

သို့တိုင်အောင် ကျားဝင်စားမလေးက ဗိုလ်ကြီးမင်းမောင် ကို စိမ်းစိမ်းကြီး စိုက်ကြည့်နေပါသေးသည်။

"ဘုရား . . . ဘုရား . . . ငါ . . . ငါ လာမိတာ မှား . . . မှားပြီ ထင်တယ်၊ ကျား . . . ကျားဝင်စားမလေးကလည်း ငါ့ကို ရူးရူးရဲရဲ ကြည့်နေတယ်၊ နောက်လှည့်ပြန်ရအောင်က လည်း ငါ့နောက်မှာ ကျားကြီးပေါက်ကျော်၊ ဘုရား . . . ဘုရား . . . ငါ . . . ငါ ဘာလုပ်ရမလဲ"

ဗိုလ်ကြီးမင်းမောင် တုန်လှုပ်ချောက်ချားစွာဖြင့် ခေါင်း ခြောက်လုမတတ် စဉ်းစားနေခိုက်မှာပင် . . .

'ဟမ်း . . ဟမ်း'

ကျားဝင်စားမလေးက တဟမ်းဟမ်းနှင့် အသံပေးကာ သူ့ထံသို့ တိုးဝင်လာနေပါချေပြီကော။

"ဟင် . . . မင်း . . . မင်း ငါ့ကို ဂျပန်တွေလက်ထဲက ကယ်ခဲ့တာလေ . . . မှတ်မိတယ်မဟုတ်လား၊ အဲ . . . အဲဒီ အတွက် . . . မင်း . . . မင်းကို ကျေးဇူးတင်စကား လာ . . . လာပြီး ပြောတာပါ"

---



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးမင်းမောင်က ထိတ်ထိတ်ပျာပျာနှင့် ရှင်းပြနေသည့်တိုင် စကားလုံးများက ကြောက်ရွံ့မှုဓာဖြင့် ထစ်ထစ်ငေါ့ငေါ့ဖြစ်နေပါလေ၏။ ယခုမှပင် ရိုးမတစ်ခွင်နှင့် တောင်ညှိုတောင်ကြောတစ်ပိုက်တွင် နာမည်ကျော်သတင်းကြီးနေသည့် ကျားဝင်စားမလေးနှင့် တေ့တေ့ဆိုင်ဆိုင် မြင်တွေ့နေရပြီမဟုတ်ပါလား။

တောထဲတောင်ထဲတွင် အနေအထိုင် ကြမ်းကြမ်းတမ်းတမ်းနှင့် ဖြစ်သလိုနေထိုင်ခဲ့၍လား မသိ ... အသားအရေက ညိုမှောင်လျက်။ အရွယ်နှင့်မမျှ လုံးကျစ်မာကျောဖွံ့ထွားသော ခန္ဓာကိုယ်က သူမ ကျင်လည်ကျက်စားသည့် ပတ်ဝန်းကျင်နှင့် လိုက်ဖက်မျှတအောင် သဘာဝတရားကြီးက ဖန်တီးပေးထားသည်သို့။

နေလောင်ထားသည့် နီကြောင်ကြောင်ဆံပင်ရှည် ရှိုင်းရှိုင်းများက မျက်နှာပြင်ထက်သို့ ခပ်ကြမ်းကြမ်း ဝဲကျနေကြသည်။ ထူးထူးခြားခြား ရှိနေသည်ကတော့ စိမ်းဖန့်ဖန့်နှင့် စူးရဲတောက်ပလှသည့် မျက်လုံးအစုံပင်။

မီးကျည်ခဲနှယ် စူးစူးရဲရဲနှင့် ဝင်းလက်တောက်ပနေ





သည့် မျက်လုံးနှစ်လုံးက ကျားတစ်ကောင်၏ မာန်ဝင်နေသည့် မျက်လုံးကြီးများနှယ်ပါတည်း။

အဝါနှင့် အနက်စင်းကြား ကျားသားရေကို ဖြစ်သလို ထိုးသီချုပ်၍ ဝတ်ဆင်ထားသဖြင့် ရုတ်တရက်သာ တွေ့ရှိလိုက်မည်ဆိုလျှင် ကျားသတ္တဝါလိုလို အထင်မှားစရာ ဖြစ်နေပါ၏။ ညှီစို့စို့အနံ့နှင့် သွင်ပြင်သဏ္ဍာန်ရိုင်းရိုင်းက ကျားရိုင်းတိရစ္ဆာန်တစ်ကောင်သဖွယ်။

ထိုစဉ် ဗိုလ်ကြီးမင်းမောင်အား လက်ဟန်ခြေဟန်နှင့် ကျောက်ဂူအတွင်းသို့ဝင်ရန် ခေါ်နေသဖြင့် ကြောက်ကြောက်လန့်လန့်နှင့်ပင် ဂူတွင်းသို့ ဝင်လာခဲ့သည်။ ကျောက်ဂူအတွင်းဘက်မှာတော့ တောရိုင်းတိရစ္ဆာန်ပေါင်းစုံ၏ အရိုးစုများက နေရာအနှံ့ပြန့်ကြဲလျက်ရှိသည်ကို တွေ့လိုက်ရသည်။

တစ်နေရာတွင် အတန်ငယ်မြင့်သည့် ကျောက်သားပြင်တစ်ခုသည် ခုတင်တစ်လုံးသဖွယ် ပြန့်ပြန့်ပြူးပြူးနှင့်။ ထိုကျောက်သားပြင်ထက်တွင် မြက်ခြောက်များကို စုစည်းလျက် အိပ်ရာသဖွယ် ပြုပြင်ထားသဖြင့် ကျားဝင်စားမလေး၏ အိပ်ရာဟု မှတ်ယူလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျားဝင်စားမလေးက ထိုကျောက်သားပြင် ခုတင်ထက်တွင် ထိုင်ချလိုက်ပြီး ဗိုလ်ကြီးမင်းမောင်ကို သူ့အနီးသို့ လာရန် လက်ယပ်ခေါ်နေပုံမှာ ထိတ်လန့်ချောက်ချားဖွယ်ရာပင်။

ကျောက်သားခုတင်နံဘေးမှာတော့ တောင့်ပျောနိုင်ကြီးများနှင့် တခြားသော သစ်သီးဝလံများက မှည့်ဝင်းလျက် သောက်ရေကန်ဟု ထင်ရသော ကျောက်ခွက်ကြီးအတွင်းမှာတော့ သဘာဝကျောက်စက်ရေက တစ်စက်တစ်စက်နှင့် ကျနေပါ၏။

ကျားဝင်စားမလေးက တောင့်ပျောနိုင်အမှည့်တစ်ခိုင်ကို ကျောက်သားခုတင်ထက်သို့ ဝုန်းခနဲပစ်တင်လိုက်သည်။ ထို့နောက် သစ်သီးမှည့်တချို့ကိုလည်း တင်လိုက်ပြီး ဗိုလ်ကြီးမင်းမောင်ကို လက်ယပ်ခေါ်လိုက်ပြီး ထိုသစ်သီးများကို လက်ညှိုးလေးနှင့် ညွှန်ပြနေပါ၏။

ရန်မူလိုဟန်မတွေ့ရဘဲ သစ်သီးများကိုပင် စားနိုင်းဟန် ပြနေသဖြင့် ဗိုလ်ကြီးမင်းမောင် ခုတင်ရှိရာသို့ လျှောက်လှမ်းလာပြီး သစ်သီးတစ်လုံးကို ရဲရဲတင်းတင်းယူ၍ စားလိုက်သည်။





'ဟမ်း ..ဟမ်း ..ဝေါင်း ..ဝေါင်း'

ထိုအခြင်းအရာကို မြင်တွေ့လိုက်ရသည့် ကျားဝင်စားမလေးက သဘောကျသွားသည့်ထင့်။ တဝေါင်းဝေါင်းအသံကြီးပြုကာ ရယ်မောနေသည့်နှယ်။ ထို့နောက် လက်ဟန်ခြေဟန်ဖြင့် တိုက်နိုက်ဟန်ပြုကာ ကျောက်သားပြင်ထက်ရှိ မြက်ခြောက်စည်းများအောက်မှ ဖိုင်တွဲမှတ်တမ်းတစ်ခုကို ဆွဲယူလိုက်သည်။

'ဟမ်း ..ဟမ်း'

ပြီးလျှင် ထိုမှတ်တမ်းဖိုင်တွဲလေးကို ဗိုလ်ကြီးမင်းမောင် လက်ထဲသို့ ထိုးထည့်ပေးလိုက်ပါ၏။ ဖိုင်တွဲလေးကို မြင်လိုက်သည် နှင့် ဗိုလ်ကြီးမင်းမောင်မျက်လုံးတို့ ဝင်းလက်သွားကြသည်။ ဖိုင်တွဲပေါ်မှ ဂျပန်စာလုံးများဖြင့် (လျှို့ဝှက်) ဟု ရေးသားထားသည့် အချက်ကြောင့် ဗိုလ်ကြီးမင်းမောင် ကပျာကယာ လှန်လှော၍ကြည့်လိုက်ပါ၏။

"ဟာ ...ဒါ ...ဒါ ဂျပန်စစ်ရေးလျှို့ဝှက်ဖိုင်ပါလား"

ဗိုလ်ကြီးမင်းမောင် အံ့ဩစွာ ရေရွတ်လိုက်သည်။

မှတ်တမ်းဖိုင်တွဲထဲတွင် မြေပုံကားချပ်တစ်ခုကို ခေါက်၍ ထည့်ထားသည့်အပြင် အရေးကြီးသည့် စစ်ရေးစစ်ရာသတင်း



www.burmeseclassic.com

www.burmeseclassic.com



များနှင့် လျှို့ဝှက်သတင်းများကိုပါ တွေ့ရှိလိုက်ရသဖြင့် ထိတ်ခနဲ ဝမ်းသာသွားပါ၏။

"ဟာ ... သိပ်ပြီးအဖိုးတန်တဲ့ လျှို့ဝှက်စစ်သတင်း မှတ်တမ်းဖိုင်ပဲ၊ ဒါ ... ဒါတွေ မင်း ... မင်း ဘယ်ကရလာခဲ့တာလဲ ... ဟင်"

ဗိုလ်ကြီးမင်းမောင်၏ အမေးစကားကို ကျားဝင်စားမလေးက ...

'ဟမ်း .. ဟမ်း .. ဝေါင်း ... ဝေါင်း .. ဟမ်း'

ပါးစပ်မှ တဟမ်းဟမ်းနှင့် ဘိုတဲကုန်းဘက်သို့ လက်ညှိုးညွှန်ပြရင်း တိုက်ခိုက်သတ်ပုတ်ဟန် ပြသနေခြင်းကြောင့် ဘိုတဲကုန်းရှိ ဂျပန်များထံမှ တိုက်ခိုက်ရယူခဲ့ခြင်းဖြစ်မည်ဟု မှတ်ယူလိုက်သည်။

တစ်ဆက်တည်းမှာပင် ဘဝအကျိုးပေး နည်းလွန်းလှသော ကျားဝင်စားမလေးကို ဗိုလ်ကြီးမင်းမောင် ကြင်နာစွာ ငေးကြည့်နေမိသည်။ လူသားစင်စစ်ဖြစ်ပါလျက် လူ့အသိုင်းအဝိုင်း လူ့အဖွဲ့အစည်းမှ ဖယ်ကြဉ်ထားခြင်းခံရသည့် လူသားစိတ် တစ်ဝက်၊ ကျားဝိညာဉ်၊ ကျားဗီဇတစ်ခြမ်းတို့ ရောယှက်





ပူးဝင်လျက်ရှိသော ကျားဝင်စားမလေး၏အဖြစ်က မယုံကြည်နိုင်ဖွယ်ရာများနှင့်အတူ အံ့သြထူးဆန်းမှုများပါ ရောထွေးလျက်ရှိပါသည်ကော။

ယခုပင် ကျားဝင်စားမလေးထံမှ အရေးကြီးသည့် လျှို့ဝှက်စစ်သတင်းများကို ရရှိလိုက်ပြီဖြစ်သဖြင့် ဗိုလ်ကြီးမင်းမောင် ပြန်ရန် စကားစလိုက်ပါ၏။

"ဒီ ... ဒီမှာ ... ငါ ပြန်တော့မယ်နော်၊ ဟောဒီ မင်းပေးထားတဲ့ မှတ်တမ်းဖိုင်တွဲထဲက စစ်ရေးသတင်းအချက်အလက်တွေနဲ့ ဂျပန်တွေကို တိုက်ထုတ်ဖို့ ပြင်ဆင်ရဦးမယ်၊ ဦးထန်နီလျှောင်တို့နဲ့ တိုင်ပင်ရဦးမယ်၊ နောက်နေ့တွေမှ ငါ ပြန်လာခဲ့မယ်နော်"

ဗိုလ်ကြီးမင်းမောင်၏ ပြောစကားများကို ကျားဝင်စားမလေးက နားလည်သဘောပေါက်သည့်အလား ဂူးဂူးဝါးဝါးနှင့် ခေါင်းညိတ်ပြကာ ကျောက်ဂူကြီးထဲသို့ ပြေးဝင်ပျောက်ကွယ်သွားပါတော့သည်။

ကျောက်ဂူတွင်းသို့ ပြေးဝင်ပျောက်ကွယ်သွားသည့် ကျားဝင်စားမလေးကို အတန်ကြာမျှ ငေးငိုင်ကြည့်နေမိပြီးမှ ဗိုလ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မင်းမောင် ကျောက်တစ်လုံးဂူထဲမှ လှည့်ပြန်လာခဲ့ပါတော့သည်။

အပြန်ခရီးတစ်လျှောက်လုံးမှာတော့ ကျားဝင်စားမလေးနှင့် ယှက်နွယ်ပတ်သက်နေသော ပဟေဠိပေါင်းများစွာက ရင်နှင့်မဆန့် တထွေးတပွေ့ကြီး ပါလာခဲ့ပါတော့သတည်း။

## အခန်း (၁၆)

### အနီရောင်စစ်ဆင်ရေး ... သို့မဟုတ် ...

နေ့ရက်တို့သည် ရင့်ရော်လာကြပြီဖြစ်သည်။ တောင်ညိုတောင်နှင့် ရိုးမတစ်ကြောလုံးတွင် ပြာရော်ခြောက်သွေ့ကာမြူတွေဆိုင်း၍ မှိုင်းမှိုင်းမှုန်လျက်ရှိပါ၏။

တောင်ညိုတောင်ခြေရှိ ဦးထန်ခိုလျှောင်တို့၏ လျှို့ဝှက်ခန်းတွင် ဦးထန်ခိုလျှောင်၊ ဗိုလ်ကြီးမင်းမောင်နှင့် ကာကွယ်ရေးခေါင်းဆောင် ထန်းလုံအပါအဝင် ရဲဘော်အချို့ ရှိနေကြပါသည်။

ဦးထန်ခိုလျှောင်က တဲနံရံတွင် ချိတ်ဆွဲထားသည့် မြေပုံကြီးတစ်ချပ်ဆီသို့ ဗိုလ်ကြီးမင်းမောင်ကို ခေါ်သွားကာ လျှို့ဝှက်



www.burmeseclassic.com

www.burmeseclassic.com



ဖိုင်တွဲမှတ်တမ်းထဲမှ ရရှိခဲ့သော မြေပုံချပ်နှင့် နှိုင်းယှဉ်ကြည့်ရင်း ရှင်းလင်းပြောဆိုပြနေပါသည်။

"အင်း . . . ခုတလော ဂျပန်ဖက်ဆစ်ကောင်တွေ ဆင်သချောင်းတံတားဘက်မှာ ခြေရှုပ်နေကြပါတယ်လို့ အောက်မေ့နေတာ . . . ကျားဝင်စားမလေးဆီက ဗိုလ်ကြီးယူလာခဲ့တဲ့ ဖိုင်တွဲထဲက လျှို့ဝှက်စစ်သတင်းတွေကို သိရမှပဲ ရှင်းသွားတော့တယ်"

ဦးထန်ခိုလျှောင်၏ စကားအဆုံးတွင် ကာကွယ်ရေး ခေါင်းဆောင် ထန်းလုံက . . .

"ဟား . . . ကောင်းတာပေါ့ အဘရယ်၊ ကျုပ်တို့လည်း ပွဲကြီးပွဲကောင်း မနွှဲရတာ အတော်ကြာသွားပြီမဟုတ်လား၊ ဒီ ဆင်သချောင်းတံတားတိုက်ပွဲမှာတော့ ဒီဂျပန်ကောင်တွေကို ကောင်းကောင်းကြီး နှိပ်ကွပ်ရမှာပဲ အဘရေ . . . ဟင်း . . . ဟင်း"

ဟု အားရပါးရ ပြောရင်း ရယ်မောလိုက်သည်။ ထန်းလုံ ၏ တက်ကြွသော စစ်သွေးစစ်သံများကြောင့် ဗိုလ်ကြီးမင်းမောင် ၏ နှလုံးသွေးတို့ပင် ဆူပွက်လှုပ်ရှားလာကြပါ၏။





"ဒါဆိုရင် အတော်ပဲပေါ့ ထန်းလုံ၊ ဖက်ဆစ်ဂျပန်တွေဆီက မင်းတို့ရထားတဲ့ ဖောက်ခွဲရေးပစ္စည်းတွေ၊ လက်နက်ခဲယမ်းတွေနဲ့ ဆင်သချောင်းတံတား ထွက်ပေါက်ကို အသက်နဲ့လဲပြီး ဝိတ်ဆို့ ကာကွယ်ကြတာပေါ့ဗျာ"

ထန်းလုံ၏ စစ်သွေးချင်ခြင်းအာသီသကို ဗိုလ်ကြီးမင်းမောင်က အကြံပြုဖြည့်ဆည်းပေးလိုက်သဖြင့် ထန်းလုံမှာ ပို၍ သဘောကျ နှစ်ခြိုက်သွားပါ၏။

ဟုတ်ပါသည်။

လျှို့ဝှက်စစ်သတင်းအရဆိုလျှင် နောက်တစ်နေ့နံနက် အရုဏ်တက်ချိန် ငါးနာရီတိတိအချိန်တွင် ဂျပန်တပ်ရင်း (၇) မှ ဗိုလ်မှူးကြီးဆာတိုးယာမ ဦးစီးသော ဂျပန်စစ်တပ်ကြီးသည် ရိုးမကိုကျော်ဖြတ်၍ ချောင်းတံတားမှတစ်ဆင့် တစ်ဖက်နယ်စပ်ထဲသို့ ဆုတ်ခွာကြမည်ဖြစ်ပါ၏။

ဗိုလ်ကြီးမင်းမောင်က စားပွဲပေါ်မှ စစ်သုံးမြေပုံကြီးပေါ်သို့ လက်ညှိုးနှင့်ထောက်ရင်း . . .

"ဒီမှာတွေ့လား ထန်းလုံ . . . ဂျပန်တွေဟာ ဆင်သချောင်းတံတားကြီးနားကို ဘယ်သူမှမကပ်နိုင်အောင် ကာကွယ်



www.burmeseclassic.com

www.burmeseclassic.com



ကျင်းတွေ, ဘန်ကာတွေနဲ့ အထပ်ထပ်စောင့်ကြပ်ထားကြတာကွ။ ဒီတံတားဟာ သူတို့အတွက် နောက်ဆုံးထွက်ပေါက်ပဲ ...။

ဒီတော့ တပ်ကြပ်ကြီးချစ်ဦးက မင်းရဲ့ရဲဘော်တွေနဲ့အတူ ဒီဘက်က တံတားထိပ်မှ နေရာယူထားကြ ...။

ဟိုဘက်က တံတားထိပ်မှာ ဦးကြီးနဲ့ ကျန်တဲ့ရဲဘော်တွေ ညဉ့် နှစ်နာရီကတည်းက တပ်ဖျောက်ပြီး နေရာယူထားကြမယ်။ ထန်းလုံနဲ့ ငါက ... +++ ... +++ ... +++ ... +++ "

ဗိုလ်ကြီးမင်းမောင်က ဆင်သေချောင်းတံတား အရက်ဦး တိုက်ပွဲအတွက် ဦးထန်ခိုလျောင်၊ ထန်းလုံ၊ သူ၏ရဲဘော်များနှင့် ခေါင်းချင်းဆိုင်၍ အသေးစိတ် ညှိနှိုင်းဆွေးနွေးကြပါတော့သည်။

ထိုအချိန်တွင် ...

တဲအတွင်းသို့ ချောင်းမြောင်းကြည့်နေသည့် စုးရဲတောက် ပသော မျက်လုံးတစ်စုံကို မည်သူမျှ သတိမထားကြ။ ထိုမျက်လုံး ရှင်သည် တဲကြီးအတွင်းမှ ဗိုလ်ကြီးမင်းမောင် ရှင်းလင်းပြော နေသည် များကို သေချာစွာ နားထောင်နေပြီးမှ ရိပ်ခနဲ ပြေးထွက် သွားပါလေ၏။

အမှောင်ထဲသို့ ပြေးထွက်သွားမှုပင် ထိုသတ္တဝါနှင့်

---

ခု နှစ် စဉ် ကြယ် စာ ပေ



သည် ကျားလိုလို, လူလိုလိုနှင့် ကျားဝင်စားမလေးမှန်း သိရှိ လိုက်ရပါတော့သည်။

www.burmeseclassic.com

ဆင်သေချောင်းရေယဉ်သည် မှိန်ဖျော့ဖျော့ လရောင်အောက်ဟွင် တငြိမ့်ငြိမ့် စီးဆင်းနေပါ၏။ နွေနှောင်းကာလမို့ ချောင်းရေအနက်က ရင်ခေါင်းသာသာခန့်ပင် ရှိသည်။

ဆင်သေချောင်းတံတားကြီးက သံကူကွန်ကရစ်တိုင်ကြီးများ၊ သံဘောင်ယက်မတန်းကြီးများနှင့် အခိုင်အမာ ဆောက်လုပ်ထားသည့် တံတားကြီးတစ်စင်းဖြစ်ပါ၏။

ဆင်သေချောင်းတံတား၏ တစ်ဖက်တစ်ချက်တွင် ဂျပန်စစ်သားများက ကတုတ်ကျင်းများ၊ ဘန်ကာများနှင့် အခိုင်





အမာ ခြေကုတ်ယူထားကြသည်။

ဆင်သေချောင်းကူးတံတားကြီးနှင့် ဆက်နွယ်လျက်ရှိသော အဝေးပြေးကားလမ်းမကြီးတစ်လျှောက်မှာလည်း လူ
အင်အား၊ လက်နက်အင်အားရှိသမျှ တပ်ဖြန့်ချထားသည်မို့ ယခုဆုတ်ခွာမည့် စစ်ကြောင်းတွင် ဂျပန်တို့၏ အရေးပါသော
ကိုလ်ကြီးများနှင့် ပစ္စည်းများ တော်တော်များများပါရှိမည်မှာ
မြကြီးလက်ခတ်မလွဲပင် ဖြစ်ပါ၏။

ဆင်သေချောင်းသည် တောင်ကျချောင်းတစ်ခုဖြစ်သည်
မိုးအခါကာလတွင် ချောင်းရေလျှံ၍ ဝါးလုံးထိုး ရေစီးဆင်းလေ့
သော်လည်း ယခုကဲ့သို့ နွေနှောင်းကာလ ရာသီမျိုးတွင်မူ
မိုက်သရိုက်များနှင့် ဗေဒါ ဒိုက်အနည်းငယ်မျှသာ သယ်ဆောင်
လျက် ငြိမ့်ငြိမ့်ညင်ညင် စီးဆင်းနေလေ့ရှိပါသည်။

မှိန်ဖျော့ဖျော့ လရောင်မှုန်ဝါးဝါးအောက်တွင် ဆင်သေ
ချောင်းရေအလျဉ်သည် ဝါးရုံပင် ဒိုက်ပုံတချို့နှင့် ဗေဒါဖုတ်
လးများကို သယ်ဆောင်လျက် စီးဆင်းနေပါ၏။

တံတားကြီးပေါ်မှာတော့ ကင်းစောင့်ဂျပန်စစ်သားများ
စစ်ဖိနပ်ခွာသံ တဒေါက်ဒေါက်ကသာ ကြီးစိုးမင်းမူနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် တစ်ချက်မှသာ ချောင်းရေပြင်ထက်သို့ မီးများနှင့် ထိုးကြည့်တတ်သဖြင့် ဝင်းခနဲ လက်ခနဲ ဖြာဆင်းသွားတတ်သည်။

သို့သော် ချောင်းရေထဲရှိ ရွှေ့ရွှေ့ မျောပါနေသည့် ဝါးရုံပင် ဒိုက်မှော်များအောက်တွင် ဦးခေါင်းလေးမျှပင် ဖော်ကာ လိုက်ပါ မျှောချလာသည့် ဗိုလ်ကြီးမင်းမောင်နှင့် ထန်းလုံတို့ကို ကင်းစောင့်ဂျပန်စစ်သားများက သတိမထားမိလိုက်နိုင်ကြပါ။

လရောင်ရေးရေးတွင် တလှုပ်လှုပ်နှင့် မျောလာသည့် ဝါးရုံခြုံ ဒိုက်ပုံကြီးက ဆင်သေချောင်းတံတားကြီးကို တိုးတိုက်ဖြတ်ကျော်သွားချိန်တွင် လှုရိပ်နှစ်ခုက တံတားကြီး၏ တိုင်ခြေတွင်ကပ်၍ ကျန်ရစ်ခဲ့ကြသည်။

ခဏအကြာမှာတော့ အမှောင်ကို အကာအကွယ်ပြု၍ တံတားကြီး၏ သံဘောင်ယက်မကြီးများမှတစ်ဆင့် နှစ်ယောက်သား တိတ်ဆိတ်ဖျတ်လတ်စွာ တွယ်၍ တက်သွားကြပါတော့သည်။

ထိုမြင်ကွင်းကို တံတားအောက်ခြေရှိ လှိုဏ်ကြီးထဲမှ ကျားဝင်စားမလေးနှင့် သေဖော်ရှင်ဘက် ကျားကြီးပေါက်ကျော်တို့ စိုးစဉ်းမျှ အသံမထွက်ကြဘဲ ငြိမ်သက်စွာ ကြည့်နေကြပါ၏။

ကျားဝင်စားမလေး၏ စူးရဲသော မျက်လုံးအစုံက တံတားတိုင်သံယက်မကြီးများကြားတွင် ကြောင်ရိုင်းတစ်ကောင်နှယ် တွယ်ကပ်၍တက်နေသည့် ဗိုလ်ကြီးမင်းမောင်ကို တွေ့မြင်လိုက်ရသည်နှင့် ရှားရှားပါးပါး အပြုံးပန်းတစ်ချက် ပွင့်းလက်သွားသည်။

ထို့နောက် ကျားကြီးပေါက်ကျော်ကို လက်ဟန်ခြေဟန်ဖြင့် နေနိုင်းခဲ့ပြီး ဝိညာဉ်တစ်ကောင်ပမာ အမှောင်ထဲတွင် တိုးဝင်ပျောက်ကွယ်သွားပါလေ၏။

ဗိုလ်ကြီးမင်းမောင်နှင့် ထန်းလုံတို့ကမူ တာဝန်ကိုယ်စီနှင့် တံတားကြီး၏ ကားလမ်းအောက်ရှိ သံယက်မနေရာများတွင် ဖောက်ခွဲရေးမိုင်းများကို တိတ်တဆိတ် တပ်ဆင်နေကြသည်။

လှုပ်ရှားမှုများက သွက်လက်မြန်ဆန်သည်။ မလိုလားအပ်သည့် အသံဗလံဟူ၍ စိုးစဉ်းမျှမထွက်စေရ။

ဗိုလ်ကြီးမင်းမောင် နောက်ဆုံး ဖောက်ခွဲရေးမိုင်းကို တပ်ဆင်နေစဉ်မှာပင် သူ့နောက်ဘက် သံယက်မကြီးများနောက်မှ ထူးဆန်းသော အသံတစ်မျိုးကို ကြားလိုက်ရသည်မို့ ဖျတ်ခနဲ




ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်လိုက်သည်။

"ဟင် ... သူ ... သူ ... ကျား ... ကျားဝင်စားလေးပါလား"

ဟုတ်ပါသည်။ မှုန်ဝါးဝါးလရောင်အောက်တွင် စိမ်းဖန့်ဝင်းလက်သော မျက်လုံးအစုံက စူးရဲတောက်ပလျက်။ ကျားဝင်စားမလေးက ချက်ချင်းလိုပင် သူ့အနီးသို့ ဖျတ်ခနဲ ရောက်လာပါ၏။

"ဟင် ... မင်း ... မင်း ... ဒီလောက်အန္တရာယ်ကြီးတဲ့နေရာကို ဘာကြောင့်လိုက်လာရတာလဲ ... ဒုက္ခပါပဲ"

"ရှူး ..."

ထိုစဉ် ထန်းလုံက ငြိမ်ငြိမ်နေရန် အချက်ပြလိုက်သည်ကို မြင်တွေ့လိုက်ရသဖြင့် ကျားဝင်စားမလေးနှင့်အတူ သံယက်ခ ကြီးအောက်တွင် ငြိမ်သက်စွာ တွယ်ကပ်နေလိုက်သည်။

တံတားပေါ်မှာတော့ ဂျပန်စစ်ဖိနပ်သံ တဒေါက်ဒေါက်က သူတို့နှင့် တဖြည်းဖြည်းနီးကပ်လာသလို ...။

အချိန်မီလေးပင် ...။ ဝင်းခနဲ လက်ခနဲ ဖြာဆင်းသွားသည့် လက်နှိပ်ဓာတ်မီးရောင်များက သူတို့အနီးမှ ဖြတ်ကျော်





ကာ ချောင်းရေစပ်နှင့် ချောင်းရေပြင်တစ်ဝိုက်တွင် ဟိုမှသည်မှ လွှန်းထိုးရွှေ့လျားနေကြသည်။ ဂျပန်စစ်သားများသည် မသင်္ကာစရာ တစ်စုံတစ်ရာကို တွေ့သွားကြသည်ထင့်။

သူတို့နှစ်ဦး တွယ်ကပ်နေသည့် တံတားကြီးအောက်ခြေဘက်သို့လည်း ဓာတ်မီးရောင်တဝင်းဝင်းနှင့် ရှာဖွေနေကြပါသည်။ ကျားဝင်စားမလေးက ဗိုလ်ကြီးမင်းမောင်၏ ရင်ခွင်ထဲဝယ် ငြိမ်သက်စွာ ဖက်တွယ်ထားလျက် ...။

ထူးထူးခြားခြား ကျားဝင်စားမလေး ကိုယ်ခန္ဓာမှ ညှီစို့စို့ အနံ့မရဘဲ ထူးခြားသော ရနံ့တစ်မျိုးကို ရှူရှိုက်ခံစားမိသည့် ဗိုလ်ကြီး မင်းမောင်တစ်ယောက် သူ၏ရင်ခုန်သံကိုပင် သူပြန်ကြားနေရသလိုလို။

"အင်း ... ဒီကောင်မလေး ဒီတံတားကို ဘယ်လိုလုပ်ပြီး ရောက်လာရတာပါလိမ့်၊ ဦးကြီးတို့ကလည်း အသိပေးမှာ မဟုတ်ပါဘူး"

ဗိုလ်ကြီးမင်းမောင်မှာ သနားစိတ်သက်သက်ဖြင့် ရင်ခွင်ထဲမှ ကျားဝင်စားမလေးကို အသာအယာ ထွေးပွေ့ထားလိုက်မိပါ၏။ စိတ်အတွေးထဲမှာတော့ မကြာမီ ဆင်နွှဲရတော့



www.burmeseclassic.com

www.burmeseclassic.com



မည့် တိုက်ပွဲကြီးအတွင်းမှ ကျားဝင်စားမလေးကို လွတ်ကင်းရာသို့ ရှိနေစေချင်ပါသည်။

လက်မှ ညကြည့်နာရီကို ကြည့်လိုက်တော့ နံနက်လေးနာရီခွဲခါနီးလုပြီ။ နောက်ထပ် နာရီဝက်ခန့်ကြာလျှင် ဂျပန်တပ်ရင်း (၇) မှ ဗိုလ်မှူးကြီးဆာတိုးယာမ ဦးစီးသော ထရပ်ကားကြီးများသည် ဤဆင်သေချောင်းတံတားကြီးဆီသို့ ရောက်လာကြပေတော့မည်။

သူ၏ ဖောက်ခွဲရေးမိုင်းများအားလုံးကို ထရပ်ကားကြီးများ အလယ်ကောင်တည့်တည့်သို့ရောက်လျှင် ဖောက်ခွဲမှုစတင်ရန် အားလုံး မှာကြားထားခဲ့ပြီးဖြစ်ပါ၏။

တာဝန်ဟူသောအသိက ဗိုလ်ကြီးမင်းမောင်၏ အတွေးထဲသို့ ဖျတ်ခနဲ ဝင်ရောက်လာချိန်မှာတော့ အလင်းတန်းတစ်ခုက သူတို့နှစ်ဦးပေါ်သို့ ဝင်းခနဲ ဖြာခနဲ ကျရောက်လာခဲ့ပါပြီကော ...။

"ဟာ ..."

"ဟမ်း ..."

"ဟိုင်း ... ခူးရကား ... ဘာဂဲရိုး"

---

ခု နစ် စဉ် ကြယ် တ ပေ



'ဝုစ် ... ဒုတ် ...'

"အား ..."

ဗိုလ်ကြီးမင်းမောင်နှင့် ကျားဝင်စားမလေးတို့အား ရုတ်တရက် တွေ့မြင်သွားသည့် ဂျပန်စစ်သားခမျာ အော်ဟစ်သတိပေးရန် စကားဟလိုက်ချိန်တွင် ထန်းလုံးပစ်လိုက်သည့် ဓားချက်က ဂျပန်စစ်သား၏ရင်ဝတွင် ရူးနစ်စိုက်ဝင်သွားပြီး ဆင်သေချောင်း ရေပြင်ထဲသို့ ဝုန်းခနဲ ထိုးကျသွားပါချေတော့သည်။

ထိုစဉ် ထန်းလုံးက ...

"ဗိုလ်ကြီး ... ဗိုလ်ကြီး ... တံတားပေါ်ကို မြန်မြန်တက်၊ တက်တော့ ... ဂျပန်ကောင်တွေ သိသွားကြပြီ ဗိုလ်ကြီး"

ဟု ဟစ်အော်ပြောဆိုကာ သူကိုယ်တိုင်လည်း သံယက်မတန်းများမှတစ်ဆင့် တံတားပေါ်သို့ သွက်လက်စွာ တက်လိုက်ပါ၏။

ထိုအချိန်တွင် ဂျပန်စစ်သားများက အခြေအနေကိုရိပ်စားမိသွားကြပြီမို့ ဗိုလ်ကြီးမင်းမောင်နှင့် ထန်းလုံတို့ရှိရာသို့ ဒိုင်းဒိုင်းနှင့် ပစ်ခတ်ကြပါတော့သည်။

'ဒက် ... ဒက် ... ဒက် ... ဒိုင်း ... ဒိုင်း'

---

ခု နစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တည်းမှာပင် ဦးထန်ခိုလျောင် ဦးစီးသော မျိုးချစ်တော်လှန်ရေးသမားများက တံတားတစ်ဖက်ထိပ်မှ ဂျပန်စစ်သားများကို တစ်ဟုန်ထိုးတက်၍ တိုက်ခိုက်ကြပါသည်။

'ဒိုင်း ..ဒိုင်း ..ဒက် ..ဒက် ..ဒက် ..ဒိုင်း'

"ဟေး ...တက်ကြစမ်း၊ ဖက်ဆစ်ကောင်တွေရဲ့ အလောင်းကို ဆင်သချောင်းမှာ မျှောပစ်မယ်ဟေ့ ...တက်ကြ"

'ဖှိုင်း ..ဟေး ..ဟူး ..ဒိုင်း ..ဒိုင်း ..ဒိုင်း'

ထန်းလုံက တံတားပေါ်သို့ ခန္ဓာကိုယ်ကြီးကို လှိမ့်တင်လိုက်ရင်း သေနတ်မောင်းကို အတွဲလိုက် ဆွဲဖြုတ်လိုက်သည်။

"သေကြစမ်း နယ်ချဲ့ကောင်တွေ"

'ဒက် ..ဒက် ..ဒက် ..ဒိုင်း'

သေနတ်ကို ခါးတွင်ကပ်၍ ခန္ဓာကိုယ်ကို ကိုင်းကာ ဦးထန်ခိုလျောင်တို့ရှိရာ တံတားတစ်ဖက်ထိပ်ဆီသို့ ပစ်ခတ်ရင်း ဆုတ်ခွာလာသည့် ထန်းလုံမှာ ရန်သူ့ကျည် ထိမှန်ကာ လွင့်စဉ်ကျသွားပါပြီကော ...။

'ဒက် ..ဒက် ..ဒက်'





"အား ...ဝုန်း"

"ဟာ ...ထန်းလုံ ...ထန်းလုံ ...ထန်းလုံ"

ဗိုလ်ကြီးမင်းမောင်မှာ သေနတ်ဒဏ်ရာကြောင့် လွင့်စဉ်လဲကျသွားသည့် ထန်းလုံထံသို့ ဟစ်အော်ရင်း ပြေးတက်သွားသည်မို့ အနီးမှ ကျားဝင်စားမလေးကို အခိုက်အတန့် မေ့လျော့သွားပါ၏။

"ထန်းလုံ ...ထန်းလုံ"

"ဆုတ် ...ဆုတ် ...ဗိုလ်ကြီး၊ ငါ့ဆီကို မလာခဲ့နဲ့၊ မလာခဲ့နဲ့"

ထိုစဉ် ဂျပန်စစ်သားများက ဗိုလ်ကြီးမင်းမောင်ရှိရာသို့ တရစပ် ဖိအားပေး၍ ပစ်ခတ်ကြသည်။ ကျားဝင်စားမလေးကို ကြည့်လိုက်တော့ မားမြှောင်ငယ်တစ်ချောင်းနှင့် ဂျပန်ဖက်ဆစ်များကို တစ်ယောက်ပြီးတစ်ယောက် ရင်ခွဲ၍ သတ်ဖြတ်နေသည်မှာ ကျားရိုင်းတစ်ကောင်နှယ်ပါတည်း ...။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

## ကျားဝိညာဉ်ကလဲ့စား

ဆင်သေချောင်းတံတားပေါ်မှာတော့ သေနတ်သံများ၊ အော်ဟစ်ညည်းညူသံများ၊ ပေါက်ကွဲသံများနှင့် ကမ္ဘာပြိုသကဲ့သို့ ဆူညံပွက်လျက်ရှိပါပြီ။

တစ်ဖက်တံတားထိပ်မှ တပ်ကြပ်ကြီးချစ်ဦးတို့သည် ဂျပန်စစ်ဗိုလ် နကာမူရာဦးစီးသည့် ဂျပန်တပ်စု ဘန်ကာကင်းကို မိမိရရ မစီးနင်းနိုင်ကြသေး။

ဂျပန်စစ်ဗိုလ် နကာမူရာသည် သူ့ အခိုင်အမာ ခြေကုပ်ယူထားသည့် ဘန်ကာများနှင့် ခံကတုတ်များထက်မှ လက်နက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးများနှင့်ပါ ပစ်ခတ်တိုက်ခိုက်နေကြသဖြင့် တပ်ကြပ်ကြီး ချစ်ဦးတို့အဖွဲ့ ရှေ့မတိုးနိုင်ဘဲ ခါးပြတ်လျက်ရှိလေသည်။

'ဒက် ..ဒက် ...ဒက် ..ဒိုင်း'

"အား ...အီး"

အမျိုး ဘာသာ သာသနာအတွက်၊ အမိမြန်မာပြည်အတွက် တော်လှန်ရေးမျိုးချစ်တပ်သားများမှာ တစ်ယောက်ပြီးတစ်ယောက် ဆင်သေချောင်းထဲသို့ လွင့်စဉ်ပြုတ်ကြွေကျနေပါ၏။

ဆင်သေချောင်းရေပြင်သည် သွေးခြင်းခြင်းနီလျက် ရှိပါပြီ။ တံတားအလယ်မှာတော့ ထန်းလုံတစ်ယောက် ဒဏ်ရာများနှင့် လဲနေပါ၏။ သို့သော် ဖွဲ့မာန်က မလျှော့၊ ဒဏ်ရာရထားသည့် ဝမ်းဗိုက်ကို အင်္ကျီစနှင့် ဆုတ်ဖြဲစည်းနှောင်လိုက်သည်။ ပြီးလျှင် နောက်ဆုံးကျည်ကပ်ကို ဖြုတ်တပ်လဲလှယ်လိုက်ပါ၏။

ထန်းလုံ၏ လှုပ်ရှားမှုအားလုံးကို ဗိုလ်ကြီးမင်းမောင် မြင်တွေ့နေရသည်။

"အင်း ...ထန်းလုံ တစ်ခုခုလုပ်တော့မယ် ထင်တယ် လေးစားဂုဏ်ယူပါတယ် ထန်းလုံ၊ ဖက်ဆစ်ဂျပန်တွေ ဟော်ဒီ တံတားကြီးပေါ်ကနေ တစ်ယောက်မှ ဖြတ်သန်းမသွားစေ





ဘူးဆိုတာ ငါ ကတိပေးပါတယ် ထန်းလုံ"

သွေးအိုင်ထဲမှ ဒဏ်ရာများနှင့် ထန်းလုံကတော့ ဗိုလ်ကြီးမင်းမောင်၏ ဂုဏ်ပြုစကားကို ကြားရသည်လား၊ မကြားရလေသည်လား မသိ ...။ ကျားကုတ်ကျားခဲနှင့် နောက်ဆုံးကျည်ကပ်ကို တပ်ဆင်ပြီးသည်နှင့် မာန်တင်း ကုန်းရုန်း၍ထကာ သူတို့ထံ ပြေးဝင်လာကြသည့် ရန်သူဂျပန်များကို ဆက်တိုက်ပစ်ခတ်လိုက်ပါ၏။

"သေကြစမ်း ဖက်ဆစ်ကောင်တွေ"

'ဒက် ..ဒက် ..ဒက် ..ဒက် ..ဒိုင်း ..ဒိုင်း'

ပြေးတက်လာကြသော ဂျပန်စစ်သားအချို့ လွင့်စဉ်လဲကျသွားကြသကဲ့သို့ ကျည်တစ်ကပ်လုံး ကုန်သွားပြီဖြစ်သည့် ထန်းလုံမှာလည်း ဒဏ်ရာဗရပွနှင့် လွင့်စဉ်ပြိုလဲသွားပါတော့သည်။

'ဒက် ..ဒက် ..ဒက်'

"အ ...အား ..."

"ဟာ ...ထန်းလုံ ...ထန်းလုံ ...အ ...အင့်"

ထန်းလုံ၏အဖြစ်ဆိုးကြောင့် ဗိုလ်ကြီးမင်းမောင် မှာ



www.burmeseclassic.com

www.burmeseclassic.com



ကြည်းစွာဟာစ်အော်ရင်း သတိလက်လွတ် ပြေးထွက်လိုက်သည်နှင့် သူ၏ပေါင်ရင်းတွင် မီးကျည်ခဲတစ်စ အထိုးခံလိုက်ရသည့်နှယ် ကျည်သင့်သွားခဲ့ရပါ၏။

ဗိုလ်ကြီးမင်းမောင်မှာ ကျည်သင့်သည့်အရှိန်နှင့် တံတားပေါ်မှ လွင့်စဉ်ပြုတ်ကျလာကာ ကမ်းပါးစောင်းတစ်ဖက်သို့ ခွေခနဲ ကျသွားပါ၏။ ထိုအခိုက် သူ့နံဘေးသို့ ဦးထန်ခိုလျောင် ပြေးဝင်လာပြီး ...

"ဗိုလ်ကြီး ... ဗိုလ်ကြီး ... ဘယ်နေရာကို ထိသွားတာလဲ"

ဟု အမောတကောနှင့် မေးလိုက်သည်။

"ရတယ် ... ကျွန်တော် ဘာမှမဖြစ်ဘူး ဦးကြီး၊ နည်းနည်းပါးပါးပါ ... ဟို ... ဟို ... ထန်း ... ထန်းလုံတော့ ကျ ... ကျသွားပြီ ထင်တယ်"

ဗိုလ်ကြီးမင်းမောင်က သူ့ပေါင်မှ ဒဏ်ရာကို ဘောင်းဘီရှည်တစ်ပိုင်းဆွဲဖြဲ၍ စည်းနှောင်ရင်း ထန်းလုံကိစ္စကို တုန်ယင်စွာ ပြောလိုက်သည်။ တံတားတစ်ဖက်ထိပ်မှာတော့ ဂျပန်စစ်ဗိုလ်နကာမူရာတို့နှင့် မျိုးချစ်တော်လှန်ရေးသမားများက ပစ်ခတ်





တိုက်ခိုက်နေကြဆဲပါ။ ဦးထန်ခိုလျောင်က ရှိဝေသော မျက်လုံးအစုံနှင့် တိုက်ပွဲဆီသို့ မျှော်ကြည့်ရင်း ...

"အသက်ချင်း လဲကြရတဲ့ တိုက်ပွဲပဲ ဗိုလ်ကြီးရယ် ... ဒါလောက်တော့ ရင်းနှီးပေးဆပ်ရမှာပေါ့ ... ဟော ... ဟော ... နားထောင်စမ်း ဗိုလ်ကြီး ... ကားသံ ... ကားသံတွေ၊ ဟုတ်တယ် ... ဂျပန်တပ်မကြီး လာနေပြီ ဗိုလ်ကြီး"

ဦးထန်ခိုလျောင်ပြောသကဲ့သို့ သေနတ်သံများကြားမှ စစ်ကားကြီးများ၏အသံများကို သဲ့သဲ့မျှ ကြားနေရပါသည်။

"တံတားကြီးကိုဖောက်ခွဲဖို့ အားလုံးတပ်ဆင်နိုင်ခဲ့တယ် မဟုတ်လား ဗိုလ်ကြီး"

"စိတ်ချပါ ဦးကြီး ... မကြာခင် ဒီဂျပန်စစ်ကားတွေ အားလုံး ဆင်သေချောင်းမှာ ရေမြှုပ်သင်္ဂြိုဟ်ပေးလိုက်ပါ့မယ် ဦးကြီး၊ ဟော ... ဟော ... ဟို ... ဟိုမှာ ... ကျား ... ကျားဝင်စားမလေး"

ဦးထန်ခိုလျောင်အား သူ လှည့်၍ စကားကတိပေးလိုက်စဉ်မှာပင် တံတားကြီးပေါ်တွင် ဓားမြှောင်တစ်လက်နှင့် နီသူဂျပန်များကို အငြိုးကြီးကြီးနှင့် သတ်ဖြတ်နေသည့် ကျား



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားမလေးကို မြင်တွေ့လိုက်ရသဖြင့် ရင်ထဲတွင် နင့်နင့်နဲနဲခံစားသွားရသည်။

ထိုစဉ် ကျားဝင်စားမလေး၏ နောက်ဘက်မှ ကိုးတောင်ကျားကြီးတစ်ကောင်က ဝေါင်းခနဲမာန်ဖီအော်ဟစ်ရင်း တိုက်ပွဲအတွင်းသို့ ခုန်ဝင်လာခဲ့ပြန်ပါပြီကော။

'ဝေါင်း ..ဂရား ..ဝေါင်း'

"အ ...အား ...ကျား ...ကျားကြီး ...ပစ် ...ပစ်"

'ဒိုင်း ..ဒိုင်း ..ဒိုင်း ..ဒက် ..ဒက် ..ဒက်'

တံတားကြီးပေါ်မှာတော့ ကျားဟိန်းသံ၊ သေနတ်သံ၊ အော်ဟစ်သံများနှင့် ဆူညံလျက်ရှိပါပြီ။

ဗိုလ်ကြီးမင်းမောင်နှင့် ဦးထန်နိုလျောင်တို့ တော်လှန်ရေးသမားများက တံတားတစ်ဖက်ထိပ်မှ ဂျပန်စစ်သားများကို သဲသဲမဲမဲနှင့် အားသွန်တိုက်ခိုက်နေကြသည်။

'ဒိုင်း ..ဒိုင်း ..ဒက် ..ဒက် ..ဝုန်း ..ဝုန်း'

တစ်ချိန်တည်းမှာပင် ဂျပန်တပ်ရင်း (၇) မှ ဗိုလ်မှူးကြီးဆာတိုးယာမ ဦးစီးသည့် ဂျပန်စစ်ကားတန်းရှည်ကြီးက ဆင်သေ





ချောင်းတံတားကြီးဆီသို့ ဦးတည်လာနေကြသည်ကို အရုဏ်ဦးနေခြည်တွင် တွေ့မြင်လိုက်ကြရပါသည်ကော ...။

ဂျပန်စစ်ထရပ်ကားကြီးများမှာ ဆင်သေချောင်းတံတားထိပ်သို့ ကားစက်သံတဝေါဝေါနှင့် ဖြတ်သန်းမောင်းနှင်ရန် နီးကပ်စွာ ရောက်ရှိနေပါပြီ။

ထိုအချိန်ထိတိုင် တံတားပေါ်မှ တိုက်ပွဲက မပြီးပြတ်သေးပါ။

ဂျပန်စစ်ဗိုလ် နကာမူရာက ကျည်ကုန်သွားသည့်သေနတ်နှင့် ကျားဝင်စားမလေးကို ပစ်ပေါက်လိုက်ပြီး သူ၏ခါးမှဂျပန်ဓားရှည်ကြီးကို ရွှမ်းခနဲ ဆွဲထုတ်ယူလိုက်သည်။

"ဟိုင်း ...သေစမ်း တိရစ္ဆာန်ကောင်မ"

နကာမူရာက ဓားရှည်ကြီးနှင့် ကျားဝင်စားမလေးကို အပိုင်ခုတ်လိုက်၏။

'ဟမ်း ..ဝေါင်း ..ဂူး'

မြန်လိုက်သည့် ကျားဝင်စားမလေးပင်။ လွှဲရမ်း၍ ခုတ်လိုက်သည့် နကာမူရာ၏ ဓားချက်အောက်မှ ငုံ့ရှောင်လိုက်ပြီး ဘွဲ့ဝင်လာသည့် နကာမူရာ၏ ရင်အုံကြီးကို ဓားမြှောင်နှင့် ထိုးခွဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပုံက သွေးဆာနေသည့် မကောင်းဆိုးဝါးတစ်ကောင်နှယ်။

“ဟာ ... အ ... အီး”

နကာမူရာ ကမန်းကတမ်း ဆုတ်လိုက်သည့်တိုင် ဓားချက်က ရင်အုံကို ရှပ်၍ခွဲသွားသဖြင့် အင်္ကျီပြဲစုတ်သွားကာ ရင်ဘတ်တွင် သွေးနီကြောင်းကြီး ဖြစ်သွားသည်။

စစ်ဦးကျွဲဝင်နေသည့် ကျားဝင်စားမလေးကို ကြည့်ကာ မီးကျည်သေနတ်ကို ပစ်ဖောက်အချက်ပေးရမည့် ဗိုလ်ကြီး မင်းမောင် ငေးငိုင်တွေဝေနေမိသည်။

ကျားဝင်စားမလေးအတွက် ရင်အစုံသည် စိုးရိမ်ပူပန် စိတ်များဖြင့် ဗလောင်ဆူလှုပ်ရှားလျက် ...။

ဤအချိန်တွင် ဦးထန်နိုလျောင်၏ ဟစ်အော်သတိပေး သံကြီးကို သူ့နောက်ဘက်မှ ကြားလိုက်ရ၏။

“ဟာ ... ဗိုလ်ကြီး ... ဗိုလ်ကြီး ... ဂျပန်စစ်ကားတွေ တံတားပေါ်ကို ရောက်နေကြပြီ၊ မိုင်းခွဲဖို့ အချက်ပေးလိုက်တော့လေ”

ဟုတ်ပါသည်။

များပြားလှသော ဂျပန်စစ်ကားကြီးများက တံတား





ပေါ်သို့ တစ်စီးပြီးတစ်စီး စက်သံဆူညံစွာဖြင့် ဖြတ်သန်းမောင်းနှင်လာနေကြပါချေပြီကော။

အနီရောင်သွေးကြွေးကို တစ်ဝကြီးပေးဆပ်နေသော ကျားဝင်စားမလေး၊ နှလုံးသားခံစားချက်နှင့် စစ်ရေးတာဝန် ...။

ဗိုလ်ကြီးမင်းမောင်၏ လက်အစုံသည် တုန်ယင်လှုပ်ခတ်လျက်၊ အချက်ပေးမီးကျည်သေနတ်ကို ပင့်မြှောက်နေသည်မှာပင် လွန်စွာမှ ဇောလံခက်ခဲနေသလို ...။

“ငါ ... ကို ... ခွင့် ... ခွင့်လွှတ် ... နား ... နားလည်ပေးပါ အရိုင်းမလေးရယ်”

ဗိုလ်ကြီးမင်းမောင် ကျားဝင်စားအရိုင်းမလေးကို တိုးတိတ်စွာ ပန်ကြားလိုက်ပြီးသည်နှင့် အနီရောင်မီးကျည်သေနတ်ကို မိုးပေါ်ထောင်၍ ပစ်ဖောက်အချက်ပေးလိုက်ပါတော့သည်။

‘ဒိန်း ...’

သည်အနီရောင်မီးကျည်ကို တစ်ဖက်ကမ်းပါးထိပ်မှ တာဝန်ကျ ဖောက်ခွဲရေးသမားအုပ်စု မြင်တွေ့သွားကြမည်နှင့် လျှင် ...။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် တံတားပေါ်ဝယ် ခွေခေါက်၍ လဲကျသွားသည့် ကျားဝင်စားမလေးအား နကာမူရာက ဓားကြီးကို စုံကိုင်လျက် အပေါ်မှ စီးမိုး၍ ပိုင်းခုတ်ချလိုက်စဉ် ...။

"ဟိုင်း ...သေပေတော့ တိရစ္ဆာန်မလေး"

'ဟမ်း ..ဝေါင်း ..ဂရား'

အဖြစ်အပျက်အားလုံးက တစ်ချိန်တည်း၊ တစ်ပြိုင်တည်းလိုလို ထပ်တူထပ်မျှကျသွားသည်မှာ ကံကြမ္မာ၏ ဆန်းကြယ်မှုလေလား၊ ထူးဆန်းသော တိုက်ဆိုင်မှုများလား၊ သံသရာအစဉ်အဆက် တင်ကျန်ခဲ့သည့် ဝဋ်ကြွေးများလေလား ဆိုသည်ကိုတော့ ...။

ကြောက်မက်ဖွယ် ကျားဟိန်းသံကြီးနှင့်အတူ ကျားကြီးတစ်ကောင်က နကာမူရာ၏နောက်မှ အပိုင်ခုန်အုပ်ကိုက်ချီလိုက်သည့်အချိန် ...၊

ဂျပန်စစ်ဗိုလ် နကာမူရာ၏ ဓားကြီးက ကျားဝင်စားမလေး၏ ရင်ညွန့်တည့်တည့်သို့ စူးစိုက်နစ်မြုပ်သွားသလို ...၊

နောက်ဆုံးအကြိမ် မာန်ဖီဟိန်းဟောက်၍ ပစ်လွှတ်လိုက်သည့် ကျားဝင်စားမလေး၏ ဓားမြှောင်တိုလေးက နကာ





မူရာ၏ လည်ပင်းကို နက်ရှိုင်းစွာ စူးဝင်သွားသည်နှင့် ...။

'ဝေါင်း ..ဝေါင်း ..ဂရား ..'

"ဟမ်း ...ဒုတ် ...အား"

"ဟာ ...ကျား ...ကျား ...ကျားဝင်စားမလေး"

ထိုအဖြစ်အပျက်ကို မြင်တွေ့လိုက်ရသည့် ဗိုလ်ကြီးမင်းမောင်၏ ယူကျုံးမရ အော်ဟစ်လိုက်သံကြီးကို တစ်တောလုံး၊ တစ်တောင်လုံး သိမ့်သိမ့်ခါ တုန်ခါသွားသည့် တော်လည်းသံကြီးများ၊ ပေါက်ကွဲသံကြီးများက တဝုန်းဝုန်းနှင့် ဆင့်ကာ ဆင့်ကာ ဖုံးလွှမ်းသွားပါတော့သည်။

'ဝုန်း ..ဂျုန်း ..ဝုန်း ..အုံး'

အရှေ့ဦး၏ နေခြည်အလင်းတန်းအောက်တွင် ကောင်းကင်ထက်သို့ လွင့်စဉ်မြောက်တက်သွားသည့် ဆင်သေချောင်းတံတားကြီး၏ အပျက်အစီး အပိုင်းအစများ ...သို့မဟုတ် မျိုးချစ်တော်လှန်ရေးသမားများ၏ အနီရောင်သွေးတို့ဖြင့် သမိုင်းတွင် ကမ္ပည်းထိုးခဲ့သည့် အောင်ပွဲ ...။

စကြဝဠာကြီးတစ်ခွင်လုံး ပွဲတင်ထပ်မျှ ထွက်ပေါ်လာသည့် မျိုးချစ်တော်လှန်ရေးသမားများ၏ တိုက်ပွဲခေါ်သံနှင့်



www.burmeseclassic.com

www.burmeseclassic.com



အနီရောင်စစ်ဆင်ရေးကြီးက အောင်မြင်စွာ အဆုံးသတ်နိုင်ခဲ့ပါပြီ တည်း။

❀ ❀ ❀

# အခန်း (၁၈)

## ကျားဝိညာဉ်ကျိန်စာနိဂုံး

တောင်ညို့တောင်ထိပ်တွင် နွေနှောင်းကာလ ဖြစ်သည့်တိုင် နှင်းငွေ့မှိုးမြူများက ခပ်ပါးပါး လွှမ်းခြုံရစ်သိုင်းနေကြသဖြင့် လွှမ်းမောဖွယ် မှိုင်းမှုန်ရီဝေနေပါ၏။

ညနေခင်းလေပြေရူး၏ ဆော့ကစားမှုကြောင့် နွေသစ်ရွက်တစ်ရွက် လွင့်စဉ်ပြုတ်ကျလာသည်။ သူ့ရှေ့တွင် လွင့်စဉ်ကျလာသည့် နွေသစ်ရွက်လေးကို ကောက်ယူလိုက်ရင်း ပေးဆပ်ခြင်းများစွာဖြင့် လောကကြီးအတွင်းမှ စွန့်ခွာသွားရသည့် ကျားဝင်စားမလေးကို သတိရနေမိပါ၏။

---

ခု နစ် စဉ် ကြယ် တာ ဖေ

www.burmeseclassic.com

www.burmeseclassic.com



ယခုပင် ကံဆိုးမ ကျားဝင်စားမလေး သို့မဟုတ် မျိုးချစ်သူရဲကောင်းမလေး၏ သင်္ချိုင်းမြေပုံကို ဗိုလ်ကြီးမင်းမောင်နှင့် ဦးထန်နိုလျှောင်တို့ကိုယ်တိုင် တည်ဆောက်ပေးနေကြသည် မဟုတ်ပါလား။

လူသားစင်စစ်ဖြစ်ပါလျက် လူ့အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းမှ ဖယ်ကြဉ်ခြင်းခံစားရသော၊ လူသားစိတ်တစ်ဝက်၊ ကျားဝိညာဉ်တစ်ခြမ်း ရောယှက်ပူးဝင်နေသော၊ အနီရောင်ကျိန်စာဆိုးကြီး အောက်တွင် မသိစိတ်တစ်ခြမ်း၊ သိစိတ်တစ်ဝက်ဖြင့် အဟိတ်တိရစ္ဆာန် ကျားရိုင်းတစ်ကောင်နှင့်သာ အဖော်ပြုနေရရှာသော ကျားဝင်စားမလေးအဖြစ်က အမှန်တကယ်ပင် ရင်နင့်ကြေကွဲဖွယ်ရာပါတည်း။

ဦးထန်နိုလျှောင်တို့အဖွဲ့က ကျားဝင်စားမလေး၏ သက်တော်စောင့် ကိုယ်ရံတော် ကျားကြီးပေါက်ကျော်၏အလောင်းကို သယ်ဆောင်ခဲ့ကြပြီး ကျားဝင်စားမလေး၏ သင်္ချိုင်းမြေပုံအနီးတွင် ယှဉ်တွဲ၍ မြှုပ်နှံပေးလိုက်ကြသည်။

ဆင်သေချောင်းတံတားတိုက်ပွဲတွင် အသက်သွေးတို့ဖြင့် စတေးသွားကြရရှာသည့် ရဲဘော်များနှင့် မျိုးချစ်တော်လှန်





ရေးသမားများကိုလည်း တောင်ညိုတောင်ကုန်းထိပ် ကြီးမားလှသော သစ်ပင်ကြီးတစ်ပင်အောက်တွင် ကောင်းမွန်စွာ စီတန်း၍ မြှုပ်နှံလိုက်ကြပါ၏။

မြင့်မားညို့မှိုင်းလျက်ရှိသော တောင်စဉ်တောင်တန်းများထိပ်တွင် တိမ်တောင်တိမ်လိပ်များက ညိုမှောင်သောအဆင်းဖြင့် လေနှင်ရာသို့ တအိအိ ရွေ့လျားနေကြသည်။ ညို့မှိုင်းသော မြူနှိုးများ တဝေဝေနှင့် လေပြည်တသုန်သုန် တိုက်ခတ်လျက်ရှိသော တောင်ညိုတောင်ကုန်းထိပ်မှ သစ်ပင်ကြီးငယ်များနှင့် ဝါးပင်ကြီးများ၏ အရွက်အခက်ချိုင်း ပွတ်တိုက်လှုပ်ခတ်သံလေးများက ကြေကွဲဖွယ် ရှိုက်ငင်ငိုကြွေးနေကြသည်သို့ . . .။

တိုင်းပြည်လွတ်လပ်ရေးအတွက် အသက်ပေးကာ စွန့်လွှတ် ထမ်းဆောင်သွားကြပြီးနောက် အဆုံးစွန်သော လဲလျောင်းအိပ်စက်ခြင်းဖြင့် အနားယူသွားကြရှာသည့် မျိုးချစ်သူရဲကောင်းများ၏ စုံစုံမှိုမှို မြေပုံများထက်ဝယ် သစ်ရွက်ခြောက်ဝါဝါရွှေရွှေတို့က လေအဝှေ့တွင် တဝှေ့ဝှေ့ဖြင့် တစ်ရွက်ချင်း လွင့်ကြွေကျနေသည်မှာ လွမ်းသူ့ပန်းခွေများအဖြစ် ခြွေချပေးနေသည်သို့ . . .။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အုံ့မှိုင်းရီဝေနေသော မိုးသားမိုးမြူတို့က မိုးဖွဲ ကလေးများအဖြစ် ခပ်ကျဲကျဲ ရွာချလာကြသည်။

ကျားဝင်စားမလေး၏ မြေပုံအနီးတွင် ကျောက်ဆစ် ရုပ်ကြီးတစ်ရုပ်သဖွယ် မလှုပ်မယှက်နှင့် ချိုင်းထောက်ကို ထောက်မှီကာ ရပ်နေရှာသည့် ဗိုလ်ကြီးမင်းမောင်အနီးသို့ ဦးထန်နိုလျှောင် ရောက်လာပါ၏။

"ဗိုလ်ကြီး . . . ကိစ္စတွေအားလုံး ပြီးသွားပြီလေ၊ မိုးဖွဲ ကလေးတွေတောင် ကျလာကြပြီ၊ တောင်ပေါ်မိုးက အစိုးရတာ မဟုတ်ဘူး ဗိုလ်ကြီးရဲ့ . . . ပြန်ကြရအောင်နော်"

တွေဝေနေရှာသည့် ဗိုလ်ကြီးမင်းမောင်၏ လက်မောင်း ကို ဖွဖွညင်ညင်ဆုပ်ကိုင်လျက် ဖေးမခေါ်ငင်လိုက်သည်။

ဗိုလ်ကြီးမင်းမောင်တစ်ယောက် ကျားဝင်စားမလေးနှင့် ပတ်သက်၍ နာကျင်ကြေကွဲစွာ ခံစားနေရမှန်း ဦးထန်နိုလျှောင် ရိပ်စားမိပါသည်။

ဦးထန်နိုလျှောင်ကိုယ်တိုင်ပင် သူ့မျက်စိအောက်တွင် ကြီးပြင်းလာသည့် ကျားဝင်စားမလေးအတွက် ရင်နင့်ကြေကွဲနေမိ သည် မဟုတ်ပါလား။

---

ခ နစ် စဉ် ကြယ် စာ ပေ



ငယ်စဉ်ကလေးဘဝကတည်းကပင် စကားကို ဂူးဂူး ဝါးဝါးနှင့်သာ ပြောဆိုတတ်သော၊ ဆင်သေကုန်းရွာသားများ၏ အစွန့်ပယ်ခံ၊ နယ်နှင်ဒဏ်များကို ခါးသီးစွာခံစားရင်း ဤဆင်သေ ကုန်းရွာသားများနှင့် အမိမြန်မာပြည်ကြီးအတွက် ရဲဝံ့စွန့်စားရင်း အသက်စွန့်သွားရှာသည့် ကျားဝင်စားမလေးကို သူ၏တစ်သက် တွင် မေ့နိုင်မည်မထင်တော့ . . .။

"သွား . . . သွားကြပါစို့ ဗိုလ်ကြီးရယ်"

နွေနှောင်းရက်ကျွန် မိုးဖွဲလေးများက ခပ်ကျဲကျဲလေး ရွာချနေရာမှ အတန်ငယ် သည်းလာသည်မို့ မိုးစက်မိုးပေါက်များ အောက်တွင် ချိုင်းထောက်ကြီးတစ်ဖက်ယောက်၍ အသိမဲ့စွာ ရပ်နေဆဲဖြစ်သည့် ဗိုလ်ကြီးမင်းမောင်မှာ ဦးထန်နိုလျှောင်၏ ခေါ်သံကြောင့် အိပ်မက်မှ လန့်နိုးလာသူတစ်ယောက်နှယ် လှုပ် လှုပ်ရှားရှား ဖြစ်လာပါ၏။

မိုးစက်မိုးပေါက်လေးများအောက်တွင် ငြိမ်သက်တိတ် ဆိတ်စွာ လဲလျောင်းနေသည့် ကျားဝင်စားမလေး၏ သင်္ချိုင်းမြေပုံ မို့မို့လေးကို ကြေကွဲစွာကြည့်ရင်း ဗိုလ်ကြီးမင်းမောင် တိုးတိုးလေး ဆုတောင်းနေမိပါတော့သည်။

---

ခ နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"အော် ... လူသားစစ်စစ်တစ်ယောက်ဖြစ်ပါလျက်နဲ့ ကျားဝိညာဉ်စိတ်တစ်ခြမ်း ပူးဝင်ယှက်နွယ်နေတဲ့ ကျားဝင်စား အရိုင်းမလေးရယ်၊ ဒီလိုအဖြစ်ဆိုးလှတဲ့ ဝိပါက်ကြမ္မာမျိုးတွေ နောင်လာမယ့်တမလွန်ဘဝဆက်တိုင်း မတွေ့ကြုံပါစေနဲ့တော့လို့ ငါ ... ဆုတောင်းလိုက်ပါတယ်ကွယ် ..."

တောင်ညိုတောင်ကြောပေါ်မှာတော့ နွေနှောင်းရက်ကျန် မိုးဖွဲလေးများက တဖွဲဖွဲနှင့် ရွာသွန်းနေဆဲပါတည်း ...။

ယောနိသောမနသိကာရ

သက်မင်းဂျူလိုင်

JUN 3, 2008



www.burmeseclassic.com